မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂၉ ရက်၊ တနင်္လာနေ့ အတွဲ (၅၉)၊ အမှတ် (၂၇၀)

(၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်

COVID-19 တုံ့ပြန်ရေးဆိုင်ရာ အာဆီယံရန်ပုံငွေတစ်ရပ် ထူထောင်ကြောင်း ထုတ်ပြန်ကြေညာ

ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရာတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးရန် အာဆီယံခေါင်းဆောင်များက ထပ်လောင်းကတိပြု

၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်နိုင်ငံက (၃၆)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဧပြီလအတွင်း ဒါနန်းမြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် မူလက စီစဉ်ဆောင်ရွက်ခဲ့သော်လည်း ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားနေသည့် COVID-19 ကူးစက်ရောဂါကြောင့် "(၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး" ကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် video conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။ အာဆီယံအနေဖြင့် ထိပ်သီးအစည်းအဝေးကို တစ်နှစ်လျှင် (၂)ကြိမ် ကျင်းပလျက်ရှိရာ ပုံမှန်ကျင်းပသည့် ထိပ်သီးအစည်းအဝေးတစ်ခုကို video conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည်မှာ အာဆီယံ၏ နှစ် (၅၀)ကျော် သက်တမ်းကာလအတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ကူညီသည့် ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှု ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီဆောင်ရွက်ပေးမည့် ကျွမ်းကျင်ဝန်ထမ်းများ တင်ဆောင်လာသော အထူးလေယာဉ်ရောက်ရှိ

ရန်ကုန် ဇွန် ၂၈

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထောက်ပံ့ကူညီသည့် ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှု ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီဆောင်ရွက်ပေးမည့် ကျွမ်းကျင်ဝန်ထမ်းများ တင်ဆောင်လာသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်သည် ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ (ဝဲပုံ)

ယနေ့ခရီးစဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ ဒုတိယဥက္ကဋ္ဌနေကိုယ်စားလှယ်

စာမျက်နှာ ၃ ကော်လံ ၄ ❒

COVID – 19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

စာမျက်နှာ – ၃

C B BANK
Best Digital Bank 2020
By ASIAMONEY
ဘဏ်သို့ သွားစရာမလိုဘဲ
CB MPU-JCB Card ရှိရုံဖြင့်
CB Pay ကို Register လုပ်နိုင်ပါပြီ။
www.cbbank.com.mm
Contact Center: (95-1) 2317770
Scan Here

အရေးပါသည့် ရက်ပေါင်း ၁၀၀၀

မြန်မာနိုင်ငံတွင် ကလေး ၂၉ ဒသမ ၃ ရာခိုင်နှုန်းမှာ ကာလတာရှည် အာဟာရချို့တဲ့မှုကြောင့် ပုညှက်နေကြကြောင်း စစ်တမ်းတစ်ခုက ဆိုသည်။ အာဟာရချို့တဲ့မှုဟုဆိုရာတွင် မိခင်ဖြစ်သူကိုယ်ဝန်ဆောင်ချိန်မှစ၍ ကလေးမွေးဖွားပြီးနောက်ပိုင်း ကလေးနှစ်နှစ်သားအရွယ်အထိ တစ်နည်းအားဖြင့် ရက် ၁၀၀၀ ကာလအတွင်း အာဟာရလုံလောက်စွာ မရရှိခြင်းကြောင့် ဖြစ်သည်။ အာဟာရလုံလောက်စွာ မရရှိခြင်းမှာလည်း ဆင်းရဲနွမ်းပါးမှုကြောင့် အစာအာဟာရကို ပြည့်ဝစွာ မစားနိုင်ခြင်း၊ ကျန်းမာရေးအသိပညာအားနည်းမှုကြောင့် အာဟာရပြည့်ဝအောင် မစားသောက်တတ်ခြင်း၊ လွဲမှားသောအယူအဆများကြောင့် အစာရှောင်ကြရာမှ အာဟာရချို့တဲ့ပြီး ရေရှည်တွင်သက်တူရွယ်တူလိင်တူကလေးများနှင့် နှိုင်းယှဉ်ပါက ရှိသင့်သည့်အရွယ်မရှိဘဲ သေးငယ်ပုညှက်လာရခြင်းဖြစ်သည်။

အာဟာရချို့တဲ့မှုကြောင့် မြန်မာကလေးငယ် ၁ ဒသမ ၆ သန်းမှာ ပုညှက်လျက်ရှိကြရာ မြို့ပြဒေသများမှာထက် ကျေးလက်ဒေသများတွင် ပိုမိုများပြားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်များဖြစ်ကြသည့် ချင်းပြည်နယ်တွင် ၅၈ ရာခိုင်နှုန်းနှင့် ရခိုင်ပြည်နယ်တွင် ၅၀ ရာခိုင်နှုန်းအထိ ပုညှက်မှုရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ကြောင်းလည်း သိရသည်။ ကလေးများ အာဟာရပြည့်ဝစွာမရရှိပါက ခန္ဓာကိုယ်ပိန်လှီပုညှက်ရုံသာမက ဉာဏ်ရည်ဖွံ့ဖြိုးမှုကိုလည်း ထိခိုက်လာစေမည်ဖြစ်သည်။ ကာယဉာဏဖွံ့ဖြိုးမှု နှစ်ခုစလုံး လျော့နည်းနိမ့်ကျနေမည်ဆိုပါက ကျန်းမာရေးချူချာခြင်း၊ ကူးစက်ရောဂါများကို ခုခံနိုင်စွမ်းမရှိခြင်း၊ ကျောင်းနေအရွယ်တွင်လည်း ကျောင်းစာများကို မလိုက်နိုင်ခြင်း၊ မှတ်ဉာဏ်အားနည်းချက်ကြောင့် ကျောင်းပညာကိုပြီးဆုံးသည်အထိ ဆက်လက်မသင်ကြားနိုင်ခြင်းတို့ကဲ့သို့သော အဖြစ်များကို ကလေးဘဝတွင် ရင်ဆိုင်ကြုံတွေ့ကြရပြီး ကြီးပြင်းလာသည့်အချိန်တွင် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသည့် အခြေအနေသို့ ရောက်ရှိသွားနိုင်သည်။

သို့ဖြစ်ရာ အာဟာရပြည့်ဝစွာ စားသောက်တတ်ရန် ပညာပေးမှုလုပ်ငန်းများကို မြို့ပြများတွင်သာမက ကျေးလက်တောရွာများအားလုံးအထိ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ဆောင်ရွက်ပေးရန် လိုအပ်သည်။ အထူးသဖြင့် ဒေသအလိုက်အလွယ်တကူရရှိစားသုံးနေကြသည့် အစားအစာအရင်းအမြစ်များအား မည်ကဲ့သို့ အာဟာရပြည့်ဝအောင် စားကြရမည်ကို သင်ကြားပညာပေးခြင်းအားဖြင့် လက်တွေ့လိုက်ပါကျင့်သုံးလာကြမည်ဖြစ်သည်။ ကလေးအာဟာရအတွက် ရက်ပေါင်း ၁၀၀၀ ၏ အစဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝအောင် နေ့ထိုင်စားသောက်တတ်ရေး၊ မွေးစမှ ခြောက်လအရွယ်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရေးနှင့် ခြောက်လအရွယ်မှစ၍ မိခင်နို့အပြင် ဖြည့်စွက်စာကိုပါ ကျွေးရန် လိုအပ်လာသည်။

ဖြည့်စွက်စာတွင် အာဟာရမျှတစေရန်အတွက် အစာအုပ်စုသုံးစုဖြစ်သော (၁)အင်အားဖြစ်စေသော အစာ၊ (၂) ခန္ဓာကိုယ်ကြီးထွားစေသော အစာ၊ (၃) ရောဂါကာကွယ်စေသော အစာတို့နေ့စဉ်စားသုံးသည့်အကြိမ်တိုင်း၌ ပါဝင်အောင် စီမံကျွေးမွေးရန်လိုသည်။ ဥပမာ-ဆန်၊ ဂျုံ၊ ပြောင်း၊ အာလူး၊ ပိန်းဥ၊ ကန်စွန်းဥ၊ ပျားရည်၊ သကြားကဲ့သို့သော ကစီဓာတ်နှင့်သီးနှံဆီ၊ တိရစ္ဆာန်ဆီတို့က အင်အားဖြစ်စေပြီး အသား၊ ငါး၊ ပဲ အမျိုးမျိုး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသည်တို့က ခန္ဓာကိုယ်ကြီးထွားစေသည်။ ဗီတာမင်ဓာတ်နှင့် သတ္တုဓာတ်ကြွယ်ဝသည့်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ အရည်ရွှမ်းသည့်အစားအစာများက ရောဂါကိုကာကွယ်ပေးသည်။ အသက်တစ်နှစ်ပြည့်သည့် အခါတွင်မူ ကလေးမှာ မိသားစုထမင်းဝိုင်းတွင် ပါဝင်စားသောက်နိုင်ပြီဖြစ်ရာ သီးသန့်ပြုစုရန် လိုအပ်တော့မည် မဟုတ်သည့်အတွက် ရက် ၁၀၀၀ ၏ နောက်ပိုင်းကာလများတွင် သက်သောင့်သက်သာဖြင့် ဆက်လက်ပြုစုပျိုးထောင်သွားနိုင်သည့် အခြေအနေဖြစ်သည်။

အာဟာရချို့တဲ့မှုတွင် စီးပွားရေးကောင်း မကောင်း၊ ပညာတတ်မတတ် စသည်တို့က အဓိကမကျကြောင်း၊ အာဟာရပြည့်ဝအောင် မည်သို့ စားသောက်မည်ဆိုသည့် အာဟာရအသိပညာနှင့် ကျွေးမွေးပြုစုစောင့်ရှောက်မှုတို့ကသာ အဓိကကျကြောင်း အာဟာရပညာရှင်များက အသိပေးထားရာ ကိုယ်ဝန်ဆောင်မိခင်တို့ အာဟာရပြည့်ဝအောင် စားသောက်ရေးနှင့် မိမိတို့ရင်သွေးများကို အာဟာရပြည့်ဝအောင် ပြုစုပျိုးထောင်ရေးတို့ကို ကျေးလက်များအထိ ပညာပေးလှေ့ကျင့်ခြင်းဖြင့် အနာဂတ်တွင် သန်မာထွားကျိုင်းသည့် မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်ပါစေကြောင်း။ ။

ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင် ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာ ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

သီပေါနောက်ကတ်ကျေးရွာ ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် စုပေါင်းလုပ်အားဒါနပြု

သီပေါ ဇွန် ၂၈

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် တိန်းချေ/တိန်းစံကျေးရွာအုပ်စု နောက်ကတ်ကျေးရွာမှ မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီး မန်တဲတိုးဂိတ်အထိ ကျေးရွာကုန်ထုတ်လမ်းကို ယနေ့နံနက်က ကျေးရွာလူကြီးများ၊ ငွေတောင်စာကြည့်တိုက်ကော်မတီများနှင့် ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး စုပေါင်းပါဝင်ပြီး ကွန်ကရစ်လမ်းအဖြစ် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်၍ စုပေါင်းလုပ်အားဒါနပေးလှူလျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

ကျေးရွာကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ရေး လုပ်အားဒါနပြုကြစဉ်။

မင်းဘူး(စကု)မြို့နယ်၌ ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း

မင်းဘူး ဇွန် ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ကိုင်းတောကြီးကျေးရွာအုပ်စု ကိုင်းတောကြီးကျေးရွာတွင် ဇွန်လ ဒုတိယပတ်က တောင်သူများ ပါဝင်သော ရေအသုံးချသူများအဖွဲ့ (WUG) အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရာ မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစီး၍ မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးလှိုင်တို့ တက်ရောက်ကြသည်။ မင်းဘူးမြို့နယ်ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်း ဦးဆောင်ပြီး တောင်မန်းမြောင်းမကြီး ပေတိုင် ၃၂၅၅၀ ရှိ ကျောက်မြောင်းပြွန်၊ ပေတိုင် ၃၅၅၇၀ ရှိ ဘသာဒွန်းပြွန် Wc များ၏ ရေအသုံးချသူများအဖွဲ့ (WUG) အဖွဲ့များ ဖွဲ့စည်းကြောင်း သိရသည်။

ကျောက်မြောင်းပြွန်တွင် အဖွဲ့ဝင် ခုနစ်ဦး၊ မြောင်းခေါင်း နှစ်ဦး၊ ဘသာဒွန်းပြွန်တွင်အဖွဲ့ဝင် ကိုးဦး၊ မြောင်းခေါင်း နှစ်ဦးဖြင့် WUG ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းခြင်း ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆည်မြောင်းဥပဒေနှင့် တားမြစ်ချက်များကို တာဝန်ရှိသူများက ရှင်းလင်း ပြောကြားခဲ့သည်။

ဆည်ရေသောက်စနစ်အလိုက် ထပ်မံတိုးချဲ့ဖွဲ့စည်း ရန် ၁၆ ဖွဲ့၊ ထပ်မံဖွဲ့စည်းပြီး ကိုးဖွဲ့ရှိကာ ကျန်ရှိသည့်အဖွဲ့များကိုလည်း ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ထောင်ဆေးစိမ်ခြင်းလုပ်ငန်းများကို လှိုင်မြို့နယ် စည်ပင်သာယာရေးရုံးမှ ကော်မတီဝင်များ၊ ဝန်ထမ်းများနှင့် အမှတ်(၆) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ လှိုင်မြို့နယ် အမှတ်(၆) ရပ်ကွက်၌ ဇွန် ၂၈ ရက်က ဆောင်ရွက်စဉ်။ ကြည်ဇေသော် (ပြန်/ဆက်)

ရွှေဘိုမြို့နယ်တွင် Cash For Work စီမံကိန်း ကျေးရွာခြောက်ရွာနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကျေးရွာခြောက်ရွာ ဆောင်ရွက်မည်

ရွှေဘို ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ကိုဗစ် - ၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ Cash for work စီမံကိန်းကျေးရွာ ခြောက်ရွာနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကျေးရွာ ခြောက်ရွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုဗစ် - ၁၉ ကုစားရေးဆောင်ရွက်

Cash for work စီမံကိန်းကျေးရွာတစ်ရွာ လျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာခြောက်ရွာ၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းအရ ကျေးရွာတစ်ရွာတွင် ငွေကျပ်သိန်း ၂၀၀ နှုန်းဖြင့် အိမ်ခြေ ၅၀ နှင့် ၁၀၀ ကြားရှိသော ကျေးရွာတစ်ရွာ၊ ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် အိမ်ခြေ ၁၀၀ နှင့်အထက်ရှိသော ကျေးရွာငါးရွာကို ကိုဗစ် - ၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ခမ်းအိအိဖြူထံမှ သိရသည်။

ထွန်းမြင့်အောင် (ရွှေဘို)

ပြည်သူသာလျှင် အဓိက

COVID - 19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့်ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၀-၆-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၁၅-၆-၂၀၂၀ ရက်စွဲပါ ကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေးကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့လာရောက်ကြသည့်ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့်ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများ အားလုံးကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ်အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသောကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ် (သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/အဖွဲ့ရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီ တောင်းခံရန်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက် လိုက်နာကြရမည် ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၈ ရက်

လှိုင်းဘွဲ့ - ကြာအင်း သံကူကွန်ကရစ်တံတားဖွင့်ပွဲ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင် တက်ရောက်ဖွင့်လှစ်

လှိုင်းဘွဲ့ ဇွန် ၂၈

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် လှိုင်းဘွဲ့-ကြာအင်ချောင်းကူး သံကူကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အမှာစကားပြောကြားပြီး Japan Infrastructure Partanership(JIP) မှ တာဝန်ရှိသူ ဦးသန့်ဇင်က တံတားတည်ဆောက်ရေး လုပ်ငန်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ထို့နောက် ကြာအင်းကျောင်းဆရာတော် ဦးသူရိယက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး Japan Infrastructure Partanership (JIP) မှ တာဝန်ရှိသူ ဦးသန့်ဇင်က တံတားတည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ အချက်အလက်မှတ်တမ်းများအား ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းထံ ပေးအပ်သည်။

ဆက်လက်၍ ကြာအင်းကျောင်းဆရာတော် ဦးသူရိယ၊ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးခွန်မျိုးတင့်၊ Japan Infrastructure Partanership(JIP) မှ တာဝန်ရှိသူ ဦးသန့်ဇင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** မော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်ပက်ဖျန်းခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦး၊ ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❒ ရှေ့ဖုံးမှ

Mr. Walid Ibrahim က " ဒီနေ့ကတော့ WFP ရဲ့ အဌမအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ် ဖြစ်ပါတယ်။ WHO က ထောက်ပံ့ကူညီတဲ့ ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းတွေနဲ့အတူ မြန်မာနိုင်ငံမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဖွံ့ဖြိုးရေးအကူအညီပေးမယ့် ဝန်ထမ်းတွေ လိုက်ပါလာပါတယ်။ ရန်ကုန်မြို့နဲ့ နိုင်ငံတကာကို ချိတ်ဆက်ပြီး COVID-19 ကပ်ရောဂါ တုံ့ပြန်ရေးအတွက် အရေးပါတဲ့ ထောက်ပံ့ရေးပစ္စည်းတွေနဲ့ ဝန်ထမ်းတွေကို သယ်ယူပို့ဆောင်ပေးနေတာ တစ်လခွဲကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ COVID-19 ဆိုင်ရာ ထုတ်ပြန်ချက်တွေကို နောက် ၁၅ ရက်အထိ ထပ်မံတိုးမြှင့်ခဲ့တာကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာ စီးပွားဖြစ်လေကြောင်းခရီးစဉ်တွေ ပြန်ပြီးလည်ပတ်နိုင်မယ့်အချိန်အထိ အခုလိုဝန်ဆောင်မှုကို ဆက်ပြီးပေးအပ်သွားဖို့ ဆုံးဖြတ်ထားပါတယ်" ဟု ပြောသည်။

ယနေ့ခရီးစဉ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီမည့် ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့်အတူ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကမ္ဘာ့ဘဏ်၊ ဂျာမနီ GIZ နှင့် ICRC စသည့်အဖွဲ့အစည်းများမှ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင် ဝန်ထမ်း ၁၁ ဦး လိုက်ပါလာကြသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားသည့်အတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့၏ကိုယ်စား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကို အပတ်စဉ် ချိတ်ဆက်ပေးနိုင်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လေကြောင်းပျံသန်းမှုအကူအညီ အစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ယင်းအစီအစဉ်အရ မေ ၁၀၊ ၁၇၊ ၂၄ ရက်တို့တွင် ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ ဆေးဝါးနှင့်အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော ထောက်ပံ့ရေးအထူးလေယာဉ်များ ဆိုက်ရောက်ခဲ့ပြီးဖြစ်သည်။

WFP ၏အဆိုပါ အစီအစဉ်သည် ကမ္ဘာအနှံ့အပြားရှိ သယ်ယူပို့ဆောင်ရေးဗဟိုဌာန (Logistics Hubs) များနှင့် ချိတ်ဆက်ပြီး အရေးပေါ်လိုအပ်ချက်ရှိနေသည့် နိုင်ငံများဆီ ကူညီကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေခြင်းဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ကူညီ လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်း-ဇော်ကြီး
ဓာတ်ပုံ-ဖေဇော်

ညောင်လေးပင်မြို့နယ် သမဝါယမအသင်းစုမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ညောင်လေးပင် ဇွန် ၂၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သမဝါယမအသင်းစုလီမိတက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းခွဲမှ အသင်းပိုင် Daedong 90Hp လေးစီးဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ညောင်လေးပင်မြို့နယ်အတွင်းရှိ မဒေါက်ကျေးရွာ စံပြတောင်သူစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ စိုက်ဧက ၂၃၇၀ ကိုလည်းကောင်း၊ ညောင်ပင်ကြီးကျေးရွာ ကရင်စုသီးသန့်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ စိုက်ဧက ၅၄၁ ဧက ကိုလည်းကောင်း၊ ဆွဲဒလွဲကျေးရွာ ရွှေတိုးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ စိုက်ဧက ၁၃၁၄ ဧက ကိုလည်းကောင်း၊ အင်းကပ္ပလိပ်ကျေးရွာ ဇွဲရွှေဝါစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ စိုက်ဧက ၉၆၀ ကိုလည်းကောင်း၊ စုစုပေါင်း စိုက်ဧက ၅၁၈၅ ဧကကို ထွန်ယက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းအတွက် ၁၈ သွားဖြင့် ထွန်ယက်ပါက တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ ခုနစ်သွားဖြင့် ထွန်ယက်ပါက ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

(၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အာဆီယံဥက္ကဋ္ဌ ဗီယက်နမ်၏ ဆောင်ပုဒ်(Theme)ဖြစ်သော "စည်းလုံးညီညွတ်၍ တုံ့ပြန်နိုင်စွမ်းရှိသော အာဆီယံ" (Cohesive and Responsive ASEAN) ဖြင့် ကျင်းပပြုလုပ်ခြင်း ဖြစ်သည်။ (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်အတူ "ဒစ်ဂျစ်တယ်ခေတ်တွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ အထူးအစည်းအဝေး" ကိုလည်း ဆက်စပ်ကျင်းပခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဆိုပါထိပ်သီးအစည်းအဝေးများသို့ နေပြည်တော်မှ ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

အဓိကဆွေးနွေးချက်များနှင့် ရလဒ်များ

ထိပ်သီးအစည်းအဝေးများတွင် အာဆီယံနိုင်ငံခေါင်းဆောင်များက အာဆီယံအသိုက်အဝန်းထူထောင်ရေး၊ အာဆီယံ၏ ပြင်ပဆက်ဆံရေး၊ ပြောင်းလဲနေသည့် ဒေသတွင်းဗိသုကာပုံစံတွင် အာဆီယံ၏ အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းရေး၊ COVID-19 ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် လူမှု-စီးပွားရေးထိခိုက်နစ်နာမှုများနှင့် နောက်ဆက်တွဲ ပြဿနာများကို ပူးပေါင်းရင်ဆိုင်ဖြေရှင်းရေး၊ COVID-19 အလွန်ကာလတွင် အာဆီယံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွက် ပြည့်စုံသည့်စီမံချက်တစ်ရပ် ရေးဆွဲချမှတ်ရေး၊ ဒစ်ဂျစ်တယ်ခေတ်တွင် အမျိုးသမီးများ၏စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်ကိစ္စရပ်များအပြင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက "COVID-19 တုံ့ပြန်ရေးဆိုင်ရာ အာဆီယံရန်ပုံငွေ" (COVID-19 ASEAN Response Fund)တစ်ရပ် တည်ထောင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါရန်ပုံငွေသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် အာဆီယံ၏ဆွေးနွေးဖက်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများက မိမိဆန္ဒအလျောက် ပါဝင်ထည့်ဝင်ကြရန်ဖြစ်ပြီး၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့က အာဆီယံအတွင်းရေးမှူးချုပ်ရုံးရှိ ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေများမှတစ်ဆင့် COVID-19 တုံ့ပြန်ရေးဆိုင်ရာ အာဆီယံရန်ပုံငွေသို့ ပါဝင်ထည့်ဝင်ကြမည်ဖြစ်သည်။ အာဆီယံအနေဖြင့် အဆိုပါရန်ပုံငွေမှတစ်ဆင့် အကူအညီလိုအပ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများထံသို့ test kit များနှင့် ရောဂါရှာဖွေရေးပစ္စည်းများ၊ PPE ကဲ့သို့သော ခန္ဓာကိုယ်အကာအကွယ်ပေးသည့်ပစ္စည်းများ၊ ဆေးဝါးများနှင့် ကာကွယ်ဆေးများစသည့် မရှိမဖြစ်လိုအပ်သော ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် အသုံးအဆောင်များကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည့်အပြင် COVID-19 နှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများကိုလည်း ကူညီ အားပေးသွားမည်ဖြစ်သည်။

ထို့အတူ အာဆီယံခေါင်းဆောင်များက COVID-19 အလွန် ကာလအတွက် "အာဆီယံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်" (ASEAN Comprehensive Recovery Plan)တစ်ရပ် ရေးဆွဲချမှတ်ရန် အာဆီယံအသိုက်အဝန်းကောင်စီ (၃)ရပ်ကို တာဝန်ပေးအပ်ခဲ့သည်။ ထို့အပြင် အနာဂတ်တွင် အာဆီယံ၏ကြိုတင်ပြင်ဆင်မှုနှင့် ကူးစက်ရောဂါတုံ့ပြန်မှုတို့၏ စွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် အာဆီယံခေါင်းဆောင်များက "အာဆီယံဒေသတွင်းဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ အရန်သိုလှောင်ရုံ" (ASEAN Regional Reserve of Medical Supplies–RRMS) ထူထောင်ရေးနှင့် "အရေးပေါ်ပြည်သူ့ကျန်းမာရေးတုံ့ပြန်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း" (Standard Operating Procedures) တစ်ရပ် ရေးဆွဲချမှတ်ရေးတို့ကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံ၏ကဏ္ဍအလိုက် အဖွဲ့အစည်းများကို တိုက်တွန်းခဲ့သည်။

အလားတူ (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များက အာဆီယံ၏စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှုတို့ကို တိုးမြှင့်ရန်၊ အခွင့်အလမ်းများကို အကျိုးရှိစွာအသုံးချပြီး လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ထိရောက်စွာ ဖြေရှင်းနိုင်ရေးအတွက် အာဆီယံ၏စွမ်းဆောင်ရည်ကို ပိုမိုတိုးမြှင့်ရန်၊ အာဆီယံ၏မျှော်မှန်းချက်-၂၀၂၅ (ASEAN Vision 2025) အလွန်ကာလအတွက် အာဆီယံ၏ ဦးတည်ချက်လမ်းကြောင်းဆွေးနွေးခြင်းကို စတင်ရန်နှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေး (TVET)နှင့် ပတ်သက်သည့် အာဆီယံ၏ TVET ကောင်စီတစ်ရပ် ထူထောင်ရန် သဘောတူညီခဲ့ကြပြီး၊ "စည်းလုံးညီညွတ်၍ တုံ့ပြန်နိုင်စွမ်းရှိသော အာဆီယံဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ မျှော်မှန်းချက်" (ASEAN Leaders' Vision Statement on a Cohesive and Responsive ASEAN) နှင့် "ပြောင်းလဲနေသည့် ကမ္ဘာ့အလုပ်သမားရေးရာကဏ္ဍတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံကြေညာချက်" (ASEAN Declaration on Human Resource Development for the Changing World of Work) တို့ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ရခိုင်အရေးကိစ္စ တုံ့ပြန်ပြောကြားချက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ မလေးရှားဝန်ကြီးချုပ်၏ ဆွေးနွေးချက်အပေါ် တုံ့ပြန်ပြောကြားရာ၌ ရခိုင်ပြည်နယ်၏အခြေအနေနှင့် ပတ်သက်၍ လည်းကောင်း၊ သဟဇာတရှိမှုနှင့် တည်ငြိမ်အေးချမ်းမှု အလွန်လိုအပ်လျက်ရှိသည့် မိမိတို့ဒေသအတွင်းကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်ပူပန်မှုရှိကြောင်း၊ လူ့အခွင့်အရေးသည် လူသားအချင်းချင်းအကြား ကောင်းမွန်သည့်ဆက်ဆံရေး၊ အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်ယုံကြည်မှုတို့အပေါ်တွင် အခြေခံရမည်ဖြစ်ကြောင်း၊ အာဆီယံတွင် ဤတန်ဖိုးစံနှုန်းများရှိသည်ဖြစ်ရာ မိမိတို့တစ်နိုင်ငံတည်းကိုသာမက ဒေသတွင်းကိုထိခိုက်စေနိုင်သည့် ပြဿနာကိုဖြစ်စေ၊ တစ်ကမ္ဘာလုံးကိုပါ ထိခိုက်စေနိုင်သည့် ပြဿနာကိုဖြစ်စေ၊ အာဆီယံအနေဖြင့် အတူတကွ ပူးပေါင်း၍ အဖြေရှာနိုင်ကြောင်း၊ အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုပြဿနာတို့သည် ရခိုင်ပြည်နယ်တွင် မိမိတို့လက်ရှိရင်ဆိုင်နေရသည့် အန္တရာယ်နှစ်ခုဖြစ်ကြောင်း၊ အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုပြဿနာနှစ်ရပ်မှာ တစ်ကမ္ဘာလုံးအနေဖြင့်လည်း ရင်ဆိုင်နေရသည့် ပြဿနာများဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် ယင်းပြဿနာများကို မိမိတို့ဒေသတစ်ခုတည်းအတွက်သာမက တစ်ကမ္ဘာလုံး၏ တည်ငြိမ်အေးချမ်းမှုနှင့် သဟဇာတဖြစ်မှုကို တိုးမြှင့်နိုင်စေမည့် အပြုသဘောဆောင်သည့်နည်းလမ်းဖြင့် အတူတကွ ပူးပေါင်းဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း ထည့်သွင်း ပြောကြားခဲ့သည်။

အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စ

ဒစ်ဂျစ်တယ်ခေတ်တွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ အထူးအစည်းအဝေးတွင်လည်း အာဆီယံခေါင်းဆောင်များက "သက်ဆိုင်သူ အားလုံးပါဝင်ပြီး၊ ပြည်သူကိုမျက်နှာမူ၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း" ကို ထူထောင်ရာတွင် ကျား-မ သာတူညီမျှမှုရှိ၍ အမျိုးသမီးအားလုံး၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကို တိုးမြှင့်ဖော်ဆောင်ရန် ကတိပြုခဲ့ကြပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ မြှင့်တင်ရန်နှင့် COVID-19 ကူးစက်ရောဂါတိုက်ဖျက်ရေးနှင့် ကူးစက်ရောဂါအလွန် ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုတို့တွင် အမျိုးသမီးများ၏ဦးဆောင်မှုနှင့် ပူးပေါင်းပါဝင်မှုတို့ကို တိုးမြှင့်ရန် တိုက်တွန်းခဲ့ကြသည်။

ရခိုင်အရေးကိစ္စ မြန်မာ၏ကြိုးပမ်းမှုကို အာဆီယံထောက်ခံ

ထိပ်သီးအစည်းအဝေးအပြီးတွင် (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၏ကြေညာချက်ကို ထုတ်ပြန်ခဲ့ရာ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ အာဆီယံခေါင်းဆောင်များက ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရာတွင် မြန်မာနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးရန် ထပ်လောင်းကတိပြုကြောင်း၊ ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူသားချင်းစာနာမှု အကူအညီများပေးအပ်ခြင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုခြင်း၊ ရေရှည်ဖွံ့ဖြိုးမှုကိုတိုးမြှင့်ခြင်း စသည်တို့မှတစ်ဆင့် မြန်မာနိုင်ငံနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် "ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်"နှင့် မြန်မာ၊ UNDP နှင့် UNHCR တို့အကြား လက်မှတ်ရေးထိုးထားသည့် "နားလည်မှုစာချွန်လွှာ"တို့ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးရန် အဆင်သင့်ရှိကြောင်း၊ ရခိုင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးကြောင်း ဖော်ပြထားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၈ ရက်

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ ဇွန် ၂၇ ရက်၌ ၃၆၆ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇွန် ၂၈

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၆၆ ဦး ဇွန် ၂၈ ရက်တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ (ယာပုံ)

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာ သံရုံး၏ ခွင့်ပြုချက်များရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ၄ ရက်တွင် ၁၂၀၄ ဦး၊ ၅ ရက်တွင် ၁၁၉၀၊ ၆ ရက်တွင် ၁၇၈၄ ဦး၊ ၇ ရက်တွင် ၁၆၃၅ ဦး၊ ၈ ရက်တွင် ၉၄၆ ဦး၊ ၉ ရက်တွင် ၁၀၉၄ ဦး၊ ၁၀ ရက်တွင် ၉၉၄ ဦး၊ ၁၁ ရက်တွင် ၆၇၀၊ ၁၂ ရက်တွင် ၈၂၃ ဦး၊ ၁၃ ရက်တွင် ၇၇၅ ဦး၊ ၁၄ ရက်တွင် ၆၀၀၊ ၁၅ ရက်တွင် ၅၀၆ ဦး၊ ၁၆ ရက်တွင် ၆၄၄ ဦး၊ ၁၇ ရက်တွင် ၈၇၇ ဦး၊ ၁၈ ရက်တွင် ၆၉၈ ဦး၊ ၁၉ ရက်တွင် ၄၉၄ ဦး၊ ၂၀ ရက်တွင် ၆၅၇ ဦး၊ ၂၁ ရက်တွင် ၆၄၂ ဦး၊ ၂၂ ရက်တွင် ၈၄၈ ဦး၊ ၂၃ ရက်တွင် ၅၂၇ ဦး၊ ၂၄ ရက်တွင် ၅၉၇ ဦး၊ ၂၅ ရက်တွင် ၃၉၈ ဦး၊ ၂၆ ရက်တွင် ၅၅၅ ဦး၊ ၂၇ ရက်တွင် ၆၃၄ ဦး၊ ၂၈ ရက်တွင် ၃၆၆ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၃၅၉၄၅ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၀၈ ဦး၊ အမျိုးသမီး ၁၅၈ ဦး စုစုပေါင်း ၃၆၆ ဦး ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၈

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ (၂၀၂၀) သုတေသနစကားဝိုင်း၊ ဆုချီးမြှင့်ပွဲနှင့် ညီလာခံပိတ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၈

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသန ညီလာခံ (၂၀၂၀) သုတေသန စကားဝိုင်း၊ ဆုချီးမြှင့်ပွဲနှင့် ညီလာခံပိတ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပါမောက္ခချုပ်များကော်မတီရုံးခန်း၌ Online Programme သုတေသနစကားဝိုင်းဖြင့် စတင် ကျင်းပသည်။

စကားဝိုင်းကို "အရည်အသွေးအခြေပြု သုတေသနမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (Quality Research Towards Prosperity of the Nation)" ခေါင်းစဉ်ဖြင့် အမေရိကန်ပြည်ထောင်စု၊ နာဆာအာကာသ သိပ္ပံအကြီးတန်းသုတေသနပညာရှင် ဒေါက်တာပဒေသာတင် ဦးဆောင်၍ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာနီလာကြူ၊ မန္တလေး နည်းပညာတက္ကသိုလ် အီလက်ထရောနစ်အင်ဂျင်နီယာဌာန ပါမောက္ခ ဒေါက်တာမျိုးမြင့်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန် စက်မှုအင်ဂျင်နီယာဌာန၊ တွဲဖက်ပါမောက္ခ ဒေါက်တာစိုးစိုးထွေးနှင့် ရန်ကုန်နည်းပညာ တက္ကသိုလ် စက်မှုအင်ဂျင်နီယာဌာန ပါမောက္ခ ဒေါက်တာသိန်းမင်းထိုက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ပြန်လည်ဖြေကြား

ယင်းနောက် တက်ရောက်ကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးခဲ့ကြသည့် ဆရာ ဆရာမများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်နှင့် တာဝန်ရှိသူများက စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြပြီး ဆုရရှိသူ စာတမ်းရှင်များ၏ အမည်စာရင်းအား ဖတ်ကြားသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသန ညီလာခံ ၂၀၂၀ ကျင်းပရေးဦးစီး ကော်မတီနာယက၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက Online မှ အမှာစကား ပြောကြားရာတွင် တက္ကသိုလ်များပူးပေါင်း၍ ဗီဒီယိုကွန်ဖရင့်စနစ် အသုံးပြုပြီး ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသနညီလာခံကို ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ ဦးစီးကျင်းပဆောင်ရွက်သော ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးနှင့် အဖွဲ့ဝင်များ၊ သုတေသနညီလာခံဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာထင်ဇော်စိုးနှင့် တာဝန်ရှိသူများအားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ အထူးဖိတ်ကြား၍ အွန်လိုင်းဖြင့် ဟောပြောပို့ချပေးကြသော နာဆာမှပညာရှင် ဆရာကြီး ဒေါက်တာပဒေသာတင်၊ Central European University မှ Provost Dr.Liviu Matei, ပါမောက္ခဆရာကြီး ဒေါက်တာအောင်ထွန်းသက်တို့ကိုလည်း အထူး ကျေးဇူးတင်ရှိပါကြောင်း၊ ဘာသာရပ်နယ်ပယ်ကိုးခုမှ သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးသူ ၁၃၄ ဦး၊ ပိုစတာဆောင်ရွက်သူ ၁၆ ဦးတို့ကို နေ့ညမအား သုတေသနလုပ်ငန်းများကို ဆောင်ရွက်ပြီး ရရှိလာသော သုတေသနရလဒ်များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးဖလှယ်ခြင်း၊ သဘာပတိများ၊ စိစစ်အကဲဖြတ်သူများ၊ မေးခွန်းဆွေးနွေးသူများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ သုတေသနပညာရှင်များ၊ တာဝန်ရှိသူများအားလုံးတို့ကိုလည်း မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသနညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြသဖြင့် အထူး ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း၊ ဘာသာရပ်နယ်ပယ်တစ်ခုလျှင် အကောင်းဆုံး သုတေသနစာတမ်းပထမဆုနှင့် ဒုတိယဆုရရှိကြသူများကိုလည်း အထူးဂုဏ်ယူဝမ်းမြောက်မှတ်တမ်းတင်ပါကြောင်း၊ ဒေသအကျိုးပြု နိုင်ငံအကျိုးပြု လက်တွေ့အသုံးချနိုင်သော သုတေသနလုပ်ငန်းများကို ဆောင်ရွက်၍ နိုင်ငံတကာအဆင့်မီ အရည်အသွေးရှိသော သုတေသနရလဒ်များရရှိလာစေရေး၊ စာသင်ခန်းများ တွင် ကျောင်းသား ကျောင်းသူများကို ယှဉ်ပြိုင်နိုင်စွမ်း ရှိလာစေရေး၊ စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင်အကောင်းဆုံး ဆက်လက်၍ ပူးပေါင်းဆောင်ရွက်နိုင်စေရေး ဆုမွန်ကောင်းပို့သအပ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဗီဒီယိုကွန်ဖရင့်စနစ် အသုံးပြုပြီး ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသနညီလာခံ (၂၀၂၀)သုတေသနစကားဝိုင်းတွင် အမှာစကားပြောကြားစဉ်။

အမှာစကားပြောကြား

ယင်းနောက် အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသနညီလာခံ(၂၀၂၀) သုတေသနစကားဝိုင်း၊ ဆုချီးမြှင့်ပွဲနှင့် ညီလာခံပိတ်ပွဲ အခမ်းအနားအတွက် ဂုဏ်ပြု အမှာစကားပြောကြားပြီး ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးက ဝမ်းမြောက်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးတင်လတ် ကယားပြည်နယ်အတွင်းရှိ ခရီးစဉ်ဒေသများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၂၈

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်းများ ပြန်လည် စတင်ချိန်တွင် ပြည်တွင်းခရီးသွားများ ဘေးကင်းလုံခြုံစွာ သွားလာလည်ပတ်နိုင်ရန် ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ Famous Hotel တွင် ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကယားပြည်နယ်ခရီးစဉ်ဒေသဆိုင်ရာကော်မတီ Destination Management Organization (DMO) အဖွဲ့ဝင်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။ (ယာပုံ)

ထိထိရောက်ရောက် ဆောင်ရွက်

တွေ့ဆုံစဉ် သက်ဆိုင်ရာနယ်မြေအလိုက် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုကော်မတီ (DMO)များကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရေးကိစ္စ၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်တန့်သွားသည့် ခရီးသွားလုပ်ငန်းကို ပြန်လည်စတင်နိုင်ရန် ကိုဗစ်-၁၉ မြန်မာ့ခရီးသွားမဟာဗျူဟာ လမ်းပြမြေပုံအား ဝန်ကြီးဌာနမှ စိစစ်ရေးဆွဲထားမှုနှင့် Tourism National Guidelines For COVID-19 Safe Services (Beta Version- IV) ကို ထုတ်ပြန်ထားမှုများ၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ New Normal အနေဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ခရီးသည်များ ဘေးအန္တရာယ် ကင်းရှင်းစေရန် သတ်မှတ်ချက်များ၊ Social Distancing ဆိုင်ရာ လုပ်ငန်းစဉ်များဖြင့် တစ်ဆင့်ချင်း ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီ၏ စီမံမှုဖြင့် ဒေသအာဏာပိုင်များ၊ လုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများ ပူးပေါင်းပါဝင်သည့် DMO များကို ခရီးစဉ်ဒေသအလိုက် လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် Loikaw City Restaurant နှင့် Red Dynasty Restaurant သို့ သွားရောက်ကာ ကိုဗစ်-၁၉ ကူးစက်မှု တားဆီး ကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ Social Distancing ဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်၍ စားသုံးသူများ လာရောက်စားသုံးနေမှု အခြေအနေများကို လည်းကောင်း၊ လက်ရှိတွင် ကယားပြည်နယ်အတွင်း ဟိုတယ် ၂၄ လုံး ပြန်လည်ဖွင့်ထားပြီးဖြစ်ရာ KeinnaraLoikaw Hotel၊ Royal Naung Yah Hotel နှင့် Hotel Myat Nan Taw တို့၏ ကိုဗစ်-၁၉ ကူးစက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ Social Distancing ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ခရီးသွားဧည့်သည်များ တည်းခိုနေထိုင်ရေး ဖွင့်လှစ်ဆောင်ရွက်ထားမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း ချယ်ရီပင်စိုက်ပျိုးထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး သီရိမင်္ဂလာတောင်ကွဲစေတီသို့ သွားရောက်၍ စေတီတော် ပြန်လည်ဖွင့်လှစ်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ဆောင်ရွက်ထားရှိမှု ကြည့်ရှု

ယင်းနောက် Christ the King Catholic Church သို့ သွားရောက်ကာ ကျောင်းထိုင် ဘုန်းတော်ကြီးနှင့် တွေ့ဆုံ၍ Church ကျောင်းအတွင်း ဘုရားဝတ်ပြုနိုင်ရေး Social Distancing ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန လွိုင်ကော်ရုံးခွဲကို စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မှတ်သားဖွယ်ရာ မိုးရေချိန်

နေပြည်တော် ဇွန် ၂၈

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့ကရိတ်မြို့တွင် ၄ ဒသမ ၁၇ လက်မ၊ ကျောက်တော်မြို့နှင့် ကျိုက်မရောမြို့တို့တွင် ၃ ဒသမ ၄၆ လက်မစီ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၂ ဒသမ ၉၉ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၂ ဒသမ ၅၈ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၁၂ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၀၈ လက်မနှင့် မြောက်ဦးမြို့တွင် ၂ ဒသမ ၀၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူ့အခွင့်အရေး

ဒေါက်တာ ခိုင်ခိုင်ဝင်း

ရည်ညွှန်းစာစောင်များ

ယခုရက်များအတွင်း နိုင်ငံပိုင်သတင်းစာများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အသိပညာပေးခြင်း လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့်သော်လည်းကောင်း၊ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ်တစ်ရပ်အနေဖြင့်သော်လည်းကောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန် ရည်ရွယ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသို့ လှူဒါန်းလျက်ရှိသည့် သတင်းများကို တွေ့ရှိရသည်။

အမှန်ပင် ကောင်းမွန်လှသည့် လုပ်ဆောင်ချက်များဖြစ်ပြီး အဂတိလိုက်စားခြင်းကို ရှက်စရာလုပ်ရပ်အဖြစ်မြင်ရန်၊ ပွင့်လင်းသန့်ရှင်းသော စိတ်ထားရှိခြင်းနှင့်အတူ ရောင့်ရဲတင်းတိမ်ခြင်းဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်တို့အတွက် အသိပညာပေးခြင်း လုပ်ငန်းစဉ်သည် ပြည်သူများအတွင်း အမှန်တကယ် လိုအပ်လျက်ရှိသည်လည်းဖြစ်သည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်ဟု ဆိုကြသည်အတိုင်း အဂတိလိုက်စားမှုဖြစ်ပေါ်မှ ကုစားခြင်းထက် အဂတိလိုက်စားမှု မဖြစ်ပေါ်ရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ပညာပေးအစီအစဉ်များ ပြုလုပ်ခြင်းသည် မရှိမဖြစ် လိုအပ်သည်လည်း ဖြစ်ပါသည်။

ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်သည် အခြေခံကျသည့်နေရာတွင် တည်ရှိနေသလို လူအချင်းချင်း အပြန်အလှန်လေးစားခြင်းသည်လည်း အဓိကကျသည့်နေရာတွင် ရှိနေပေသည်။ သည့်အတွက်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ဖြန့်ဝေသည့် အခြေခံပညာ အထက်တန်းအတွက် ရည်ညွှန်းစာစောင်(၂၀၂၀)တွင် လေးစားမှုရှိခြင်း ခေါင်းစဉ်ဖြင့် မတူညီ ကွဲပြားမှုများ ရှိနေသည့်တိုင် လူသားအချင်းချင်း လေးစားစိတ်ဖြင့် အပြန်အလှန် အမှီသဟဲပြု နေထိုင်နိုင်ရေး အလေးထားဖော်ပြထားသည်ကို တွေ့ရှိရသည်။

လူ့အခွင့်အရေး

ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့အကြောင်း ပြောကြမည်ဆိုပါက လူ့အခွင့်အရေးကို ဖယ်ထုတ်ချန်ထားခဲ့၍ မရပါ။ အကြောင်းမှာ အဂတိလိုက်စားခြင်းသည် တစ်နည်းအားဖြင့် လူ့အခွင့်အရေး ထိပါးချိုးဖောက်ခြင်းဖြစ်သောကြောင့် ဖြစ်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the High Commissioner for Human Rights–OHCHR)က အဂတိလိုက်စားမှုကို "လူ့အခွင့်အရေး ခံစားမှုအတွက် ဖွဲ့စည်းမှုဆိုင်ရာ အဟန့်အတား"ဟု ဆိုထားခဲ့ရာ အဂတိလိုက်စားမှုနှင့် လူ့အခွင့်အရေး ထိပါးချိုးဖောက်မှု နယ်ပယ်နှစ်ခုသည် ဆက်စပ်လျက်ရှိသည်မှာ ငြင်းနိုင်ဖွယ်မရှိပါ။ နိုင်ငံတစ်နိုင်ငံ၏ အဂတိလိုက်စားခြင်းအပေါ် ရှုမြင်သုံးသပ်သည့် အညွှန်းကိန်း(Corruption Perception Index–CPI) မြင့်လေလေ လူ့အခွင့်အရေးများ ခံစားရရှိ ပျော်ရွှင်ရမှု နည်းလေလေဟုလည်း ဆိုထားရာ နိုင်ငံအတွင်းရှိပြည်သူများ လူ့အခွင့်အရေးများ ခံစားရရှိ ပျော်ရွှင်နိုင်ရေးအတွက် အဂတိလိုက်စားမှု လျော့နည်းပပျောက်ရန် လိုအပ်ပေသည်။

အခြေခံပညာအထက်တန်း ရည်ညွှန်းစာစောင်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဖြန့်ဝေသည့် အခြေခံပညာ အထက်တန်းအတွက် ရည်ညွှန်းစာစောင် (၂၀၂၀)တွင် Grade 10, 11, 12 ကျောင်းသားကျောင်းသူများအား နိုင်ငံသားတို့၏ တာဝန်နှင့် အခွင့်အရေးများအကြောင်းတို့ကို သိရှိနိုင်ရန် ရှင်းလင်းပြောပြနိုင်ရေး ထည့်သွင်းထားသလို တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၁)တွင် "အဂတိလိုက်စားမှုဆိုသည်မှာ အဘယ်နည်း" ခေါင်းစဉ်အောက်၌ လူ့အခွင့်အရေးချိုးဖောက်မှုများ ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောပြနိုင်ရေးအတွက် ထည့်သွင်းထားသည်ကို တွေ့ရှိရသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အဓိကကျသည့် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် ကောင်းမွန်လာရေးတို့အတွက် အသိပညာပေး လုပ်ငန်းစဉ်များမှသည် လူ့အခွင့်အရေး အခြေခံသဘောတရားများအကြောင်း၊ တာဝန်များအကြောင်းနှင့် မတူကွဲပြားမှုများကို လက်ခံပြီး လေးစားမှုများရရှိလာနိုင်သည့် အကျိုးကျေးဇူးများစွာကို ရည်ညွှန်းစာစောင်များတွင် တွေ့ရှိရသည့်အတွက် များစွာ ကျေနပ်ဝမ်းသာရပါသည်။

"ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက အဂတိလိုက်စားမှုကို "လူ့အခွင့်အရေးခံစားမှုအတွက် ဖွဲ့စည်းမှုဆိုင်ရာ အဟန့်အတား" ဟု ဆိုထားခဲ့ရာ အဂတိလိုက်စားမှုနှင့် လူ့အခွင့်အရေး ထိပါးချိုးဖောက်မှု နယ်ပယ်နှစ်ခုသည် ဆက်စပ်လျက်ရှိသည်မှာ ငြင်းနိုင်ဖွယ်မရှိပါ။ နိုင်ငံတစ်နိုင်ငံ၏ အဂတိလိုက်စားခြင်းအပေါ် ရှုမြင်သုံးသပ်သည့်အညွှန်းကိန်း(Corruption Perception Index–CPI) မြင့်လေလေ လူ့အခွင့်အရေးများကို ခံစားရရှိ ပျော်ရွှင်ရမှု နည်းလေလေဟုလည်း ဆိုထားရာ နိုင်ငံအတွင်းရှိပြည်သူများ လူ့အခွင့်အရေးများ ခံစားရရှိ ပျော်ရွှင်နိုင်ရေးအတွက်လည်း အဂတိလိုက်စားမှု လျော့နည်းပပျောက်ရန် လိုအပ်"

အခြေခံပညာ အထက်တန်းအတွက် ရည်ညွှန်းစာစောင်(၂၀၂၀)ထဲမှ အချို့သင်ခန်းစာများကို ထုတ်နုတ်ကြည့်မည်ဆိုလျှင် အခြေခံပညာအထက်တန်းအတွက် ရည်ညွှန်းစာစောင် (၂၀၂၀) Grade 10 ကျောင်းသားကျောင်းသူများအတွက် "လေးစားမှုရှိခြင်း" ခေါင်းစဉ်အောက်တွင် ကလေးများ၏ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်မှုရပိုင်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့် စသည့်ကလေးသူငယ်များ၏ အခြေခံအခွင့်အရေး (၄) ချက် အပါအဝင် အခြားအခွင့်အရေးများ၊ ကလေးသူငယ်များ၏ အခွင့်အရေးများ ဆုံးရှုံးနေရခြင်း အကြောင်းများနှင့် တာဝန်နှင့်ပတ်သက်သည်များကို ရှင်းလင်းသင်ကြားပေးရန် ရေးသားထားသည်ကို တွေ့ရှိရသည်။

ဖြောင့်မတ်တည်ကြည်မှု ပညာပေးအစီအစဉ် ရည်ညွှန်းစာစောင်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး သင်ခန်းစာများနှင့်အတူ လူ့အခွင့် အရေးနှင့်ပတ်သက်၍ ရှင်းလင်းသင်ကြားပေးသည့် သင်ခန်းစာများ ထည့်သွင်းထားခြင်းသည် အနာဂတ်၏ မျိုးဆက်သစ်လူငယ်များအတွက် အမှန်ပင် အကျိုးရှိလှပါသည်။

အခြေခံပညာ အထက်တန်းအတွက် ရည်ညွှန်းစာစောင် (၂၀၂၀) Grade 11 ကျောင်းသား ကျောင်းသူများအတွက် "လေးစားမှုရှိခြင်း" ခေါင်းစဉ်အောက်တွင်လည်း မိမိတာဝန် မိမိသိရှိရန်နှင့် မိမိ မိသားစုနှင့် မိသားစုများ၏ အခွင့်အရေးများကို လေးစားရန်၊ လူမှုအဖွဲ့အစည်းအား လေးစားမှုရှိရန်၊ ယုံကြည်ကိုးကွယ်ခွင့်၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခွင့်၊ ပညာသင်ကြားခွင့် အစရှိသည့် အခွင့်အရေးများနှင့် မိမိနှင့် အခြားသူများ၏ အခွင့်အရေးကို လေးစားခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများအကြောင်းတို့ကို ထည့်သွင်းထားသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။ အခွင့်အရေးဟူသည်မှာ ရပိုင်ခွင့်တစ်ခုတည်းအတွက်မဟုတ်၊ တာဝန်ပါ တွဲလျက်ရှိသည် ဆိုသည့် အကြောင်းနှင့် အခြားသူများ၏ အခွင့်အရေးကို လေးစားရမည်ဆိုသည့် အချက်များကို ထည့်သွင်းသင်ကြားပေးခြင်းအားဖြင့် အနာဂတ်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး အပြန်အလှန် လေးစားမှုရှိသည့် သားကောင်းရတနာများ ထွက်ပေါ်လာနိုင်မည်လည်းဖြစ်သည်။

အခြေခံပညာအထက်တန်းအတွက် ရည်ညွှန်းစာစောင်(၂၀၂၀) Grade 12 ကျောင်းသား ကျောင်းသူများအတွက် "လေးစားမှုရှိခြင်း" ခေါင်းစဉ်အောက်တွင် နိုင်ငံသားတို့၏ တာဝန်နှင့် အခွင့်အရေးများအကြောင်း၊ မတူကွဲပြားမှုများအကြောင်းတို့ကို ထည့်သွင်းထားသည်ကို တွေ့ရသည်။ လူသားတစ်ဦးအနေဖြင့် နိုင်ငံသားတစ်ဦးဖြစ်ခြင်း၊ နိုင်ငံသားတစ်ဦး၏ တာဝန်များကို သိရှိရန် လိုအပ်သလို အခြားသူများ၏ အသားအရောင်၊ ဘာသာ၊ လူမျိုး အစရှိသည့် မတူညီ ကွဲပြားမှုကိုလည်း နားလည်လာစေရေး သင်ကြားပေးရန် ထည့်သွင်းထားရှိမှုအတွက် ဝမ်းမြောက်ရသည်။ မတူကွဲပြားမှုများကို နားလည်လက်ခံနိုင်မှသာ ခွဲခြားဆက်ဆံခြင်းများ၊ လေးစားမှုမရှိခြင်းများ လျော့နည်းပပျောက်သွားမည်ဖြစ်သည့်အတွက် မတူကွဲပြားမှုကို လက်ခံနိုင်ရေးသည် လူ့အခွင့်အရေးတွင် အရေးပါသည့်နေရာ၌ တည်ရှိနေသည်။

ဖြောင့်မတ်တည်ကြည်မှုရှိပြီး လူ့ကျင့်ဝတ်များကို နားလည်လက်ခံ ကျင့်သုံးသူအနေဖြင့် အဂတိလိုက်စားခြင်းကို လွယ်လွယ်ကူကူ ပြုလုပ်မည်မဟုတ်သလို အခြားသူတစ်ဦး၏ အခွင့်အရေးများကိုလည်း ထိပါးချိုးဖောက်ဖို့ရာလည်း ဝန်လေးမည်ဖြစ်သည်။

နားလည်ကျင့်သုံးနိုင်ကြစေလို

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က အဂတိလိုက်စားမှုပပျောက်ရေးအတွက် ရည်ရွယ်၍ ပြည်သူများအတွင်း အသိပညာပေးလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက်သာမဟုတ်၊ လူ့အခွင့်အရေးအသိပညာပေးများပါ ပါဝင်နေသည့်အတွက် အမှန်ပင်အကျိုးရှိလှသည့် စာစောင်များဖြစ်ပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများသည်လည်း ရည်ညွှန်းစာစောင်များတွင် ပါသည့်အတိုင်း လိုက်နာကျင့်သုံးနိုင်ကြခြင်းဖြင့် အဂတိကင်းစင်၊ ပြုံးပျော်ရွှင်နိုင်ကြ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ဆက်နွှယ်နေသည့် အခြေခံလူ့အခွင့်အရေးများကိုလည်း နားလည်ကျင့်သုံးနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလျက် ရေးသားတင်ပြလိုက်ရပေသည်။ ။

အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူကဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် ဖော်ပြပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်–

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားလေ့ကျင့်ရေးစခန်း၊ တောင်ညိုလမ်း
နေပြည်တော်
Email- myanmaracc2014@gmail.com

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အုပ်ချုပ်သူ၊ နည်းပြများအား ထောက်ပံ့ကြေးများပေးအပ်

ရန်ကုန် ဇွန် ၂၈

အားကစားနှင့် ကာယပညာဦးစီးဌာန၊မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အုပ်ချုပ်သူ၊ နည်းပြများအား ထောက်ပံ့ကြေးများ ပေးအပ်ပွဲနှင့် အလုပ်အမှုဆောင်အစည်းအဝေးကို ယမန်နေ့က ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်နေသည့် နည်းပြများ Level အဆင့် သတ်မှတ်ရေး၊ National Sports Seminar မှ ထွက်ပေါ်လာသည့် အချက်(၇)ချက်နှင့်ပတ်သက်၍ အတည်ပြုရေး၊ အား/ကာသိပ္ပံ သင်တန်းသားများအား သင်ကြားမည့် မြားပစ် သင်ရိုးညွှန်းတမ်းအား အတည်ပြုနိုင်ရေးအတွက်လည်းကောင်း၊ နည်းပြမွမ်းမံသင်တန်းကို ကိုဗစ် – ၁၉ စည်းကမ်းချက်များနှင့်အညီ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းပြုလုပ်၍ အားကစားနှင့် ကာယပညာဦးစီးဌာနသို့ စီမံချက်တင်ပြပြီး ဆောင်ရွက်ရန်ဖွင့်လှစ်နိုင်ရေး ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၊ ကျောင်းအုပ်ကြီး ဦးကျော်စိုးမိုးက အားကစားနှင့် ကာယပညာသိပ္ပံ သင်ရိုးညွှန်းတမ်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ဆောင်ရွက်ထားသော သင်ရိုးညွှန်းတမ်းများအတိုင်း မြားပစ်သင်တန်းသားများအား သင်ကြားပို့ချမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိပုဂ္ဂိုလ်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက ကိုဗစ် – ၁၉ ကာလအတွင်း အသုံးပြုနိုင်ရန် ကိုရီးယားနည်းပြ Mr. Youn Byung Sun အား အမေရိကန်ဒေါ်လာ ၆၀၀၀၊ မြန်မာအုပ်ချုပ်သူ၊ နည်းပြများအား လစဉ်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အာကာစိုး

ယမန်နေ့မှအဆက်

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်တွင် စုစုပေါင်းလူနာ(၁၂၁,၃၇၉)ဦး ဆေးကုသပေးနိုင်ခြင်း



ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် ခက်ခဲဒေသများသို့ အထူးစီမံချက်များဖြင့် တစ်နှစ်လျှင်(၃)ကြိမ်မှ(၄)ကြိမ်အထိ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျန်းမာရေးဝန်ထမ်းများခန့်အပ်ခြင်း

- ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်နိုင်ရန် အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ လက်ထောက်ဆရာဝန် (၂၆)ဦးအား ရခိုင်ပြည်နယ်သို့ ပြောင်းရွှေ့ ခန့်ထားပေးခဲ့ပါသည်။

မူးယစ်ဆေးဝါးများ

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောမှုအနေဖြင့် (၁၁၈) ကြိမ်၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူလူထု (၆၈၉၈) ဦးအား ဟောပြောနိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးအမှုပေါင်း(၅၁) မှု၊ တရားခံ(ကျား)၇၄ ဦး၊ တရားခံ(မ) ၉ ဦး၊ စုစုပေါင်းတရားခံ(၈၃)ဦး စုစုပေါင်းတန်ဖိုးငွေကျပ်(၂၆.၇၈၃) ဘီလီယံအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့ တောင်ကုတ်ဒီဂရီကောလိပ်၌ ကလေးစာပေပွဲတော်ကို (၁၀-၁-၂၀၂၀)ရက်နေ့မှ (၁၁-၁-၂၀၂၀)ရက်နေ့အထိ စာအုပ်ပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ၍ စာပေဟောပြောပွဲကျင်းပကာ ဆုရကျောင်းသား/သူများကို ဆုချီးမြှင့်ပေးခဲ့ပါသည်။

တောင်ကုတ်မြို့၌ ကလေးစာပေပွဲတော် ကျင်းပခြင်း (၁၀-၁-၂၀၁၂)ရက်နေ့မှ(၁၁-၁-၂၀၂၀)ရက်နေ့အထိ

လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး

ရခိုင်ပြည်နယ်အတွင်းရှိ အသိုက်အဝန်းများ သင့်မြတ်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး စံပြမြို့နယ်စီမံကိန်း (Social Cohesion Township Model Project - Maungtaw Township)ကို ကွဲပြားခြားနားမှုနှင့် အမျိုးသားသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (Center for Diversity and Natioanl Harmony - CDNH) နှင့်ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ -

- Social Cohesion and Intercultural Competence သင်တန်း(၂)ကြိမ်ကို သင်တန်းသား /သူ (၇၀)ဦး၊
- Rumor Management သင်တန်းကို သင်တန်းသား (၂၉) ဦး၊
- Capacity Building သင်တန်းကို ကျောက်ဖြူမြို့၌ သင်တန်းသား/သူ (၄၆)ဦး၊
- Stakeholder Meetingကို (၁၉-၂-၂၀၂၀) ရက်နေ့မှ (၂၂-၂-၂၀၂၀) ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ တိုင်းရင်းသား(၃၆)ဦး၊ မွတ်စလင်ဘာသာဝင်(၆)ဦး၊ စုစုပေါင်း(၄၂)ဦး တက်ရောက်ခဲ့ပါသည်။

ပြန်လည်သင့်မြတ်ရေးကို ဦးတည်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ

- အခြေခံယာဉ်မောင်းသင်တန်း(အခမဲ့)(၇)ကြိမ်ကို သင်တန်းသား/သူ (၁၀၈) ဦးဖြင့်လည်းကောင်း၊
- လျှပ်စစ်သွယ်တန်းခြင်းသင်တန်းကို သင်တန်းသား/သူ (၄၀)ဦးဖြင့်လည်းကောင်း၊
- သစ်သီးယိုပြုလုပ်ခြင်းသင်တန်း (၃)ကြိမ်ကို သင်တန်းသူ(၁၂၀)ဦးဖြင့်လည်းကောင်း ပို့ချသင်ကြားပေးခဲ့ပါသည်။

ဒေသခံလူထုများပါဝင်သည့် လှုပ်ရှားမှုများ

- အမျိုးသမီးဟင်းချက်ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်းဘော်လီဘောပြိုင်ပွဲ၊ အမျိုးသမီးလက်ဆင့်ကမ်းအပြေးပြိုင်ပွဲများကို(၈-၂-၂၀၂၀)ရက်နေ့တွင် မောင်တောမြို့၊ မြို့မအားကစားကွင်းတွင် ကျင်းပပေးခဲ့ပါသည်။

ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဖြူးပေးမှု

- ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် နောက်ဆက်တွဲခွဲဝေချထားပေးသည့် ရန်ပုံငွေ ကျပ်သန်း(၆၀၀)ဖြင့် ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူပြီး မြို့နယ်များသို့ ဖြန့်ဖြူးပေးလျက်ရှိပါသည်။
- ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း ဆေးရုံများအတွက် ဆေးနှင့် ဆေးပစ္စည်းကိရိယာများဝယ်ယူရန် ရန်ပုံငွေကျပ်(၁,၄၈၄)သန်းအား ခွဲဝေချထားပြီး၊ ဆေးပစ္စည်းများဝယ်ယူရန် (၁၄-၂-၂၀၂၀)ရက်နေ့က တင်ဒါဖွင့်ဖောက်ခဲ့ပြီး ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးဆောင်ရွက်မှု

စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ (၁၅၀၀)၊ အောက်ဆီဂျင် ဆလင်ဒါ ဖြည့်ပြီးသားအလုံး(၁၀၀)၊ အောက်ဆီဂျင်ပေးစက်(၁၅)လုံး၊ အစိုးရနှင့်အလှူရှင်များမှ လှူဒါန်းထားသော အသက်ရှူစက်(၃)လုံးတို့ကို အသင့်စီစဉ်ထားပါသည်။ Fever corner နှင့် ဆရာဝန်၊ ဆရာမ(၂၅)ယောက်ခန့်ကို အလှည့်ကျတာဝန်ချထားသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးတို့ကို (၈-၄-၂၀၂၀)၊ (၁၁-၄-၂၀၂၀)နှင့် (၂၅-၄-၂၀၂၀)ရက်နေ့တို့တွင် အသီးသီးကျင်းပခဲ့ပါသည်။

ရခိုင်ပြည်နယ် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူဖိုးခေါင်ကြားစခန်းကိုတစ်ဖက်နိုင်ငံမှမိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများအတွက် Community Based Facility Quarantine နေရာအဖြစ် ဆောင်ရွက်ထားပါသည်။

မွေးကင်းစကလေးများ မှတ်ပုံတင်ရေးအတွက် အထောက်အကူပြုနိုင်ရေးဆောင်ရွက်မှု

စစ်တွေမြို့နယ်အတွင်း အထူးအစီအစဉ်ဖြင့် အဖွဲ့ဝင်(၅)ဦးပါဝင်သည့် မွေးစာရင်းထုတ်ပေးရေးဗဟိုကွင်းဆင်းအဖွဲ့မှ မွေးစာရင်းမရှိသေးသော သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အသက်(၁၀)နှစ်အောက်ကလေးများအား မွေးစာရင်းထုတ်ပေးခြင်းလုပ်ငန်းကို (၉-၁၂-၂၀၁၉)ရက်နေ့မှစတင်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ (၁၆-၃-၂၀၂၀)ရက်နေ့အထိ ကလေး (၈၉၇၆)ဦးအား မွေးစာရင်းထုတ်ပေးနိုင်ခဲ့ပါသည်။ ယခုအစီရင်ခံသည့်ကာလအတွင်း အောက်ပါအတိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

စဉ်	လူမျိုး	မွေးစာရင်းထုတ်ပေးသည့် အရေအတွက် (၁-၁-၂၀၂၀)ရက်နေ့မှ (၁၆-၃-၂၀၂၀)ရက်နေ့အထိ		
		ကျား	မ	စုစုပေါင်း
၁	မွတ်စလင်ဘာသာဝင်	၃၀၄၀	၂၉၃၀	၅၉၇၀
၂	ကမန်	၂၁၈	၂၃၅	၄၅၃
၃	အခြား	၂	၂	၄
	စုစုပေါင်း	၃၂၆၀	၃၁၆၇	၆၄၂၇

လူငယ်များစခန်းသွင်းလေ့ကျင့်ခြင်းနှင့် လေ့လာရေးခရီးစဉ်များ

- (၁၁-၂-၂၀၂၀) ရက်နေ့မှ (၁၇-၂-၂၀၂၀) ရက်နေ့အထိ ပဲခူးမြို့၊ ပန်းပျိုးလက်ဘုန်တော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်မှ တိုင်းရင်းသားလူငယ် (၂၇) ဦးနှင့် မွတ်စလင်ဘာသာဝင်(၅)ဦး ပါဝင်ခဲ့ပြီး Social Cohesion၊ Conflict Analysis၊ Communication၊ Mediation and Negotiation ဘာသာရပ်များ ဆွေးနွေးပို့ချခဲ့သည်။
- (၂၂-၂-၂၀၂၀) ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်းမှ တိုင်းရင်းသား (၃၆)ဦး၊ မွတ်စလင်ဘာသာဝင် (၆)ဦး၊ စုစုပေါင်း(၄၂) ဦးအား ရန်ကုန်တိုင်းဒေသကြီး သန်လျင်နှင့် ကျောက်တန်းမြို့များသို့ လေ့လာရေးခရီးစဉ် စီစဉ်ပေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲများ(Community Dialogues)

- (၂၄-၂-၂၀၂၀) ရက်နေ့မှ (၂၇-၂-၂၀၂၀) ရက်နေ့အထိ ရန်ကုန်မြို့ CDNH ရုံး၌ အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ တိုင်းရင်းသား(၆၁)ဦး၊ မွတ်စလင်ဘာသာဝင် (၃၁)ဦး၊ ဟိန္ဒူဘာသာဝင်(၄)ဦး၊ စုစုပေါင်း(၉၆)ဦး တက်ရောက်ခဲ့ပါသည်။
- လူမှုသဟဇာတဖြစ်ရေးကို ဦးတည်သောအမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်စေရေးဦးတည်သော အမျိုးသမီးများတွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)တွင်(၂၃-၂-၂၀၂၀) ရက်နေ့တွင် ကျင်းပခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အတွင်းမှတိုင်းရင်းသား(၉၅)ဦး၊ မွတ်စလင်ဘာသာဝင်(၃၆)ဦး၊ ဟိန္ဒူဘာသာဝင်(၇)ဦး၊ စုစုပေါင်း (၁၃၈)ဦး တက်ရောက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်းလူမှုသဟဇာတဖြစ်ရေး ဦးတည်သော အမျိုးသမီးများတွေ့ဆုံဆွေးနွေးပွဲ

လုံခြုံရေးကဏ္ဍ

- ရဲတပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြှင့်မားစေရန် လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း(၅)ကြိမ် ဖွင့်လှစ်၍ အမှုထမ်း(၁၇၈)ဦးတို့အား လေ့ကျင့်ပေးခဲ့ပါ သည်။
- လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်း(၂၃၉၇)ကြိမ်၊ ဝပ်ကင်း(၅၀၁၉)ကြိမ် ဆောင်ရွက်ခဲ့ပြီး မှုခင်းများစုံစမ်းစစ်ဆေးဖော်ထုတ်၍ ဥပဒေနှင့်အညီ တရားစွဲတင်ပို့ခြင်း၊ အကြမ်းဖက်မှုများ၊ လက်နက်မှုများ၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှုများနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်မှုများအား အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်ဖော်ပြပါမည်

ဗြိတိန်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံတွင် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံ တည်ဆောက်၍ ရင်းနှီးမြှုပ်နှံသွားမည်

မန္တလေး ဇွန် ၂၈
ဗြိတိန်နိုင်ငံအခြေစိုက် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံတွင် အမျိုးအစားကောင်းမွန်သော နွားမွေးမြူခြင်းနှင့် ထိုမှ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်၍ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ (MRCCI) အသင်း ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်ကျော်ထံက သိရသည်။

အဆိုပါ စီမံကိန်းကို ဗြိတိန်နိုင်ငံအခြေစိုက် ယူနိုက်တက်ဂရင်း Investmant ကုမ္ပဏီက CDC,DFC, OFC,ADB တို့၏ အကူအညီများဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ယင်းကုမ္ပဏီသည် ပုဂ္ဂလိကပိုင် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်နေသော ဥရောပ၊ အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် နှစ် ၆၀ ကျော်အောင်မြင်စွာ ရင်းနှီးမြှုပ်နှံခဲ့သည့် လုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

၎င်းစီမံကိန်းအတွက် British Chamber of Commerce (UK) မှ CEO Mr. Peter Crowhurst နှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်း အဆိုပြုလုပ်ဆောင်မှုအတွက် MRCCI မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းသိရပြီး စီမံကိန်းအတွက် နိုင်ငံတော်အစိုးရအပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တစ်ပိုင်တစ်နိုင် မွေးမြူရေးသမားများပါ ပါဝင်လာစေရေးကို ဦးစားပေး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထို့အတူ ရည်မှန်းထားသောမွေးမြူရေးဧက များပြားလွန်းသဖြင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် နီးစပ်သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းနှင့် ရှမ်း၊ မန္တလေးနယ်စပ်များပါ ထည့်သွင်းရေးကို ဆွေးနွေးခဲ့ပါကြောင်း၊ ယင်းစီမံကိန်းမှ အသား၊ နို့နှင့် နို့ထွက်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်း ဈေးနှုန်းချိုသာစွာနှင့် ရရှိစေပြီး ပြည်ပနိုင်ငံများသို့ အဓိကထား တင်ပို့ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ကာ နောက်တစ်ဆင့်အနေဖြင့် အသားထုတ်လုပ်မှုကို အိမ်နီးချင်း တရုတ်နိုင်ငံသို့ပါ တင်ပို့ရောင်းချသွားမည့် အစီအစဉ်များလည်း ပါဝင်ကြောင်း၊ ထိုသို့ထွက်ရှိလာသော ထုတ်ကုန်များမှာ မြန်မာ့ထုတ်ကုန်များအဖြစ် ရောင်းချတင်ပို့မည်ဖြစ်၍ အားပေးပါကြောင်း၊ စီမံကိန်းပထမအဆင့်တွင် နို့စားနွားကောင်ရေ နှစ်သောင်း စတင်မွေးမြူသွားမည်ဖြစ်ပြီး လိုအပ်မည့်အစာများအတွက် ကောက်ပဲသီးနှံစိုက်ပျိုးခြင်းများ၊ အစာသယ်ယူပို့ဆောင်ရေးဆောင်ရွက်မည့်အခန်းကဏ္ဍ အစီအစဉ်များလည်း ပါဝင်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာနိုင်ပါကြောင်း၊ ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုမျိုးကို တောင်အာဖရိကတွင်လည်းပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံတွင် အလားတူလုပ်ဆောင်မည့် စီမံကိန်းဖြစ်ကြောင်း၊ထို့ပြင် ပြည်တွင်းရှိ နို့စားနွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူများ မထိခိုက်စေရေးနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များလည်း ပါဝင်ကြောင်း၊ ယင်းစီမံကိန်းအတွက် လက်ရှိတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံမှုများ အဆက်မပြတ်ပြုလုပ်နေပြီး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံတော်မှ ခွင့်ပြုချက်ရရှိပါက တိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကို ဖိတ်ခေါ်ချိတ်ဆက်ကူညီပေးမည်ဖြစ်ကြောင်း MRCCI အသင်း ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်ကျော်ကပြောကြားသည်။

"ဒီစီမံကိန်းအတွက် မြေအမျိုးအစားမရွေး မြေဧကသောင်းဂဏန်းလောက် လိုအပ်တယ်လို့ သိရပါတယ်။ တစ်ဆက်တစ်စပ်တည်းမဟုတ်ပါဘူး။ ဟိုနေရာမှာ ဧက ၅၀၀၊ ဒီနေရာမှာဧက ၅၀၀ စသည်ဖြင့် လုပ်ငန်းတစ်ခုလုံးအတွက် ပေါင်းလိုက်ရင် လိုအပ်တဲ့ဧက ရနိုင်ကြောင်းနဲ့ နိုင်ငံတော်ကပေးနိုင်တဲ့ မြေနေရာ အနေအထားကလည်း ဧကသောင်းချီမရှိတဲ့အတွက် ပုဂ္ဂလိက လုပ်ငန်းရှင်တွေ ပူးပေါင်းပါဝင်လာမှ အဆင်ပြေမှာပါ" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ထို့အပြင် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရန်နှင့် နွားမွေးမြူရေးလုပ်ငန်းများအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခန့် ခန့်မှန်းထားပြီး ခေတ်သစ်ထုတ်လုပ်မှုလုပ်ငန်း အပြည့်အဝလည်ပတ်ချိန်တွင် ခန့်မှန်းခြေအားဖြင့် လူဦးရေ ၇၅၀ ကျော်ခန့် အလုပ်အကိုင်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ပျဉ်းမနားမြို့ ရန်ကုန် – မန္တလေးကားလမ်းဟောင်း ငလိုက်ချောင်းကူး လေးလမ်းသွား ကွန်ကရစ်တံတားတည်ဆောက်မှု ပထမအဆင့် နှစ်လမ်းသွား ပြီးစီး

ပျဉ်းမနား ဇွန် ၂၈
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့၏ အဓိကကွန်ရက်တံတားကြီးဖြစ်သော ရန်ကုန် - မန္တလေးလမ်းဟောင်း ငလိုက်ချောင်းကူး သံပေါင်တံတားကြီးသည် အင်္ဂလိပ်များ အုပ်စိုးစဉ်က တည်ဆောက်ခဲ့သည့် တံတားကြီးဖြစ်ပြီး သက်တမ်းကြာမြင့်သည်နှင့်အမျှ တံတားခံနိုင်ရည် ကျဆင်းလာသည့်အတွက် အဆိုပါ တံတားနှင့် ဘေးချင်းယှဉ်၍ တံတားအသစ်တည်ဆောက်လျက်ရှိရာ ယခုအခါ ပထမနှစ်လမ်းသွားပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။**(ဓာတ်ပုံ)**

လေးလမ်းသွား တည်ဆောက်နေသည့် အဆိုပါ သံကူကွန်ကရစ်တံတားကြီးကို ၂၀၁၉ ခုနှစ် ဧပြီလ ဒုတိယပတ်မှ မြေပန္နက်ရိုက်၍ စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အခု ဇွန် ၃၀ ရက်မှာ Load Test ပဏာမစမ်းသပ်ပြီး ဇူလိုင်လ ပထမပတ်မှာ ပထမဆင့်ပြီးစီးသွားတဲ့ နှစ်လမ်းသွား တံတားအသစ်ကို စတင်အသုံးပြုသွားမှာဖြစ်ပါတယ်။ တံတားအသစ်နှစ်လမ်းသွား အသုံးပြုခွင့်ပေးတဲ့နေ့က စပြီး မူလရှိရင်းစွဲတံတားအဟောင်းကို စတင်ဖြိုဖျက်ပြီး ကျန်ရှိတဲ့နှစ်လမ်းသွားတံတားကို တစ်ချိန်တည်း တည်ဆောက်သွားမှာဖြစ်ပါတယ်" ဟု တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယခု တည်ဆောက်နေသည့် ငလိုက်ချောင်းကူး လေးလမ်းသွား ကွန်ကရစ်တံတားကြီးအား ပျဉ်းမနားမြို့မှ "စိုး" လျှပ်စစ်ဖောင်ဒေးရှင်း မိသားစုက နိုင်ငံတော်သို့ သိန်းပေါင်း နှစ်သောင်းခွဲ ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် အပြီးတည်ဆောက် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

ခပေါင်းဆည်ရေသောက်ဧရိယာ၌ တောင်သူများပါဝင်သော ရေအသုံးချသူများအဖွဲ့များ တိုးချဲ့ဖွဲ့စည်း

နေပြည်တော် ဇွန် ၂၈
ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ ခပေါင်းဆည်ရေသောက် ဧရိယာတွင် စိုက်ပျိုးရေကို အလေအလွင့်မရှိ စနစ်တကျစီမံခန့်ခွဲရန်၊ တောင်သူများ စိုက်ပျိုးရေကို ညီညီမျှမျှ ရယူအသုံးပြုနိုင်ရန်နှင့် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် (PIM) ဖော်ဆောင်ရန်အတွက် တောင်သူများပါဝင်သော ရေအသုံးချသူများအဖွဲ့ (WUG) များကို တိုးချဲ့ဖွဲ့စည်းလျက်ရှိကြောင်း ဆည်မြောင်းတည်ဆောက်ရေး(၅)မှ သိရသည်။

ဆည်မြောင်းတည်ဆောက်ရေး (၅)အနေဖြင့် ခပေါင်းဆည်ရေသောက် ဧရိယာအတွင်းရှိ မြောင်းမကြီး (သို့မဟုတ်) လက်တံမြောင်းများမှ တိုက်ရိုက် ပေးဝေသော ရေထုတ်ပေါက်များ၏ လယ်ကြားမြောင်းများတွင် ရေအသုံးချသူများအဖွဲ့ (WUG)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဧပြီလအထိ အဖွဲ့ပေါင်း ၅၀ ဖွဲ့စည်းနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန် ၁၈ ရက်တွင် WUG ကိုးဖွဲ့ အသစ်ထပ်မံဖွဲ့စည်းနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ခပေါင်းဆည် ရေသောက်ဧရိယာ၌ နွေစပါးစိုက်ဧက ၃၈၁၉၄ ဧက စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ပြီး မိုးစပါး ၅၃၂၈၆ ဧက စိုက်ပျိုးနိုင်ရန်အတွက် ရေအသုံးချသူများ အဖွဲ့ဝင်တောင်သူများသည် မိမိတို့နှင့်သက်ဆိုင်သည့် လယ်ကြားမြောင်းများအလိုက် WUG အဖွဲ့များ ဖွဲ့စည်းပြီး စိုက်ပျိုးရေရယူမည့် အစီအစဉ်ကို ဆည်မြောင်းတည်ဆောက်ရေး (၅) မှ တာဝန်ရှိသူများနှင့် ကြိုတင်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

ထက်လျှံ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လှေကားထစ်လယ်မြေ ၂၉၃ ဧက အကောင်အထည်ဖော်မည်

မုံရွာ ဇွန် ၂၈
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ လေးနှစ်တာကာလအတွင်း ခေတ်မီတောင်စောင်းစိုက်ပျိုးရေးစနစ်ကို အကောင်အထည်ဖော်နိုင်ရန် လှေကားထစ်လယ်မြေ ၂၉၃ ဧကကို ဖော်ထုတ်ပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံထံက သိရသည်။

"နာဂဒေသမှာ အသုံးပြုစိုက်ပျိုးတဲ့စနစ်က ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးနည်းစနစ်ဖြစ်တယ်။ ဒီစိုက်ပျိုးနည်းစနစ်က သစ်တောတွေ ပြုန်းတီးတယ်။ နောက်ဆက်တွဲအနေနဲ့ မြေဆီမြေလွှာတွေ ဆုံးရှုံးတဲ့အတွက် ရေရှည်မှာ စိုက်ပျိုးမြေနေရာ အခက်အခဲဖြစ်လာမယ်။ ဒါကြောင့် ရေရှည်အသုံးပြုနိုင်မယ့်ဒေသမှာလည်း အမြဲစိမ်းလန်းစိုပြည်နိုင်စေမယ့် စိုက်ပျိုးနည်းစနစ်ဖြစ်တဲ့ ခေတ်မီတောင်စောင်း စိုက်ပျိုးနည်းကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ စီစဉ်နေတာဖြစ်တယ်။ စံပြစိုက်ခင်းတွေအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကနေ ဒီကနေ့အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနဲ့ စိုက်ဧက ၃၆ ဧကကို စံပြစိုက်ခင်းအနေနဲ့ လုပ်ဆောင်ပေးခဲ့ပြီး ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးစနစ်ကို အများဆုံးအသုံးပြုလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းစေပြီး ရေရှည်စိမ်းလန်းတည်တံ့စေမည့် ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းနစ်ကို အကောင်အထည်ဖော်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဖေယျာတိုင်း)

လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်လိုက်သော ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီး

.... ခရမ်းစိုးမြင့် ....

ရန်ကုန်-ပုသိမ် မူလနှစ်လမ်းသွား အမှတ်(၅) အဝေးပြေးလမ်းမကြီးအား ကွန်ကရစ် လေးလမ်းသွား ၄၈ ပေအကျယ်အထိ အဆင့်မြှင့်တင်ဖောက်လုပ်နေကြောင်း ကြားသိရ၍ ကျွန်တော်သည် သတင်းဆောင်းပါးရေးရန်အစီအစဉ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး၏ လမ်းဦးစီးဌာနရှိရာ မြို့တော်ပုသိမ်သို့ ကားတစ်စီးဖြင့် သွားခဲ့သည်။

ဦးရန်နိုင်ဇော် ညွှန်ကြားရေးမှူး(မြို့ပြ)

ရန်ကုန်-ပုသိမ် အဝေးပြေးကားလမ်းမကြီးသည် ရန်ကုန်မှပုသိမ်အထိ တိုက်ရိုက် (၁၁၃ မိုင် ၂ ဖာလုံ) ရှည်လျားစွာ ဖောက်လုပ်ထားသော်လည်း ရန်ကုန်-ပုသိမ် လမ်းမိုင်တိုင်အမှတ် (၄၁ မိုင် ၃ ဖာလုံ)ရှိ ဧရာဝတီမြစ်ကူး တံတားကြီး ဗိုလ်မြတ်ထွန်းတံတားမှတစ်ဆင့် ဟင်္သာတ၊ မြောင်းမြ၊ လပွတ္တာနှင့် ဝါးခယ်မသို့လည်းကောင်း၊ မိုင်တိုင် အမှတ်(၃၃)မှတစ်ဆင့် မအူပင်မြို့သို့ လည်းကောင်း သွားလာ၍ရသော လမ်းမကြီးဖြစ်သည်။ ရန်ကုန်မြို့မှ ဗိုလ်မြတ်ထွန်းတံတားအထိ တစ်နေ့ ဖြတ်သန်းသွားလာ မောင်းနှင်နေသော ယာဉ်စီးရေ ၃၈၀၀ နှင့် ဗိုလ်မြတ်ထွန်း တံတားမှ ပုသိမ်အထိ တစ်နေ့ယာဉ်စီးရေ ၂၇၀၀ သွားလာ မောင်းနှင်လျက်ရှိသည်ဟု သိရသည်။

ရန်ကုန်မှ ဗိုလ်မြတ်ထွန်းတံတားအထိ အပိုင်းသည် ယာဉ်သွားလာမှုများပြားသောကြောင့် အရေးကြီးသော လမ်းပိုင်းဖြစ်သည့်အတွက် မူလ ၂၄ ပေအကျယ် ကတ္တရာ လမ်းမှ ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်-ပုသိမ် အမှတ် (၅) အဝေးပြေးလမ်းမကြီး နှစ်လမ်းသွား ၂၄ ပေ အကျယ်မှ လေးလမ်းသွားပေ ၃၀ အကျယ် ၄၈ ပေ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရခွင့်ပြု ရန်ပုံငွေကျပ် သန်း ၂၉၀၀၀ သုံးစွဲ၍ လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) (တည်ဆောက်ရေး)နှင့် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီး ဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရန်နိုင်ဇော် ဦးဆောင်ပြီး တာဝန်ယူဆောင်ရွက်နေကြသည်။

သမိုင်းနောက်ခံ

ဧရာဝတီတိုင်းဒေသကြီးသည် ရှေးအခါက မွန်သုံးရပ် ဖြစ်သော မွန်တိ၊ မွန်စ၊ မွန်ညတို့၌ "မွန်ည" ဒေသတွင် ပါဝင်ခဲ့ကြောင်း မှတ်သားရပြီး အလောင်းမင်းတရားကြီး၏ တတိယမြန်မာနိုင်ငံတော်တွင်လည်း ရာမညတိုင်းအတွင်း ပါဝင်ခဲ့သည်ဟု သိရသည်။ ဗြိတိသျှကိုလိုနီခေတ်၌ "ပဲခူးတိုင်း" ဟု သတ်မှတ်ဖွဲ့စည်းသောအခါ ဟံသာဝတီခရိုင်၊ ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင်ဟူ၍ ခရိုင်သုံးခုရှိခဲ့ရာ ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင်တို့သည် ယနေ့ဧရာဝတီတိုင်း ဒေသကြီး၏ နယ်ပယ်များဖြစ်နေကြပြီ ဖြစ်သည်။ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးသည် ခေတ်တည်သမိုင်းဝင်မြန်မာ ဘုရင် နန်းစိုက်ခြင်း မရှိခဲ့သော်လည်း ဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်နှစ်ဦးတို့ ဘုရားရှင်၏ဆံတော်မြတ်ကို မဇ္ဈိမဒေသမှ ဒဂုံသို့ပင့်ဆောင်ရာတွင် မော်တင်စွန်း အရပ်သို့ရောက်ရှိ ခဲ့ကြစဉ် ဇေယျသေနနဂါးမင်းက ဆံတော် နှစ်ဆူကို ဆောင်ယူ၍ မော်တင်စွန်းစေတီတော်ကို ဌာပနာပြု တည်ထား ခြင်း၊ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး ရေကြောင်းခရီးဖြင့် ပြည်တွင်းပြည်ပသို့ တိုင်းခန်း လှည့်လည်ရာတွင် ပုသိမ်ဆိပ်ကမ်းကို အထောက်အနား စခန်းပြု၍ သွားလာကြွချီခဲ့ခြင်း၊ ရဟန္တာအရှင်မြတ်များ၊ သာသနာပြုပုဂ္ဂိုလ်များ၊ သီဟိုဠ်နှင့် မဇ္ဈိမသို့ ကြွချီရာတွင် လည်းကောင်း၊ ဓာတ်တော်မွေတော်များကို မြန်မာပြည်တွင်း သို့ ပင့်ဆောင်လာကြရာတွင် လည်းကောင်း၊ ပုသိမ်မြို့နှင့် ပုသိမ်ဆိပ်ကမ်းဒေသသည် ဝင်ထွက်ပြုရာ တံခါးသဖွယ် တစ်ထောက်နား၊ ထပ်ဆင့်ဖြန့်ဖြူးခရီးဆက်ရာ အချက် အချာဖြစ်ခြင်းများအပြင် ပုဂံခေတ်ထက်စောသော ရှေးဟောင်းမြို့ပြယဉ်ကျေးမှုရနိုင်သည့် အခြေအနေများ တွေ့ရှိရသဖြင့် သုတေသနပြုလုပ်နေရသည်အထိ ထူးခြား သော သမိုင်းဝိသေသများ ကြွယ်ဝလျက်ရှိသည်။ ဤသည်ကား ဧရာဝတီတိုင်းဒေသကြီး၏ သမိုင်းနောက်ခံဖြစ်၏။

ယနေ့ဧရာဝတီ

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် နှစ် ၅၀ နီးပါးအထိ ဧရာဝတီတိုင်းဒေသကြီးသည် ပုံမှန်အနေအထား များဖြင့် ရပ်တည်နေခဲ့ပေသည်။ မြစ်ချောင်းအင်းအိုင် ပေါများပြီး လူဦးရေထူထပ်သိပ်သည်းသော တိုင်းဒေသကြီး တစ်ခုဖြစ်သည့် အားလျော်စွာ ရေလမ်းခရီးကိုသာ အဓိက ထား၍ သွားလာကူးသန်းနေကြရသည်။ မိရိုးဖလာစီးပွား ရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကို လုပ်ကိုင်ကြလျက် ဆန်စပါး၊ လယ်ယာထွက်ကုန်၊ သစ်တော ထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများကို ရောင်းဝယ် ဖောက်ကားနေကြသည်။ ထို့ကြောင့် ဧရာဝတီတိုင်းဒေသ ကြီးသည် နိုင်ငံတော်၏ စပါးကျီဟု တင်စားရလောက်သည် အထိ ဘွဲ့ကိုပိုင်ဆိုင်ထားသည်။ ပြည်တွင်းသာမက ပြည်ပ သို့ပါ တင်ပို့နိုင်သော ဆန်စပါး၊ ကျွန်းသစ်နှင့် သား၊ ငါး၊ ပုစွန်တို့ကလည်း လှိုင်လှိုင်ထွက်ရှိပေးကြသည်။ ဤသည် တို့မှာ နိုင်ငံတော်တွင် ကြီးမားသောစီးပွားအင်အားတစ်ခု ဖြစ်၍နေပေသည်။

တိုင်းရာတွင် သိသာထူးကဲသောပြောင်းလဲတိုးတက်မှု အချို့ ယခင်ကပေါ်ပေါက်ခဲ့ဖူးပေသည်။ သာဓကအားဖြင့် ပုသိမ်-မုံရွာ-ရေဦးလမ်းမကြီး စတင်ဖောက်လုပ်ခြင်းနှင့် ရေနံမြေသစ်များ ရှာဖွေတွေ့ရှိခြင်းတို့ဖြစ်သည်။ ဤစီမံ ကိန်းကြီးများသည် ဒေသအတွင်း နေထိုင်သူများအဖို့ အထူးအားတက်ဖွယ်ဖြစ်ခဲ့ရသည်။ ၁၉၆၄ ခုနှစ်ဝန်းကျင်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် "ရွှေမည်းကို မြေထဲက တူးဖော်နိုင်ပြီ" ဟူသောအသိဖြင့် မြန်အောင်ရေနံမြေ၊ ရွှေပြည်သာရေနံမြေများကို ဖော်ထုတ်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ဤတိုးတက်မှုအပြောင်းအလဲများထက် သာလွန် ၍ တိုင်းခွင်တစ်လွှား သမိုင်းတွင်သွားအောင် ထူးခြား ထက်မြက်သည့် ဆင့်ကဲဆင့်ကဲ အကျိုးဆက်ဖြစ်စဉ်များ တိုးတက်သစ်လွင်လာခဲ့ပေသည်။ ၎င်းမှာ ရန်ကုန်မြို့မှ အနောက်သို့ တိုးထွက်လာသော အမှတ်(၅) အဝေးပြေး လမ်းမကြီးခေါ်သည့် ရန်ကုန်-ပုသိမ်ကားလမ်း၊ ၎င်းလမ်းမ ကြီးနှင့် ဆက်စပ်ပေါ်ထွန်းလာသော စီမံကိန်းဝင်တံတား ကြီးများ၊ မြစ်ချောင်းအင်းအိုင်များ၊ သဘာဝကွေ့ကောက်မှု များအပေါ် လွှမ်းမိုး၍ ဧရာဝတီတိုင်းဒေသကြီး၏မြေကြော ရေကြောကို ရှုံ့စေလိုက်သောအလျားလိုက်နှင့် ကန့်လန့် ဖြတ်လမ်းကွန်ရက်များ၊ ဤလမ်းကွန်ရက်များကြောင့် ယခုအခါ ဧရာဝတီတိုင်းဒေသကြီးကို ကားနှင့်ပတ်၍ရနေပြီ ဖြစ်သည်။

ယခုထပ်၍ ထိုရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီးကို ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးက လေးလမ်းသွား ၄၈ ပေအဆင့်မြှင့်တင်ပေးလိုက်ပြန်သဖြင့် ၎င်းအဝေးပြေး လမ်းမကြီးကို အသုံးပြု၍ လည်းကောင်း၊ ယင်းလမ်းမကြီး နှင့်ဆက်စပ်ပေါ်ထွန်းလာသော စီမံကိန်းဝင်တံတားကြီး များပေါ်မှဖြတ်၍ ဧရာဝတီကိုကျော်ပြီး ရခိုင်အထိ လည်းကောင်း ခရီးပေါက်ကြတော့မည်ဖြစ်သည်။

အဆင့်မြှင့်တင်

ရန်ကုန်-ပုသိမ်လမ်း၏အစဖြစ်သော မိုင်(၀/၀) မှ (၅/၄) အထိအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိပြီး မိုင်(၅/၄) မှ (၇/၄)အထိ အပိုင်းအား Oriental Highways Co.,Ltd က ၄၈ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ်နှင့် မိုင်(၇/၄)မှ (၁၇/၄)အထိ အပိုင်း အား ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက် လျက်ရှိသည်။

ကျွန်တော်သည် ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင်၍ လေးလမ်းသွား ဖောက်လုပ်နေမှုကို ရန်ကုန်မှပုသိမ်အထိ ကားတစ်စီးဖြင့် ဖြတ်သန်းသွားရောက် လေ့လာခဲ့ပြီးနောက် ဧရာဝတီတိုင်းဒေသကြီး၏မြို့တော် ပုသိမ်သို့ရောက်ရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၏ လမ်းဦးစီးဌာနသို့သွားရောက်၍ တာဝန်ယူဆောင်ရွက်နေသည့် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရန်နိုင်ဇော်အား တွေ့ဆုံမေးမြန်းရာ ညွှန်ကြားရေးမှူး ဦးရန်နိုင်ဇော်က လမ်းမကြီးဖောက်လုပ်ရာတွင် လုပ်ငန်းခွင် နှင့် မလွတ်ကင်းသော ဓာတ်တိုင်များ၊ သစ်ပင်များ၊ ကျူးကျော်လူနေအိမ်များ ဖယ်ရှားသော လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က မအူပင်ခရိုင် အုပ်ချုပ်ရေးမှူးဦးဆောင်သော လုပ်ငန်းအထောက်အကူပြု အဖွဲ့ဖွဲ့စည်း၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

လမ်းဦးစီးဌာနအနေဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) နှင့် အင်ဂျင်နီယာချုပ် (မြို့ပြ) (တည်ဆောက်ရေး)တို့ဦးဆောင်၍ ညွှန်ကြားရေးမှူး(မြို့ပြ) (တည်ဆောက်ရေး) တစ်ဦး၊ အရည်အသွေးထိန်းသိမ်းရေး ဌာနမှ ညွှန်ကြားရေးမှူး တစ်ဦး၊ စက်မှုဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး တစ်ဦးတို့အား လုပ်ငန်းအကောင်အထည် ဖော် အဆင်ပြေချောမွေ့စေရန် တာဝန်ပေးဆောင်ရွက် လျက်ရှိကြောင်း။

စနစ်တကျဆောင်ရွက်

ယခု ရန်ကုန်-ပုသိမ်လမ်း လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်နေချိန်တွင် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်း ရေးအတွက် သတ်မှတ်ထားသော စည်းကမ်းများအား လိုက်နာပြီး တစ်နေ့တာလုပ်ငန်းများ မစတင်မီအချိန်တွင် နေ့စဉ် Tool Box Meeting လုပ်၍ အလေးထားဆောင်ရွက် လျက်ရှိကြောင်း၊ ယာဉ်သွားလာမှုများပြားသော လမ်းတွင် ဆောင်ရွက်ရသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုမရှိစေ ရန်နှင့် လုပ်ငန်းခွင်လုပ်သားများ ယာဉ်သွားလာမှုကြောင့် ထိခိုက်မှုမရှိစေရန် စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း။

၁၁.၃.၂၀၂၀ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့(WHO) က COVID-19 ရောဂါအား ကမ္ဘာ့ကပ်ရောဂါ (Pandemic) အဖြစ် ကြေညာပြီးနောက် လုပ်ငန်းခွင်တွင် COVID-19 ရောဂါကူးစက်မှုမရှိစေရေးအတွက် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနတို့မှ ထုတ်ပြန်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၃.၃. ၂၀၂၀ ရက်နေ့တွင် COVID-19 ရောဂါ ပထမဆုံးလူနာ တွေ့ရှိပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရန်အတွက် လူစုလူဝေးပြုလုပ်ခြင်းများအား တားမြစ်ခြင်း၊ ညမထွက် ရအမိန့်များထုတ်ပြန်ခြင်း စသည့် ကန့်သတ်ချက်များ ထုတ်ပြန်ခြင်းနှင့် မဟာသင်္ကြန်ရုံးပိတ်ရက်များကြောင့် လည်းကောင်း၊ လုပ်သားများအကြားတွင် COVID-19 ရောဂါကူးစက်ပြန့်ပွားမှုအား ကြောက်ရွံ့၍လည်းကောင်း လုပ်ငန်းခွင်စွန့်ခွာမှုမရှိစေရေးအတွက် စည်းရုံး၍ လုပ်ငန်း အား အရှိန်အဟုန်မပျက် အချိန်မီပြီးစီးအောင် ဆောင်ရွက် နိုင်ခဲ့ကြောင်း ဖြေကြားခဲ့ပါသည်။

လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့် အချိန်တွင် လမ်းတာပေါင် ရေနှင့်ထိစပ်သောအပိုင်းများ၌ Steel Sheet Pile, PVC Sheet Pile များရိုက်ခြင်း၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် အသိပေးဆိုင်းဘုတ်များ တပ်ဆင် ခြင်းလုပ်ငန်းများ၊ အသစ်တည်ဆောက်ထားသော လမ်း တာပေါင်အား မြက်များစိုက်ပျိုး၍ တာပေါင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

ယနေ့ ဧရာဝတီတိုင်းဒေသကြီးသည် မိရိုးဖလာစိုက်ပျိုး ရေးလုပ်ငန်းကို ဆောင်ရွက်နေရာမှ အရှိန်အဟုန်မြှင့်တင် ပေးလိုက်သော ရေလှောင်တမံကြီးများ၊ ရေထိန်းတံခါးများ နှင့် မြစ်ရေတင်စီမံကိန်းများ၊ ၎င်းတို့၏အကျိုးဆက်ဖြစ်သော မိုးစပါး၊ နွေစပါးအထွက်နှုန်းများ၏ ကျေနပ်အားရဖွယ် ကိန်းဂဏန်းများ၊ သီးခြားတက္ကသိုလ်ကြီးများ၊ ဒီဂရီ ကောလိပ်များ၊ အဏ္ဏဝါသိပ္ပံသုတေသနဓာတ်ခွဲခန်းများ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ၊ မိုက်ကရိုဝေ့ဖ် စခန်းများ၊ ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်းနှင့် ပြည်ပရေအောက်ကေဘယ်လ်စခန်းများ၊ ဝမ်းမြောက်ဖွယ် ပေါ်ထွက်လာသောအပန်းဖြေရာ ငွေဆောင်၊ ချောင်းသာ စသည့် သဘာဝကမ်းခြေ အလှများနှင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများ စသည့် တိုးတက်မှုတို့နှင့်အတူ ယခုအဆင့် မြှင့်တင်ပေးလိုက်သော အမှတ်(၅) လေးလမ်းသွား ရန်ကုန်- ပုသိမ်အဝေးပြေးလမ်းမကြီးသည် ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံးအတွက် ထာဝရအကျိုးပြုမည့်လမ်းမကြီးအဖြစ် ရပ်တည်လျက် ရှိပေတော့မည်။ ။

ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင်တည်ဆောက်နေစဉ်။

"ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီးကို ဧရာဝတီတိုင်းဒေသကြီးလမ်းဦးစီးကလေးလမ်းသွား၄၈ပေအဆင့်မြှင့်တင်ပေးလိုက်ပြန်သဖြင့် ၎င်းအဝေးပြေးလမ်းမကြီးကို အသုံးပြု၍လည်းကောင်း၊ ယင်းလမ်းမကြီးနှင့် ဆက်စပ်ပေါ်ထွန်းလာသော စီမံကိန်းဝင်တံတားကြီးများပေါ်မှ ဖြတ်၍ ဧရာဝတီကိုကျော်ပြီး ရခိုင်အထိလည်းကောင်း ခရီးပေါက်ကြတော့မည်"

ကမ္ဘာ့ဖလားခြေစစ်ပွဲကာလတွင် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားမည်

ရန်ကုန် ဇွန် ၂၈

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စု လက်ကျန်ပွဲများ ကစားမည့်ကာလတွင် နိုင်ငံတကာ ခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲများကို အောက်တိုဘာနှင့် နိုဝင်ဘာလတွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလတွင် ခြေစမ်းပွဲတစ်ပွဲကစားမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါအခြေအနေမှာ အလုံးစုံထိန်းချုပ်နိုင်ခြင်း မရှိသေးသောကြောင့် မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ခြေစမ်းပွဲများစွာ ကစားနိုင်ရန် မဖြစ်နိုင်သေးသဖြင့် တစ်ပွဲသာကစားရန် စီစဉ်ထားခြင်းဖြစ်ပြီး ဖိတ်ကြားထားသည့်အသင်းများအပေါ် မူတည်၍ ကစားမည့်ကွင်းနှင့်ရက် သတ်မှတ်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလတွင် ကစားရမည့် ဂျပန်အသင်းနှင့် အဝေးကွင်း

မြန်မာနှင့် နီပေါအသင်း ၂၀၁၉ ခုနှစ်က ခြေစမ်းပွဲကစားနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

မတိုင်မီ မကစားဖြစ်ပါက နိုဝင်ဘာလမှသာ ကစားဖြစ်ဖွယ်ရှိနေသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားခွင့်ရရန် အသင်းများ စတင်ဖိတ်ကြားနေပြီဖြစ်ပြီး အာရှနှင့် အရှေ့တောင်အာရှ အသင်းများကို ဖိတ်ကြားနေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလက နီပေါအသင်းနှင့် ခြေစမ်းပွဲကစားပြီးနောက်ပိုင်း နိုင်ငံတကာခြေစမ်းပွဲ ကစားရခြင်းမရှိသေးဘဲ တစ်နှစ်နီးပါးအကြာမှသာ ပြန်လည်ကစားရမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ၂၀၁၉ ခုနှစ်တွင် နိုင်ငံတကာခြေစမ်းပွဲ လေးပွဲ ကစားခဲ့ပြီး တရုတ် (တိုင်ပေ)၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ နီပေါအသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ကာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲ ရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲများအဖြစ် အောက်တိုဘာ ၈ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၃ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်းပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ညီမြတ်သော်တာ

လူငယ်ကစားသမားများ ထွက်ပေါ်လာရန် ရည်ရွယ်ကျင်းပသည့် ယူ-၁၄ လူငယ်လိဂ်ပြိုင်ပွဲကို ဇန်လေးဇုန်ခွဲ၍ ကျင်းပမည်

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်ကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပသည့် ယူ-၁၄ လူငယ်လိဂ်ပြိုင်ပွဲကို ယခုနှစ်အတွင်း စတင်ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကျင်းပခွင့်ရရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ ခွင့်ပြုချက်တောင်းခံခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့ပြီး စက်တင်ဘာလတွင် စတင်ကျင်းပနိုင်ရန် လျာထားကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ဇုန်လေးဇုန်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အသင်းပေါင်း ၂၄ သင်း ပါဝင်မည်ဖြစ်ကာ ဇုန်တစ်ခုလျှင် အနည်းဆုံးငါးသင်း ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများ ပါဝင်သည့် လူငယ်လိဂ်ပြိုင်ပွဲကို ကျင်းပနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များနှင့် ပူးပေါင်းကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လူငယ်စီမံကိန်းများကို အရှိန်တိုးမြှင့်ကျင်းပသွားမည်ဖြစ်ပြီး ယူ-၁၄ လူငယ်လိဂ်ပြိုင်ပွဲအပေါ် မူတည်၍ ယူ-၁၆ လူငယ်လိဂ်ပြိုင်ပွဲကိုပါ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ညီမြတ်သော်တာ

○ *ကျော်ဖုံးမှ*

တိုင်းတာရာတွင် စနစ်တကျရှိစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ကျောင်းမလာမီနှင့် လာရောက်စဉ် မိဘနှင့်ကျောင်းသားကျောင်းသူများ လိုက်နာရမည့်အချက်များ၊ လက်ဆေးခြင်း၊ ကျောင်းစာသင်ခန်းတွင် လိုက်နာရမည့်အချက်များစသည့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

❊ *ကျော်ဖုံးမှ*

ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာ ခရီးသည်တင် လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၅၈၂၇ ဦးအား ကယ်ဆယ်ရေး လေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည် ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ ဇူလိုင် ၁ ရက်တွင်လည်း စင်ကာပူဆိပ်ကမ်း၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒသမအကြိမ်မြောက် ကယ်ဆယ်ရေး လေယာဉ်ဖြင့်မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

Elite Tour 8 Ball ပြိုင်ပွဲ၏ ပထမဆုံး ဇုန်အလိုက်ပြိုင်ပွဲတွင် ဘုန်းမြင့်ကျော် ရှုံးပွဲကြုံ

ရန်ကုန် ဇွန် ၂၈

Elite Tour 8 Ball ပြိုင်ပွဲ၏ ပထမဆုံး ဇုန်အလိုက်ပြိုင်ပွဲကို ဇွန် ၂၇ ရက်က တရုတ်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော်(ခ) အားတီ (ခ) မောင်မောင် ရှုံးပွဲကြုံတွေ့ခဲ့သည်။

ဘုန်းမြင့်ကျော်သည် ၃၂ ဦး ပထမအဆင့်တွင် တရုတ်ကစားသမား ရန်ဖန်နှင့် ယှဉ်ပြိုင်ကစားရာ ၁၅ ပွဲ-၁၃ ပွဲဖြင့် အရေးနိမ့်ခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ခွင့်ဆုံးရှုံးခဲ့သည်။ ဘုန်းမြင့်ကျော်သည် ပထမအဆင့်မှ စောစီးစွာထွက်ခဲ့ရသောကြောင့် ဒုတိယဇုန်အလိုက် ပြိုင်ပွဲယှဉ်ပြိုင်ရန် လက်ရည်စစ်ပွဲထပ်မံကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဇုန်အလိုက် ပြိုင်ပွဲလေးခု စတင်ကျင်းပကာ နောက်ဆုံးအဆင့်ပြိုင်ပွဲကို နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။ ဇုန်အလိုက် ပြိုင်ပွဲလေးခုမှရရှိသည့် ရမှတ်များကို တွက်ချက်ပြီး အမြင့်ဆုံးရရှိသူ ၃၂ ဦးကို နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

◆ *ကျော်ဖုံးမှ*

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်သော စနေနေ့ညတွင် ယှဉ်ပြိုင်ခဲ့သည့် နော့ဝှစ်ချ်နှင့် မန်ယူပွဲတွင် အဝေးကွင်း၌ မန်ယူအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအတွက် ပွဲချိန် ၅၁ မိနစ်တွင် အီဂါလိုက သွင်းယူပေးပြီး နော့ဝှစ်ချ်အတွက် ပွဲချိန် ၇၅ မိနစ်တွင် ကန့်ဝဲလ်က သွင်းယူပေးခဲ့သည်။ ပွဲအပြီး တစ်ဂိုးစီ သရေဖြစ်နေ၍ အချိန်ပိုကစားရာ ၁၁၈ မိနစ်တွင် မက်ဂွိုင်းယားက သွင်းယူပေးသဖြင့် မန်ယူအနိုင်ရရှိခဲ့သည်။ လက်စတာနှင့် ချယ်လ်ဆီးပွဲတွင် ချယ်လ်ဆီးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ **သီဟ**

၂၀၁၉-၂၀၂၀ ဘွန်ဒက်စ်လီဂါပြိုင်ပွဲပြီးဆုံးမှုနှင့် မှတ်တမ်းမှတ်ရာများ

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲသည် ယမန်နေ့က ပွဲစဉ် (၃၄) ယှဉ်ပြိုင်ကစားအပြီး ပွဲစဉ်အားလုံးပြီးဆုံးခဲ့ပြီဖြစ်သည်။ ယခုရာသီ ဘွန်ဒက်စ်လီဂါပြိုင်ပွဲကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၆ ရက်ကတည်းက စတင်ယှဉ်ပြိုင်ကစားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန် ၂၇ ရက် ရောက်မှသာ ပွဲစဉ်အားလုံး အဆုံးသတ်နိုင်ခဲ့သည်။ ရှစ်နှစ်ဆက်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ယမန်နေ့က ဝုဖ်ဘတ်ကို လေးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းကြောင့် ပွဲစဉ် ၃၄ ပွဲတွင် ရဂိုး ၁၀၀ သွင်းယူနိုင်သည့်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် ရဂိုးအများဆုံး အသင်းအဖြစ်လည်း ဘိုင်ယန်မြူးနစ်အသင်းက ၁၀၁ ဂိုးဖြင့် ၁၉၇၁-၁၉၇၂ ခုနှစ်က စံချိန်တင်နိုင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

၂၀၂၀ ခုနှစ် မတ် ၁၃ ရက်တွင် ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် ဘွန်ဒက်စ်လီဂါ -၁ နှင့် ဘွန်ဒက်စ်လီဂါ -၂ တို့ကို ရပ်နားထားခဲ့ရသည်။ ဂျာမန်အစိုးရက ဘောလုံးပွဲများ ပြန်လည်ကစားရန် ခွင့်ပြုပေးခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ် မေ ၁၆ ရက်တွင် တံခါးပိတ်စနစ်ဖြင့် ပြန်လည်စတင်ကျင်းပခဲ့သည်။ ကိုဗစ် – ၁၉ ကြောင့် ဂျာမန်ဘွန်ဒက်စ်လီဂါ ဘောလုံးပွဲစဉ်များ ပြီးဆုံးရန် ဇွန် ၂၇ ရက်သို့ ပြောင်းရွှေ့ကျင်းပခဲ့ရခြင်းသည် ဘွန်ဒက်စ်လီဂါတွင် ဒုတိယမြောက် နောက်အကျဆုံးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ဘွန်ဒက်စ်လီဂါ သမိုင်းတစ်လျှောက် နောက်အကျဆုံး ရာသီအဖြစ် ၁၉၇၁-၁၉၇၂ ခုနှစ်ဖြစ်သည်။ ထိုစဉ်က ၁၉၇၁ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ဘောလုံးပွဲစဉ်များ စတင်ကစားခဲ့ပြီး ၁၉၇၂ ခုနှစ် ဇွန် ၂၈ ရက်တွင်မှ ဘောလုံးပွဲများ ပြီးဆုံးခဲ့ခြင်းကြောင့် ထိုကဲ့သို့ မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ ထူးခြားသည်မှာ ထိုစဉ်ကလည်း ဘွန်ဒက်စ်လီဂါ ချန်ပီယံအဖြစ် ဘိုင်ယန်မြူးနစ်အသင်းကပင် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ နောက်တစ်ချက် ထူးခြားသည်မှာ ထိုစဉ်က ဘွန်ဒက်စ်လီဂါ ဂိုးအများဆုံး သွင်းယူသူအဖြစ် ဘိုင်ယန်မြူးနစ်အသင်းမှ ဂတ်မူလာက ဂိုး ၄၀ အဖြစ် စံချိန်တင်နိုင်ခဲ့သလို ယခုနှစ်အတွက် ဂိုးအများဆုံးသွင်းယူသူသည်လည်း ဘိုင်ယန်မြူးနစ်အသင်းမှပင် လီဝမ်ဒေါ်စကီးက သွင်းဂိုး ၃၄ ဂိုးဖြင့် စံချိန်တင်နိုင်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံးပွဲစဉ်များ ပြီးဆုံးချိန်တွင် ချန်ပီယံအဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ရှစ်နှစ်ဆက် ဆွတ်ခူးနိုင်ခဲ့သည်။ တန်းဆင်းသွားရသည့်အသင်းမှာ ဒပ်ဆဲလ်ဒေါ့ဖ်နှင့် ပါဒါဘွန်တို့ဖြစ်သည်။ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိသည့် အသင်းများအနေဖြင့် ဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်၊ လိုက်ပ်ဇစ်နှင့် မိုချန်ဂလာဘတ်တို့ ဝင်ခွင့်ရရှိခဲ့သည်။ ယူရိုပါလိဂ်ဝင်ခွင့်နေရာအတွက် လေဗာကူဆင်၊ ဝုလ်ဘတ်နှင့် ဟော်ဖန်ဟိန်းအသင်းတို့ ရရှိခဲ့သည်။ စုစုပေါင်း သွင်းဂိုးအရေအတွက်မှာ ၉၈၂ ဂိုး (တစ်ပွဲပျမ်းမျှ – ၃ ဒသမ ၂၁ ဂိုး) ဖြစ်သည်။ ဂိုးအပြတ်ဆုံး အိမ်ကွင်းနိုင်ပွဲအဖြစ် လိုက်ပ်ဇစ်အသင်းက မိန့်ဇ်အသင်းကို ရှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဂိုးအပြတ်ဆုံး

ရှစ်နှစ်ဆက်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်း အောင်ပွဲခံနေစဉ်။

အဝေးကွင်းနိုင်ပွဲအဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ဟော်ဖန်ဟိန်းအသင်းကို ခြောက်ဂိုးပြတ် အနိုင်ရရှိခဲ့သည့် ပွဲစဉ်ဖြစ်သည်။ ဂိုးမပေးရအောင် စွမ်းဆောင်နိုင်သည့် ပွဲအများဆုံး အရေအတွက်သည်လည်း ဘိုင်ယန်မြူးနစ် ဂိုးသမား နျူအာက ၁၅ ပွဲဖြင့် စံချိန်တင်နိုင်ခဲ့သည်။

အရှည်ကြာဆုံးနိုင်ပွဲဆက်မှုအသင်းအဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ၁၃ ပွဲဖြင့် စံချိန်တင်နိုင်ခဲ့သလို ရှုံးပွဲမရှိပွဲဆက်အများဆုံးအဖြစ်လည်း ပွဲ ၂၀ ဖြင့် ဘိုင်ယန်မြူးနစ်အသင်းက မှတ်တမ်းတင်နိုင်ခဲ့သည်။ ရှော်ကေးအသင်းက ၁၆ ပွဲဖြင့် အရှည်ကြာဆုံးနိုင်ပွဲပျောက်မှုအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် အရှည်ကြာဆုံး ရှုံးပွဲဆက်မှုအသင်းများအဖြစ် ဘရီမင်၊ ဟာသာ၊ ပါဒါဘွန်နှင့် ဖရန့်ဖတ်အသင်းတို့ ငါးပွဲဖြင့် စံချိန်တင်နိုင်ခဲ့သည်။ ပွဲကြည့်ပရိသတ်အများဆုံးပွဲစဉ်အဖြစ် ဒေါ့မွန်နှင့် အော့စ်ဘတ်အသင်းတို့ ပွဲစဉ်ဖြစ်ပြီး ပရိသတ် ၈၁၃၆၅ဦး လာရောက်ကြည့်ရှုခဲ့သည်။ ပွဲကြည့်ပရိသတ်အနည်းဆုံး ပွဲစဉ်အဖြစ် ပါဒါဘွန်နှင့် မိန့်ဇ်အသင်းတို့ပွဲစဉ်ဖြစ်ပြီး ပရိသတ် ၁၄၂၁၇ ဦး လာရောက်ကြည့်ရှုခဲ့သည်။ စုစုပေါင်း ပွဲကြည့်ပရိသတ် ၉၁၁၂၉၅၀ဖြစ်ပြီး တစ်ပွဲပျမ်းမျှ ၂၉၇၈၁ ဦးဖြစ်ကြောင်း သိရသည်။

တန်းဆင်းဇုန် ရှုံးထွက်ပွဲစဉ်အဖြစ် ဝဒါဘရီမင်နှင့် ဘွန်ဒက်စ်လီဂါ- ၂ မှ တတိယရရှိသည့် ဟိုင်ဒင်ဟိန်းနှင့် ဇူလိုင် ၂ ရက်တွင် ပထမအကျော့ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒုတိယအကျော့ကို ဇူလိုင် ၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဇော်

စစ်တွေ – ရေချမ်းပြင် ကားလမ်း၌ AA အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် ဒေသန္တရလက်လုပ်ရီမုမိုင်း ၁ လုံး ပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဇွန် ၂၈

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ စစ်တွေ – ရေချမ်းပြင်သွား ကားလမ်း၌ ဇွန် ၂၇ ရက်က AA အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် ဒေသန္တရလက်လုပ်ရီမုမိုင်း တစ်လုံး ပေါက်ကွဲပြီး ဒေသန္တရလက်လုပ်ရီမုမိုင်း ၅ လုံးကို တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် စစ်တွေ–ရေချမ်းပြင်သွား ကားလမ်းပေါ်၌ AA အကြမ်းဖက်သောင်းကျန်းသူများက ဒေသန္တရလက်လုပ် ရီမုမိုင်းများ ထောင်ထားကြောင်း သတင်းရရှိသဖြင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက လိုက်လံ ရှင်းလင်းဖော်ထုတ်စဉ် ဒေသန္တရလက်လုပ်ရီမုမိုင်း ၁ လုံး ပေါက်ကွဲခဲ့ပြီး ဒေသန္တရ လက်လုပ်ရီမုမိုင်း ၅ လုံး ဖော်ထုတ်ရရှိခဲ့ကြောင်း။

စစ်တွေ – ရေချမ်းပြင်သွား ကားလမ်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ထားကြောင်း တာဝန်သိပြည်သူများက သတင်းပေးပို့ခဲ့သဖြင့် ဇွန် ၂၇ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များဖြင့် လိုက်လံရှင်းလင်း ဖော်ထုတ်ခဲ့ကြောင်း၊ ထိုသို့ရှင်းလင်းဖော်ထုတ်စဉ် စစ်တွေမြို့ နည်းပညာ ကောလိပ်(GTC)ရှေ့ရှိ စစ်တွေ–ရေချမ်းပြင်သွား ကားလမ်း၏ ဝဲ၊ ယာဘက်ခြမ်းများ၌ ဒေသန္တရလက်လုပ်ရီမုမိုင်း ၂ လုံး တွေ့ရှိခဲ့သဖြင့် ရှင်းလင်းဆောင်ရွက်ချိန်တွင် ကားလမ်း၏ ယာဘက်ခြမ်းရှိ ဒေသန္တရလက်လုပ်ရီမုမိုင်း ၁ လုံး ပေါက်ကွဲခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်မှုမရှိကြောင်းနှင့် အများပြည်သူများ အန္တရာယ် မဖြစ်စေရေး စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်စဉ် ဒေသန္တရ လက်လုပ် ရီမုမိုင်း ၃ လုံး ထပ်မံတွေ့ရှိခဲ့ရပြီး သက်မဲ့ပြုလုပ်၍ စနစ်တကျ သိမ်းဆည်းခဲ့ကြောင်း။

AA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ကျေးရွာများအနီးနှင့် အများပြည်သူများ အသုံးပြုလျက်ရှိသည့် ကားလမ်းများတွင် မိုင်းထောင်၊ မိုင်းဆွဲတိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ယနေ့အထိ အပြစ်မဲ့ပြည်သူ ၁၆ ဦး သေဆုံးခဲ့ကာ ၅၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။

ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်ကလည်း ရခိုင်ပြည်နယ် မြေပုံမြို့နယ် စံညွှင်းကျေးရွာနေ မနန်းစုသည် ကျေးရွာအနီး ဂဏန်းထောင်ရန် သွားရောက်စဉ် ကျေးရွာ၏ အနောက်ဘက် ၁ မိုင်ခန့် အကွာသို့အရောက်၌ AA အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်း ၁ လုံး နင်းမိပေါက်ကွဲသဖြင့် ၎င်းတွင် မိုင်းစထိမှန်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ကျိုက်မရောအကျဉ်းထောင် ကြည့်ရှုစစ်ဆေး

မော်လမြိုင် ဇွန် ၂၈

မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ညိုမီစံ၊ မော်လမြိုင် ခရိုင်တရားသူကြီး ဦးထွန်းထွန်းဦးတို့သည် ဇွန် ၂၅ ရက်က ကျိုက်မရောအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးသည်။

ကျိုက်မရော အကျဉ်းထောင် တာဝန်ခံအရာရှိရုံးခန်းတွင် အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုး၊ ကျိုက်မရောအကျဉ်းထောင်တာဝန်ခံ အရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသန်းမောင်တို့က အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့သည် အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏ အမျိုးသား၊ အမျိုးသမီး အဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံ၊ အကျဉ်းထောင်ရေသန့်စက်ရုံ၊ ထောင်တွင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှု၍ အချုပ်ခံနေရသူများ၊ ပြစ်ဒဏ်ကျခံနေရသူများနှင့် တွေ့ဆုံပြီး နေရာထိုင်ခင်း၊ အစားအသောက်နှင့် မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော် အစောင့်အရှောက်ဖြင့် ထားရှိမှုအခြေအနေ၊ ၎င်းတို့အား နှိပ်စက်ညှဉ်းပန်းခြင်း ရှိ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

ရထားသံလမ်းဆက် မူလီများ ဖြုတ်ယူသူများကို အမှုဖွင့်အရေးယူ

ကျောက်တံခါး ဇွန် ၂၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်း(ခ)အောင်မြင်ကျေးရွာအုပ်စု အောင်ဇေယျရပ်ကွက်အနီး ရန်ကုန်–မန္တလေးမီးရထားလမ်း တောကျွဲအင်း–ကညွတ်ကွင်းဘူတာကြားနှင့် တောကျွဲအင်း–ပဲနွယ်ကုန်းဘူတာကြားတွင် ရထားသံလမ်းဆက်မူလီများ ဇွန်၂၇ ရက် ညနေပိုင်းက ပျောက်ဆုံးနေကြောင်း သတင်းအရ ရှာဖွေစုံစမ်းဖော်ထုတ်ရာ ရထားသံလမ်းဆက် မူလီများ ဖြုတ်ယူသူ လူငယ်နှစ်ဦးကို ဖမ်းဆီးရမိကာ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ရန်ကုန်–မန္တလေး ရထားလမ်း တောကျွဲအင်း–ကညွတ်ကွင်း ဘူတာကြားရှိ ရထားသံလမ်း မိုင်တိုင်အမှတ် ၁၁၉/၇ နှင့် ၁၁၉/၁၁ ကြားနှင့် တောကျွဲအင်း–ပဲနွယ်ကုန်းဘူတာကြား ၁၁၈/၄ နှင့် ၆ ကြားတွင် ရထားသံလမ်းဆက်မူလီ ၄၂ လုံး ပျောက်ဆုံးနေကြောင်းသတင်းအရ မြန်မာ့မီးရထားအငယ်တန်း အင်ဂျင် နီယာ(၃) သံလမ်း လမ်းဗိုလ် ဦးမိုးမင်းသူနှင့်အဖွဲ့သည် ရထားသံလမ်းကို လိုက်လံစစ်ဆေးပြီး ပျောက်ဆုံးနေသည့် သံလမ်းဆက်မူလီ ၄၂ လုံးနှင့် ပတ်သက်၍ စုံစမ်းမှုများ ပြုလုပ်ရာ ရမ်းကူးမာ(ခ)မောင်မောင်စိုး (၁၆ နှစ်)၊ စီဝါး(၁၄ နှစ်) ရွာမရပ်ကွက် အောင်မြင်ကျေးရွာအုပ်စု တောကျွဲအင်းမြို့နေသူတို့သည် ရထားသံလမ်းဆက် မူလီများ ဖြုတ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ နှစ်ဦးကို အရေးယူပေးပါရန် ဦးမိုးမင်းသူက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ကျောက်မောင်နှမကမ်းခြေတွင် လင်းရှူးငါးအရှင်တစ်ကောင် ကမ်းတင်လျက်တွေ့ရှိသဖြင့် ပြန်လည်လွှတ်ပေး

ရွှေသောင်ယံ ဇွန် ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အမှတ်(၃)ရပ်ကွက်အပိုင် ကျောက်မောင်နှမ ကမ်းခြေတွင် ဒေသအခေါ် လင်းရှူး ငါးအရှင်တစ်ကောင်ကို ယနေ့ နံနက် ၆ နာရီခန့်က ကမ်းတင်လျက်တွေ့ရှိသဖြင့် ရွှေသောင်ယံမြို့ မြို့အုပ်ချုပ်ရေးမှူး၊ ရွှေသောင်ယံမြို့ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံများက ပင်လယ်ပြင်သို့ ပြန်လည်လွှတ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါလင်းရှူးငါးမှာ အလျား ၇ ပေ ၃ လက်မ၊ လုံးပတ် ၃ ပေ ၃ လက်မ ရှိကာ ခန့်မှန်းပိဿာချိန် ၃၅ ပိဿာခန့်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ကိုကိုမောင်(ပြန်/ဆက်)

အောင်မြေသာစံမြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသူ တစ်ဦးနှင့် ပူးပေါင်းကူညီသူ သုံးဦးကို ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၈

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း ဆိုင်ကယ် စီးနင်းလာသူ နှစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသူ အမျိုးသား တစ်ဦးနှင့် ပူးပေါင်းကူညီသူ အမျိုးသား သုံးဦးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ည ၈ နာရီ ကျော်ခန့်တွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁) ရပ်ကွက်နေ မိုးဟိန်းကို မောင်းနှင်ပြီး မ---- လိုက်ပါလာသည့် ဆိုင်ကယ်သည် အောင်မြေသာစံမြို့နယ် (၂၆)လမ်း(ကျုံးဘေး) အတိုင်း အရှေ့ဘက်မှ အနောက်ဘက်သို့ မောင်းနှင်လာကာ(၂၆x၈၀) လမ်းထောင့် မီးပွိုင့်အရောက်၌ မီးနီ၍ ရပ်တန့်နေစဉ် ၎င်းတို့၏နောက်မှ ဆိုင်ကယ်တစ်စီးဖြင့် လိုက်ပါလာသည့် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသည်။ မိုးဟိန်းကိုတွင် ဝဲနံဘေး ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက် (မစိုးရိမ်ရ)ရရှိခဲ့ပြီး မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ရကြောင်း မိုးဟိန်းကို၏ ဖခင်က တိုင်တန်းသဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေ ရဲစခန်း (ပ) ၁၁၆/၂၀၂၀၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၇/၃၂၆ ဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။

ဝေယံကျော်(ခ)ရဲမာန်(သေနတ်ဖြင့် ပစ်ခတ်သူ)နှင့် ပစ်ခတ်ခဲ့သည့် သေနတ်ကို တွေ့ရစဉ်။

အမှုနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များက စိစစ်စုံစမ်းခဲ့ရာ မိုးဟိန်းကို၏ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ မ---- ၏ ပြောပြချက်အရ သေနတ်ဖြင့် ပစ်ခတ်သူမှာ ၎င်း၏ ရည်းစားဟောင်း ဝေယံကျော်(ခ) ရဲမာန်ဖြစ်ကြောင်း သိရှိရပြီး ထပ်မံစုံစမ်းစစ်ဆေး ဖော်ထုတ်ချက်များအရ အခင်းဖြစ်ပွားစဉ် ဆိုင်ကယ်မောင်းသူ မဟာအောင်မြေအရှေ့ရပ်ကွက်နေ စိုင်းသူရဦး(ခ)ရှမ်းကြီးအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်တစ်စီးနှင့်အတူ ၎င်း၏နေအိမ်၌ လည်းကောင်း၊ ပူးပေါင်းပါဝင်သူများဖြစ်သည့် မဟာအောင်မြေမြို့နယ် ချမ်းမြသာစည် မြောက်ရပ်ကွက်နေ မင်းသူရိန်ခန့်(ခ) သူရိန်ခန့်နှင့် လမင်းနိုင်(ခ) မောင်ဝိုင်းတို့အား Webley အမျိုးအစား ခြောက်လုံးပြူးသေနတ်တစ်လက်၊ ယင်းကျည် ၁၀ တောင့်တို့နှင့်အတူ ၎င်းတို့၏ နေအိမ်များ၌ လည်းကောင်း၊ သေနတ်ဖြင့် ပစ်ခတ်သူ ဝေယံကျော်(ခ)ရဲမာန်အား စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာ ဘုန်းကြီးကျောင်း၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဝေယံကျော်(ခ) ရဲမာန်၏ ထွက်ဆိုချက်အရ ၎င်း၏ ရည်းစားဟောင်းဖြစ်သူ မ---- မှာ မိုးဟိန်းကိုနှင့်အတူ ဆိုင်ကယ်စီးနင်းသည်ကို မကျေနပ်၍ သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် တရားမဝင်သေနတ် ရရှိကိုင်ဆောင်မှု အခြေအနေအား ဆက်လက်စိစစ်ဖော်ထုတ်လျက်ရှိပြီး ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုများတွေ့ရှိ နိုင်ငံတစ်ဝန်းရှိ ပြည်သူ ငါးသိန်းခန့် ကန့်သတ်ပိတ်ဆို့မှုအောက် ကျရောက်နေ

ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ လူနာတစ်ဦးကို သယ်ဆောင်လာစဉ်။

ပေကျင်း ဇွန် ၂၈

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကိုဗစ် – ၁၉ အစုလိုက်ကူးစက်ခံရမှုများထိန်းချုပ်နိုင်ရန် မြို့တော်အနီးအနားရှိ ပြည်နယ်တစ်ခုမှ ပြည်သူငါးသိန်းနီးပါးကို အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု တင်းကျပ်စွာချမှတ်ထားကြောင်း သိရသည်။ အာဏာပိုင်များက ကိုဗစ်–၁၉ ရောဂါကူးစက်မှု ဆက်လက်အရှိန်မြင့်နေဆဲဖြစ်ကြောင်းနှင့် နောက်ဆက်တွဲထိခိုက်မှုများဖြစ်ပေါ်နေဆဲဖြစ်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံတွင် ကိုဗစ်–၁၉ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကောင်းစွာထိန်းချုပ်နိုင်ခဲ့ပြီးနောက် မကြာသေးမီ ရက်သတ္တပတ်များအတွင်း ပေကျင်းမြို့တွင် ရောဂါထပ်မံ ကူးစက်ခံရသူ ရာနှင့်ချီတွေ့ရှိခဲ့ပြီး အိမ်နီးချင်း ဟူပေပြည်နယ်တွင်လည်း ရောဂါကူးစက်မှုများ ထပ်မံပေါ်ထွက်လာခဲ့ကြောင်း သိရသည်။ ပေကျင်းမြို့မှ ၁၅၀ ကီလိုမီတာ(မိုင်ပေါင်း ၉၀) အကွာရှိ အန်ကျင်ခရိုင်ကို အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ကာ ရောဂါထိန်းချုပ်ရေး ဆောင်ရွက်ထားကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ထားသည့် နေရာများတွင် အိမ်ထောင်စုတစ်စုလျှင် မိသားစုဝင်တစ်ဦးကိုသာလျှင် အစားအသောက်နှင့်ဆေးဝါးကဲ့သို့ မရှိမဖြစ်လိုအပ်သည့် အရာများ ဝယ်ယူခွင့်ပြုထားကြောင်းနှင့် တစ်ရက်လျှင် တစ်ကြိမ်သာအပြင်ထွက်ဝယ်ခွင့်ပြုထားကြောင်း အဆိုပါခရိုင်များရှိ ကပ်ရောဂါကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မှုအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပေကျင်းမြို့၌ ကိုဗစ်–၁၉ ကူးစက်ခံရသူ နောက်ထပ် ၁၄ဦးပေါ်ထွက်လာပြီးနောက် အစိုးရက ဗိုင်းရပ်စ်ထိန်းချုပ်ရေးအတွက် ကန့်သတ်ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

အီဂျစ်နိုင်ငံက ကိုဗစ် – ၁၉ ဆိုင်ရာကန့်သတ်ချက်များဖယ်ရှား

ကိုင်ရို ဇွန် ၂၈

အီဂျစ်နိုင်ငံ၌ ကိုဗစ်–၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် သုံးလကြာအောင် အပြင်မထွက်ရ အမိန့် ထုတ်ပြန်ထားမှုကို အစိုးရကဖယ်ရှား ပေးလိုက်ပြီး စားသောက်ဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့် ပြုလိုက်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ဗိုင်းရပ်စ်ကူးစက် ပျံ့နှံ့မှုကြောင့် လူဦးရေ သန်း ၁၀၀ ရှိသည့် အီဂျစ်နိုင်ငံ၏ စီးပွားရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့သည်။ အီဂျစ်နိုင်ငံ၏ လူဦးရေသည် အရှေ့အလယ်ပိုင်းဒေသတွင် အများဆုံး လူဦးရေဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်သည် ၆၀၀၀၀ ကျော်ရှိသွားပြီ ဖြစ်ပြီး ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက် အရှိန်မြင့်နေဆဲဖြစ်ကြောင်း သိရသည်။

မြို့တော်ကိုင်ရို အနီးအနားရှိ စားသောက်ဆိုင်တစ်ဆိုင်မှာ သုံးလကြာအောင် ပိတ်ထားရပြီးနောက်တွင် ပြန်လည် ဖွင့်လှစ်ထားပြီဖြစ်သည်။ အစိုးရ၏ လမ်းညွှန်ချက်များအရ စားသောက်ဆိုင်များအနေဖြင့် ပုံမှန်လက်ခံနိုင်သည့် စားသုံးသူအရေအတွက်၏ လေးပုံတစ်ပုံလောက်အထိလျှော့ချရမည်ဖြစ်သည်။ စားသုံးသူများအနေဖြင့် စားသောက်ဆိုင်များ ပြန်ဖွင့်ခွင့်ရသည့်အတွက် ဝမ်းသာသော်လည်း အပြင်မထွက်ရအမိန့်ကိုဖယ်ရှားလိုက်ပြီးနောက် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်မြင့်တက်လာမည်ကို စိုးရိမ်ပူပန်နေရကြောင်း သိရသည်။

ကိုင်ရိုမြို့ရှိ ဟိုတယ်တစ်ခုတွင် ဧည့်သည်ကြိုပို့ယာဉ်များကို ဆေးဖျန်းခြင်းဆောင်ရွက်နေစဉ်။

အီဂျစ်အစိုးရသည် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများကိုလည်း ဇူလိုင် ၁ ရက်မှစတင်ကာ အဆင့်ဆင့်ပြန်လည်ဖွင့်လှစ်ခွင့်ပေးရန် စီစဉ်နေကြောင်း သိရသည်။ ခရီးသွားလုပ်ငန်းသည် အီဂျစ်နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများအနက် တစ်ခုဖြစ်သည်။

အင်န်အိတ်ချ်ကေ

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပြင်းထန်သည့် အီရန်၌ နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရန် စည်းကမ်းချမှတ်မည်

တီဟီရန် ဇွန် ၂၈

နှာခေါင်းစည်းတပ်ဆင်သွားလာနေသည့် အီရန်ပြည်သူအချို့။

အီရန်နိုင်ငံ၌ လာမည့်ရက်သတ္တပတ်မှစတင်ကာ နိုင်ငံအတွင်းရှိဒေသအချို့တို့တွင် နှာခေါင်းစည်းတပ်ဆင်ခြင်းကို မဖြစ်မနေလုပ်ဆောင်ရန် စည်းကမ်းချမှတ်မည်ဖြစ်ပြီး ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့နေသည့် ပြည်နယ်များတွင် စည်းကမ်းကြပ်မတ်မှုများ ပြန်လည်ဆောင်ရွက်မည်ဖြစ်ကြောင်း အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် တစ်နိုင်ငံလုံး အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုများ အပြည့်အဝ ချမှတ်ဆောင်ရွက်ခဲ့ခြင်းမရှိသကဲ့သို့ နိုင်ငံအတွင်းရှိ ဒေသအများစုတို့တွင် နှာခေါင်းစည်းများနှင့် အကာအကွယ်ဝတ်စုံများ အသုံးပြုခြင်းမှာလည်း လမ်းညွှန်ချက်တစ်ခု အနေဖြင့်သာ ရှိခဲ့သည်။

လူစု လူဝေးနေရာများတွင် နှာခေါင်းစည်းတပ်ဆင်ရန်စည်းကမ်းချက်ကို မဖြစ်မနေလိုက်နာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အီရန် ကိုဗစ်–၁၉ ဗိုင်းရပ်စ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အဖွဲ့အစည်းအဝေးတွင် သမ္မတ ရိုဟာနီက ပြောကြားခဲ့သည်။

နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရန် အမိန့်သည် လာမည့်ရက်သတ္တပတ်မှ စတင်ကာ ဇူလိုင် ၂၂ ရက် မတိုင်မီအထိ ဆက်လက် အသက်ဝင်နေမည် ဖြစ်သည့်အပြင် လိုအပ်လျှင် သက်တမ်းတိုးမည်ဖြစ်ကြောင်း သမ္မတက ပြောသည်။

အီရန်နိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၂၂၀၀၀၀ ကျော်ရှိပြီဖြစ်ပြီး သေဆုံးသူ အရေအတွက် ၁၀၀၀၀ ကျော်အထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အေအက်ဖ်ပီ

ဂျော်ဒန်နိုင်ငံက နေရပ်ပြန်ပို့မှုများရပ်ဆိုင်း

အမ္မန် ဇွန် ၂၈

ဂျော်ဒန်နိုင်ငံတွင် ပြည်ပရောက်ဂျော်ဒန်နိုင်ငံသားများ ကုန်းကြောင်းနှင့် ရေကြောင်းတို့မှတစ်ဆင့် နေရပ်ပြန်ပို့ပေးသည့် လုပ်ငန်းဆောင်ရွက်မှုများ အားလုံးကို ဇွန် ၂၇ ရက်တွင် ရပ်ဆိုင်းလိုက်ပြီး ကြိုတင်စီစဉ်ထားပြီးဖြစ်သည့် ခရီးစဉ်များမှလွဲ၍နေရပ်ပြန်မှုများအားလုံးကို ဇူလိုင် ၁၀ ရက်အထိ ဆက်လက်ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အစိုးရက ယမန်နေ့က ဖော်ပြခဲ့သည်။

ပြည်ပမှပြန်လာသူများနှင့်ထိတွေ့မှုရှိသူများနှင့် ၎င်းတို့အားကန့်သတ်စောင့်ကြည့်မှုဆောင်ရွက်ထားရာနေရာများရှိ ပြည်သူများအကြား ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု သိသိသာသာမြင့်တက်လာသည့်အတွက် ထိုသို့လုပ်ဆောင်ရခြင်းဖြစ်ကြောင်း လုံခြုံရေးနှင့်ပဋိပက္ခစီမံခန့်ခွဲရေးဆိုင်ရာ အမျိုးသားစင်တာမှ လုပ်ငန်းဆောင်ရွက်မှု ဒါရိုက်တာ မာဇန်ဖာရီယာက ပြောကြားခဲ့မှုကို ဂျော်ဒန်နိုင်ငံပိုင် ပက်ထရာ သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ နိုင်ငံအတွင်းရှိ ဖျော်ဖြေရေးနှင့် အပန်းဖြေအဆောက်အအုံများ၊ ပန်းခြံများနှင့် အထူးပညာရေးစင်တာများကို ဇွန် ၂၈ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဂျော်ဒန်စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီးတာရစ် ဟာမိုရီက ထုတ်ပြန်ခဲ့သည်။

ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၂ ဦးရှိ

ဆိုးလ် ဇွန် ၂၈

တောင်ကိုရီးယားနိုင်ငံ၌ ဇွန် ၂၈ ရက်တွင် ကိုဗစ် – ၁၉ ထပ်မံကူးစက်ခံရသူ ၆၂ ဦးထပ်မံပေါ်ထွက်လာခဲ့ပြီးနောက် နိုင်ငံအတွင်းရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၁၂၇၁၅ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

အစုလိုက်ရောဂါကူးစက်မှုများ ထပ်မံတွေ့ရှိရမှုနှင့်အတူ နေ့စဉ်ရောဂါကူးစက်ခံရသူအရေအတွက်မှာလည်း ရှစ်ရက်အတွင်း ၆၀ကျော်အထိ ဖြစ်လာခဲ့သည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၂ ဦးမှာ ပြည်ပမှ ကူးစက်ခံခဲ့ရခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံရှိ ချပ်ကျောင်းအများအပြားတို့တွင် ဘာသာရေးဆိုင်ရာစုဝေးမှုများနှင့် ဆက်စပ်သည့် အစုလိုက်ရောဂါကူးစက်မှုများကိုလည်း တွေ့ရှိရဆဲဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် ရောဂါကူးစက်မှုကြောင့် ထပ်မံသေဆုံးသူအရေအတွက် ၂၈၂ ဦးတွင်ဆက်လက်ရှိနေပြီး သေဆုံးသည့်နှုန်းမှာ ၂ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက်မြင့်တက်

တိုကျို ဇွန် ၂၈

ဂျပန်နိုင်ငံ၌ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး ဇွန် ၂၈ ရက်တွင် ရောဂါကူးစက်ခံရသူ ၁၉၁၃၅ ဦးအထိ ရှိလာကြောင်း သိရသည်။

ရောဂါကူးစက်မှုမြင့်တက်လာမှုတွင် လေဆိပ်၌ကန့်သတ်စောင့်ကြည့်စစ်ဆေးမှုနှင့် ဒိုင်းမွန်းပရင့်ဆက်စ် အပျော်စီးသင်္ဘောနှင့် ဆက်နွှယ်သည့် ရောဂါကူးစက်မှုများ ပါဝင်ကြောင်း သိရသည်။ ယခုအခါ ဂျပန်နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ အရေအတွက် ၉၈၅ ဦးရှိပြီး သေဆုံးသူ ၁၃ဦးမှာ ဒိုင်းမွန်းပရင့်ဆက်စ် သင်္ဘောပေါ်မှဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

တောင်ကိုရီးယား၌ အားကစားပြိုင်ပွဲများတွင် လူဦးရေကန့်သတ်ချက်ဖြင့် ကျင်းပသွားမည်

ဆိုးလ် ဇွန် ၂၈

အားကစားပြိုင်ပွဲများတွင် ကန့်သတ်ထားသည့်ပွဲကြည့်ပရိသတ်ဖြင့် ပွဲများပြန်စရန် ခွင့်ပြုသွားမည်ဟု တောင်ကိုရီးယား အစိုးရက ဇွန် ၂၈ ရက်တွင် ပြောကြားခဲ့သည်။ ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်သောအားဖြင့် လပေါင်းများစွာ ကြာအောင် တင်းကျပ်သည့်စည်းမျဉ်းများချမှတ်ခဲ့ပြီးနောက် ပုံမှန်လူနေမှုဘဝကို ပြန်ရရေးကြိုးပမ်းမှုတစ်ရပ်ဖြင့် ယခုလိုခွင့်ပြုသွားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။



ပရိသတ်မပါဘဲ ဘေ့စ်ဘောပြိုင်ပွဲကစားနေသည်ကို တွေ့ရစဉ်။

တရုတ်နိုင်ငံ ပြင်ပတွင် ကူးစက်မှုမြင့်သည့် နိုင်ငံအဖြစ် တောင်ကိုရီးယားနိုင်ငံသည် ရုန်းကန်ခဲ့ရသည်။ သို့သော်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆေးစစ်ပေးနိုင်ခြင်းနှင့် ရောဂါရှိသူနှင့် ထိတွေ့မိသူများကို ကောင်းကောင်းခြေရာခံလိုက်နိုင်ခြင်း၊ ကုသမှုအစီအစဉ်ကောင်းမွန်ခြင်းတို့ကြောင့် ရောဂါကူးစက်မှုကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ထိန်းချုပ်နိုင်ခဲ့သည်။ မေလအစောပိုင်းမှ စတင်ကာ လူအချင်းချင်း ခပ်ခွာခွာနေသည့် ပုံစံအပါအဝင်အခြားတင်းကျပ်သည့်စည်းမျဉ်းများကို အနည်းငယ်ဖြေလျှော့ပေးခဲ့သည်။ ဘေ့စ်ဘောနှင့် ဘောလုံးပွဲများမှာ ရာသီသစ်စတင်ပြီဖြစ်သည့်အတွက် ပရိသတ်မပါဘဲ ယှဉ်ပြိုင်ကစားခဲ့ရသည်။

ယခုအခါ အားကစားပြိုင်ပွဲများတွင် ပွဲကြည့်ပရိသတ်ကိုအကန့်အသတ်ဖြင့် ခွင့်ပြုပေးသွားရန် ဖြေလျှော့မှုများပြုလုပ်သွားမည်ဟု ကျန်းမာရေးဝန်ကြီး ပတ်နမ်ဟိုက ဇွန် ၂၈ ရက်တွင် သတင်းထောက်များကို ပြောသည်။ အသေးစိတ်အချက်အလက်များကို ဆွေးနွေးသွားနိုင်ရေး တောင်ကိုရီးယားအားကစားဝန်ကြီးဌာနသည် ယခုသီတင်းပတ်အတွင်း ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု ယွန်ဟတ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားဘေ့စ်ဘောအဖွဲ့သည်လည်း ပြိုင်ပွဲတွင် ပွဲကြည့်စင် ၃၀ ရာခိုင်နှုန်းကို ဖြည့်သွင်းသွားရန်ပြင်ဆင်လျက်ရှိသည်။ မကြာသေးမီ သီတင်းပတ်များအတွင်း ကိုဗစ် – ၁၉ ဒုတိယလှိုင်းကျရောက်လာနိုင်သည်ဟု သတိပေးမှုများရှိနေသော်လည်း ယခုလိုလှုပ်ရှားမှုပေါ်ထွက်လာခြင်းဖြစ်သည်။

အေအက်ဖ်ပီ

ဂျေရုဆလင်တွင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲပေါ်ပေါက်

ဂျေရုဆလင် ဇွန် ၂၈

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု(ယာ)နှင့် အစ္စရေးတပ်ဖွဲ့အကြီးအကဲတစ်ဦးကို တွေ့ရစဉ်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် အကျင့်ပျက်ခြစားမှုများနှင့်အမှုရင်ဆိုင်နေရရာ ဇွန် ၂၇ ရက်က ရာနှင့်ချီသည့် လူအုပ်ကြီးသည် ဂျေရုဆလင်ရှိ ဝန်ကြီးချုပ် နေအိမ်ရှေ့တွင် ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

နေတန်ယာဟုသည် အကျင့်ပျက်ခြစားမှုဖြင့် တရားစွဲဆိုခံထားရသော်လည်း ဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခွင့် ရနေသဖြင့် ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက်လာပြီး ဇွန် ၂၆ ရက်က ဆန္ဒပြသူ ခုနစ်ဦး ဖမ်းဆီးခံခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် ဆန္ဒပြပွဲများပြင်းထန်လာခဲ့သည်။ နေတန်ယာဟုကို ရာဇဝတ်မှုဝန်ကြီးဆိုပြီး စာတန်းများကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။

ဖမ်းဆီးထိန်းသိမ်းခံရသူများထဲတွင် အစ္စရေးလေတပ်မှ ဗိုလ်ချုပ်ဟောင်း တစ်ဦးပါဝင်သည်။ ဆန္ဒပြသူများမှာ လမ်းများပိတ်ဆို့ခဲ့သည့်အတွက် ယင်းလုပ်ရပ်ကို တရားမဝင်သည့်လုပ်ရပ်ဟု အစ္စရေးတို့က ပြောသည်။ ဗိုလ်မှူးချုပ် အာမီယာ ဟတ်စ်ကယ်မှာ အငြိမ်းစားအရာရှိတစ်ဦးဖြစ်ပြီး ဇွန် ၂၆ ရက်က ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့်အတွက် ထိန်းသိမ်းခံထားရသည်။

လွန်ခဲ့သည့်လအတွင်းက မစ္စတာနေတန်ယာဟုသည် လိမ်ညာမှု၊ ယုံကြည်မှုချိုးဖောက်မှုနှင့် လာဘ်ယူမှုတို့ဖြင့် ဂျေရုဆလင်တရားရုံးတွင် အမှုဖွင့်ခံရပြီး လာမည့်လတွင် ဆက်လက်အမှုစစ်သွားရန် ရက်သတ်မှတ်ထားသည်။ အာဏာခွဲဝေရေးစာချုပ်အရ မစ္စတာနေတန်ယာဟုသည် အစ္စရေးဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန် ထမ်းဆောင်ခွင့်ရပြီး ၎င်း၏ပြိုင်ဘက်ဖြစ်သူ ဘန်နီဂန့်စ်မှာမူ ကာကွယ်ရေးဝန်ကြီးနှင့် အလှည့်ကျ ဝန်ကြီးချုပ်အဖြစ် သတ်မှတ်ခံရသည်။ နေတန်ယာဟုနှင့် ဘန်နီဂန့်စ်တို့သည် ၁၈ လစီ ဝန်ကြီးချုပ်အဖြစ် အလှည့်ကျအုပ်ချုပ်ရန် သဘောတူထားသော်လည်း ယင်းအစိုးရအဖွဲ့မှာ ကြာရှည်ခံလိမ့်မည်မဟုတ်ဟု သုတေသီများက ခန့်မှန်းထားကြသည်။

ပီတီအိုင်

အီတလီနိုင်ငံရှိ အထူးကြပ်မတ် ကုသဆောင်၌ ကုသမှုခံယူလျက်ရှိသော လူနာ နည်းပါးလာ

ရောမ ဇွန် ၂၈

အီတလီနိုင်ငံရှိ အထူးကြပ်မတ် ကုသဆောင်တွင် ကုသမှုခံယူနေသည့်လူနာမှာ ၉၇ ဦးသာရှိတော့သည်ဟု အီတလီကျန်းမာရေးဝန်ကြီးက ဇွန် ၂၇ ရက်တွင် ပြောကြားသည်။

အဆိုပါ လူနာများထဲမှ ထက်ဝက်ခန့်မှာ အီတလီမြောက်ပိုင်း လွန်ဘာဒီဒေသမှဖြစ်ကြသည်။ ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ အရေအတွက်မှာ ၁၇၅ ဦးရှိသည်ဟု ကျန်းမာရေးအာဏာပိုင်များက ဇွန် ၂၇ ရက်တွင်ပြောကြားခဲ့သည်။ တိုင်းပြည်အတွင်း စုစုပေါင်း နေပြန်ကောင်းသူအရေအတွက်မှာ ၁၈၈၅၈၄ ဦးအထိရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ အီတလီနိုင်ငံ မြောက်ပိုင်း လွန်ဘာဒီဒေသမှာ လူဦးရေထူထပ်ပြီး အီတလီနိုင်ငံ၏ ဒေသ ၂၀ တွင် ကူးစက်မှု အမြင့်ဆုံးဒေသလည်းဖြစ်သည်။

ဆင်ဟွာ

ရုပ်တုဖြိုချရန် ကြိုးပမ်းမှုဖြင့် အမေရိကန်တွင် လူလေးဦး တရားစွဲဆိုခံရ

ဝါရှင်တန် ဇွန် ၂၈

အိမ်ဖြူတော်အနီးရှိ အမေရိကန်နိုင်ငံ၏ ခုနစ်ဦးမြောက် သမ္မတ၏ ရုပ်တုကိုဖြိုချပစ်ရန် ကြိုးပမ်းမှုဖြင့် လူလေးဦးကို တရားစွဲဆိုထားကြောင်း အမေရိကန် တရားရေးဝန်ကြီးဌာနက ပြောသည်။

အသက် ၂၀ ဝန်းကျင်နှင့် ၄၀ ဝန်းကျင် လူလေးဦးမှာ အန်ဒရူးဂျက်ဆင်၏ ရုပ်တုကို ဆွဲချဖျက်ဆီးရန် ကြိုးပမ်းမှုကြောင့် ဇွန် ၂၇ ရက်က စွပ်စွဲထားသည်။ ရုပ်တုကိုဖျက်ဆီးရာတွင် အဆိုပါလေးဦးနှင့်အတူ အခြားလူများလည်းပါဝင်ပြီး ပြည်နယ်ပိုင်ပစ္စည်းကို ဖျက်ဆီးမှုဖြင့် တရားစွဲဆိုထားကြောင်းသိရသည်။

အဆိုပါဖြစ်ရပ်သည် ဇွန် ၂၇ ရက်ကဖြစ်ပွားခဲ့ပြီး ကျွန်စနစ်ကို ထောက်ခံခဲ့ကြသည့် သမိုင်းဝင်ပုဂ္ဂိုလ်များ၏ ရုပ်တုများကို အမေရိကန်တွင် ဖျက်ဆီးခံနေရသည်။ ဂျော့ဂျ်ဖလွိုဒ် သေဆုံးပြီးနောက် လူမျိုးရေးခွဲခြားမှုအတွက် အုံကြွမှုများ ပေါ်ပေါက်ခဲ့သည်။ အထိမ်းအမှတ် ရုပ်တုများကို ဖြိုဖျက်ရန် ကြိုးစားကြသူများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တရားစွဲဆိုသွားရန် အမိန့်ကို သမ္မတထရမ့်က လက်မှတ်ရေးထိုးပြီးနောက် တစ်ရက်အကြာတွင် ယခုလိုဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လူတစ်ဦးချင်းစီ၏ ငြိမ်းချမ်းစွာ ဆန္ဒပြနိုင်သည့် အခွင့်အရေးကိုမူ အကာအကွယ် ပေးမည်ဖြစ်သော်လည်း ယင်းအခွင့်အရေးကို အသုံးချကာ အကြမ်းဖက်မှုလုပ်ဆောင်ရန် လှုံ့ဆော်ခြင်းနှင့် ပစ္စည်းဥစ္စာများ ဖျက်ဆီးခြင်းကိုမူ လက်မခံကြောင်း တရားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

အန်ဒရူးဂျက်ဆင်၏ ရုပ်တုကို ဖျက်ဆီးရန် ကြိုးစားနေသူများအား တွေ့ရစဉ်။

ပိုလန်နိုင်ငံတွင် နှောင့်နှေးခဲ့ရသည့် သမ္မတရွေးကောက်ပွဲ ပြန်လည်စတင်

ဝါဆော ဇွန် ၂၈

ပိုလန်သမ္မတရွေးကောက်ပွဲ ပထမအကျော့အတွက် မဲပေးမှုကို ဇွန် ၂၈ ရက်က စတင်ခဲ့ကြောင်း သိရသည်။ ယင်းမဲပေးပွဲကို မေ ၁၀ ရက်ကကျင်းပရန် ရည်ရွယ်ထားသော်လည်း ကိုဗစ် -၁၉ ကြောင့် နှောင့်နှေးခဲ့ရသည်။

လက်ရှိသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသူ အန်ဒရေးဒူဒါသည်လည်း နောက်တစ်ကြိမ် သမ္မတသက်တမ်းအတွက် ရွေးကောက်ပွဲပြန်ဝင်ခဲ့ပြီး ၎င်းသည် ၂၀၁၅ ခုနှစ်က သမ္မတအဖြစ် ရွေးကောက်ခံခဲ့ရသူလည်း ဖြစ်သည်။

မဲပေးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၁၁ ဦးရှိပြီး လက်ရှိသမ္မတ၏ အဓိကပြိုင်ဘက်မှာ ဝါဆောမြို့တော်ဝန် ရာဖယ်တာဇာစကော့စကီပင် ဖြစ်သည်။ မဲပေးပွဲတွင် လက်ရှိသမ္မတက ဦးဆောင်နေသော်လည်း မဲပေးပွဲတွင် အနိုင်ရရှိရေးအတွက် မဲအရေအတွက် ၅၀ ရာခိုင်နှုန်းရရှိရန်မှာ မလွယ်ကူပေ။ ပထမအကျော့တွင် အနိုင်ရရှိသူမှာ ဇူလိုင် ၁၂ ရက်တွင် ကျင်းပမည့် ဒုတိယအကျော့မဲပေးပွဲတွင် ဆက်လက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ကိုဗစ် -၁၉ ကြောင့် အသွားအလာပိတ်ဆို့မှု ပြုလုပ်ထားစဉ်အတွင်း အခြားသော ပြိုင်ဘက်များမှာ မြေပြင်တွင် လက်တွေ့ မဲဆွယ်စည်းရုံးရေး လုပ်ငန်းများ လုပ်ဆောင်ခွင့်မရသဖြင့် လက်ရှိသမ္မတက အသာစီးရလျက်ရှိသည်ဟု ဝေဖန်သူများက ပြောသည်။

ဆင်ဟွာ

ခရီးသွားရာသီပြန်စဖို့ မျှော်လင့်နေတဲ့ ဥရောပသမဂ္ဂ

ခြူးစန္ဒီနွေး

ကိုဗစ် – ၁၉ ဗိုင်းရပ်စ်ကူးစက်မှုပျံ့နှံ့မှုစိုးတာကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေဆီကို ပြည်ပက ခရီးသွားတွေ အဝင်မခံဘဲ ပိတ်ထားတာလည်းကာလအတန်ကြာ ရှိပါပြီ။ အခုအခါမှာတော့ စီးပွားရေး နာလန်ထူဖို့အတွက် လုပ်ဆောင်မှုတွေ လုပ်ရမယ့်ကာလဖြစ်လို့ ဇူလိုင် ၁ ရက်ကစပြီး ဥရောပသမဂ္ဂ ပြင်ပကလာမယ့် ခရီးသွားတွေကို ပြန်လည်လက်ခံပေးတော့မယ်လို့ သိရပါတယ်။

တားမြစ်ထားဦးမည်

ဒါပေမယ့်လည်း ရုရှားနဲ့ အမေရိကန်မှာတော့ကူးစက်မှုတွေဟာ ထိန်းချုပ်လို့ ရတဲ့ပမာဏအထိ မရောက်သေးတာကြောင့် အန္တရာယ်များတဲ့ အခြေအနေတွေအဖြစ် သတ်မှတ်ထားတုန်းပါပဲ။ ဒါကြောင့်မို့ အမေရိကန်၊ ရုရှားတို့အပါအဝင် အခြားသော ကိုဗစ် –၁၉ ကူးစက်မှု မြင့်တက်နေတဲ့နိုင်ငံတွေက နိုင်ငံသားတွေကိုတော့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေဆီ ဝင်ရောက်ခွင့် တားမြစ်ထားဦးမယ်လို့အီးယူက အရာရှိတွေက ဇွန် ၂၆ ရက်မှာပြောကြားခဲ့ကြပါတယ်။

ဖြေလျှော့မှုပေးမည်

နောက်ထပ်တစ်ခုကတော့ ကိုဗစ်–၁၉ ကူးစက်မှု ထိန်းချုပ်နိုင်တဲ့နိုင်ငံတွေ၊ ဖြစ်ပွားမှုနှုန်းနည်းတဲ့ နိုင်ငံတွေက ခရီးသွားတွေကိုတော့ ဇူလိုင် ၁ ရက်ကစပြီး ပိတ်ဆို့ကန့်သတ်ထားမှုတွေကိုဖြေလျှော့ပေးတော့မှာပါ။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေဆီ လာရောက်ခွင့်ပြုမယ့် နိုင်ငံများစာရင်းကိုတော့ ဥရောပသမဂ္ဂရဲ့ အဆင့်မြင့်သံတမန်ကြီးတွေက ပြုစုထားပြီးပါပြီ။ လအတန်ကြာ အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ပြီးတဲ့နောက်ပိုင်းမှာတော့ အဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံတို့ဟာ ကုန်သွယ်ရေးနဲ့ ခရီးသွားလုပ်ငန်းကိုဘယ်လိုပြန်လည်စတင်မလဲဆိုတာကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ အမေရိကန်မှာတော့ ကိုဗစ် –၁၉ ကြောင့် သေဆုံးသူတွေများလာတဲ့အပြင် ကူးစက်နှုန်းပါမြင့်တက်နေတာဖြစ်တဲ့အတွက်ကြောင့် ဥရောပသမဂ္ဂကိုလာရောက်ခွင့်ပေးတဲ့နိုင်ငံတွေစာရင်းမှာ အမေရိကန်ကို မထည့်သင့်ဘူးဆိုပြီး ဥရောပသမဂ္ဂ အရာရှိတွေက ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားခဲ့ကြပါတယ်။

ခြောက်ကြိမ်ထက်မနည်း ဆွေးနွေး

လုံခြုံစိတ်ချရတဲ့နိုင်ငံများစာရင်းမှာတော့ ကနေဒါနဲ့ဩစတြေးလျနိုင်ငံတို့ပါဝင်ပြီး အဲဒီနိုင်ငံတွေကကူးစက်မှုနှုန်းနဲ့ ပြည်သူ့ကျန်းမာရေးအစီရင်ခံစာ အချက်အလက်တွေကိုကြည့်ပြီး ဆုံးဖြတ်ချက်ချတာပဲဖြစ်ပါတယ်။ နှစ်ပတ်တစ်ခါ ဒီစာရင်းကိုအသစ်ပြုလုပ်လေ့ရှိပါတယ်။ ပေါင်းထည့်ရမယ့်တိုင်းပြည်စာရင်းကို အသစ်ပြုစုရပါတယ်။ ဥရောပရဲ့ တည်းတည်းမျှသာကျန်ရှိတော့တဲ့ ကျန်းမာရေးအခြေအနေကို ထိခိုက်စေခြင်းမရှိဘဲ စီးပွားရေးတွေ ဘယ်လိုပြန်လည်စတင်ကြမယ်၊ ခရီးသွားတွေကိုဘယ်လိုကန့်သတ်ချက်တွေနဲ့ ပြန်ပြီးလက်ခံမလဲဆိုတာကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေဟာ သေချာလေးဂရုတစိုက်နဲ့ ဆွေးနွေးခဲ့ကြပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့ သီတင်းပတ်တွေအတွင်းမှာ ခြောက်ကြိမ်ထက်မနည်း ဆွေးနွေးခဲ့ကြပြီးပါပြီ။

“ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေဆီ လာရောက်ခွင့်ပြုသည့်နိုင်ငံများ စာရင်းတွင် အယ်လ်ဂျီးရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဂျော်ဂျီယာ၊ ဂျပန်၊ မွန်တီနီဂရိုး၊ မော်ရိုကို၊ နယူးဇီလန်၊ ရဝမ်ဒါ၊ ဆားဘီးယား၊ တောင်ကိုရီးယား၊ ထိုင်း၊ တူနီးရှား၊ ဥရုဂွေး၊ မော်နာကိုနဲ့ ဗာတီကန်တို့ ပါဝင်တာကို တွေ့ရ။ တရုတ်နိုင်ငံကသာ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေ က ခရီးသွားတွေအတွက် ပြည်ဝင်ခွင့်ကန့်သတ်ထား မှုကို ဖယ်ရှားပေး မယ်ဆိုရင် ဥရောပသမဂ္ဂနိုင်ငံတွေ လာရောက်ခွင့်ပြု တဲ့နိုင်ငံတွေစာရင်း မှာ တရုတ်နိုင်ငံကိုလည်း ထည့်သွင်းသွားမယ်လို့ သိရ”

မတူညီတဲ့အမြင် ကိုယ်စီရှိကြ

သိပ္ပံနည်းကျတဲ့စံနှုန်းတွေပေါ် မူတည်ပြီးဆုံးဖြတ်ချက်ချခဲ့ကြပါတယ်။ ဥရောပမှာ ကိုဗစ်–၁၉ ကူးစက်မှုနှုန်းမြင့်တက်နေတဲ့ကာလဖြစ်တဲ့ မတ်လအတွင်းကစပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက ခရီးသွားတွေကို အမေရိကန်က ပြည်ဝင်ခွင့်ပိတ်ထားခဲ့ပါတယ်။ ဥရောပမှာ ကူးစက်မှုနှုန်းနဲ့ သေနှုန်းလျော့ကျလာတာတောင်မှ အမေရိကန်ဘက်က ကန့်သတ်ချက်တွေကို ဖြေလျှော့ပေးခဲ့ခြင်းမရှိပါဘူး။ ဥရောပက နိုင်ငံတွေမှာလည်း နယ်စပ်တံခါးဖွင့်ဖို့နဲ့ပတ်သက်ပြီး မတူညီတဲ့အမြင်တွေ ရှိနေကြမှာပါပဲ။ ဒါကြောင့်ဥရောပက မိတ်ဆွေတွေနဲ့ ရင်းရင်းနှီးနှီးပဲ ဆွေးနွေးမှုတွေပြုလုပ်နေပါတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောပါတယ်။

ခရီးသွားလုပ်ငန်း၏ အကျိုးအမြတ်

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချို့ အထူးသဖြင့် တောင်ပိုင်းနိုင်ငံတွေဟာ အမေရိကန်ခရီးသွားတွေဆီကနေ အကျိုးအမြတ်ရရှိနေကြပါတယ်။ ပြီးခဲ့တဲ့နှစ် ဇွန်လကနေ ဩဂုတ်လအတွင်း အမေရိကန်ခရီးသွား ခုနစ်သန်းဟာ ဥရောပကို အလည်အပတ်ခရီးထွက်ခဲ့ကြတယ်လို့ အမေရိကန် အစိုးရရဲ့ အချက်အလက်တွေအရ သိရပါတယ်။ ဥပမာအားဖြင့် ဂရိနိုင်ငံဆိုရင် သူ့နိုင်ငံရဲ့စီးပွားရေးလုပ်ငန်း ငါးပုံပုံရင် တစ်ပုံဟာ ခရီးသွားလုပ်ငန်းအပေါ်မှာပဲ တည်မှီနေပါတယ်။ နွေရာသီခရီးသွားကာလအတွင်းမှာ ဂရိဟာ ဥရောပသမဂ္ဂတားမြစ်ပိတ်ပင်မှုတွေကို လျစ်လျူရှုပြီး ခရီးသွားတွေကို လာရောက်ခွင့်ပြုတာ၊ ခရီးသွားတွေ ရောက်ရှိလာတဲ့အခါ ဆေးစစ်မှုနဲ့ သီးခြားခွဲထားမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

ဂရိနိုင်ငံနှင့် ခရီးသွားလုပ်ငန်း

ဂရိနိုင်ငံဟာ ခရီးသွားလုပ်ငန်းအပေါ်တည်မှီနေတာဖြစ်တဲ့အတွက်ကြောင့် ကိုဗစ် –၁၉ ဖြစ်ပွားနေသော်လည်း ဥရောပသမဂ္ဂရဲ့စံနှုန်းတွေကို အနည်းငယ်ပျော့ပျောင်းစေလိုပါတယ်။ ဇွန်လအတွင်းက ကာတာနိုင်ငံ ဒိုဟာမြို့ကနေ အေသင်မြို့ကို ပျံသန်းလာတဲ့လေယာဉ်ပေါ်လိုက်ပါလာတဲ့ခရီးသည် ၉၁ ဦးရှိတဲ့အနက် ၁၂ ဦးမှာ ကိုဗစ်– ၁၉ ရှိနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ ဒိုဟာမြို့ကလာတဲ့ လေကြောင်းခရီးစဉ်တွေအားလုံးကို ဆိုင်းငံ့ခဲ့ရပါတယ်။ ဒါကြောင့်လည်း အန္တရာယ်ကင်းကင်းနဲ့ခရီးသွားလုပ်ငန်းကို ပြန်စဖို့ဆိုရင် ထည့်သွင်းစဉ်းစားရမယ့်အချက်တွေအများကြီးရှိနေပါသေးတယ်။

ခရီးသွားလုပ်ငန်းကို အားထားရသည့်နိုင်ငံများ

ဂရိနိုင်ငံလိုပါပဲ။ ခရီးသွားလုပ်ငန်းကရတဲ့အကျိုးအမြတ်ကအရေးကြီးတာကြောင့် ခရီးသွားလုပ်ငန်းကို အားထားတဲ့နိုင်ငံတွေ ရှိနေပါသေးတယ်။ အဲဒီနိုင်ငံတွေကတော့ စပိန်၊ အီတလီနဲ့ ပေါ်တူဂီတို့ပါပဲ။ အဲဒီနိုင်ငံတွေမှာတော့ နိုင်ငံရပ်ခြားကလာမယ့် ခရီးသွားတွေအတွက် ကျန်းမာရေးစစ်ဆေးဖို့ အစီအစဉ်တွေပြုလုပ်ထားပါတယ်။ စပိန်နဲ့ ဂရိနှစ်နိုင်ငံဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေပြင်ပကလာတဲ့ ခရီးသွားအချို့ကိုလည်း လက်ခံနေပါတယ်။ နယ်သာလန်နိုင်ငံကတော့ ဥရောပနဲ့ အခြားကမ္ဘာ့နိုင်ငံတွေကြား ကုန်ပစ္စည်းလွှဲပြောင်းမှုအတွက် အဓိကအရေးပါတဲ့နေရာမှာ တည်ရှိပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေကြား နယ်စပ်တံခါးဖွင့်ပေးတာဟာ စီးပွားရေးအတွက် လုပ်ဆောင်ရတာဖြစ်ပြီး ပြင်ပနိုင်ငံတွေက လာမယ့်ခရီးသွားတွေအတွက်တော့ တံခါးတွေဖွင့်ပေးဖို့ နယ်သာလန်နိုင်ငံအနေနဲ့ တွန့်ဆုတ်နေပါတယ်။

ဝင်ရောက်ခွင့်ပြုသည့်နိုင်ငံများစာရင်း

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေဆီ လာရောက်ခွင့်ပြုသည့် နိုင်ငံများစာရင်းတွင် အယ်လ်ဂျီးရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဂျော်ဂျီရာ၊ ဂျပန်၊ မွန်တီနီဂရိုး၊ မော်ရိုကို၊ နယူးဇီလန်၊ ရဝမ်ဒါ၊ ဆားဘီးယား၊ တောင်ကိုရီးယား၊ ထိုင်း၊ တူနီးရှား၊ ဥရုဂွေး၊ မော်နာကိုနဲ့ ဗာတီကန်တို့ပါဝင်တာကို တွေ့ရပါတယ်။ တရုတ်နိုင်ငံကသာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက ခရီးသွားတွေအတွက် ပြည်ဝင်ခွင့်ကန့်သတ်ထားမှုကို ဖယ်ရှားပေးမယ်ဆိုရင် ဥရောပသမဂ္ဂနိုင်ငံတွေ လာရောက်ခွင့်ပြုတဲ့နိုင်ငံတွေစာရင်းမှာ တရုတ်နိုင်ငံကိုလည်း ထည့်သွင်းသွားမယ်လို့ သိရပါတယ်။ ဗြိတိန်နိုင်ငံကတော့ ဥရောပသမဂ္ဂအဖွဲ့ကြီးကနေ နုတ်ထွက်ပြီးဖြစ်ပေမယ့် အခုနှစ်ကုန်ပိုင်းအထိ အဖွဲ့ဝင်နိုင်ငံအဖြစ် သတ်မှတ်ထားဆဲပါပဲ။ ဒါကြောင့် ဥရောပသမဂ္ဂအဖွဲ့ကြီးရဲ့ ကန့်သတ်ချက်တွေအတိုင်း လုပ်ဆောင်ရဦးမှာပါ။

လှုပ်ရှားရုန်းကန်ရဦးမည်

ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုကိုစိုးရိမ်ကြပေမယ့် စီးပွားရေးနာလန်ထူဖို့အတွက်ကလည်းမလုပ်မဖြစ် လှုပ်ရှားရုန်းကန်ရဦးမှာပါ။ ဒါကြောင့် ခရီးသွားလုပ်ငန်းကို ပြန်ဖွင့်ပေးဖို့ဆိုတာ စွန့်စားရာရောက်ပေမယ့် ဥရောပအချို့နိုင်ငံတွေကတော့ အကောင်းဆုံးနည်းလမ်းတွေ စဉ်းစားပြီး ပြန်စဖို့ကြိုးစားနေကြပါတယ်။ ။

ကိုးကား – နယူးယောက်တိုင်းမ်

နိုင်ငံတကာသတင်းတိုတွာ

ပီရူးနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၃၆၂၅ ဦး ထပ်မံတွေ့ရှိ

လီမာ ဇွန် ၂၈

ပီရူးနိုင်ငံတွင် ဇွန် ၂၇ ရက်က ကိုဗစ်–၁၉ ကူးစက်ခံရသူ ၃၆၂၅ ဦး ထပ်မံတွေ့ရှိခဲ့ပြီး နိုင်ငံအတွင်း စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၂၇၅၉၈၉ ဦးအထိရှိကာ သေဆုံးသူအရေအတွက်မှာ ၉၁၃၅ ဦးအထိရှိကြောင်း ပီရူးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ဆေးရုံတွင် ကုသမှုခံယူနေသည့်လူပေါင်း ၁၀၇၆၂ ဦးရှိပြီး ၁၁၆၉ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေဆဲဟု သိရသည်။

တိုင်းပြည်အတွင်း ကိုဗစ် –၁၉ ကူးစက်မှုနှုန်းမှာ မြင့်တက်ဆဲဖြစ်သော်လည်း မကြာသေးမီရက်များအတွင်း ကူးစက်မှုနှုန်းလျော့ကျသည့်လက္ခဏာများ တွေ့ရှိလာရသည်ဟု ကျန်းမာရေးဝန်ကြီး ဗစ်တာဇာမိုရာက ပြောသည်။ ပီရူးနိုင်ငံသည် မတ် ၁၆ ရက်မှစတင်ကာ သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်နှင့် သီးခြားခွဲထားမှုများကို မဖြစ်မနေလုပ်ဆောင်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများကိုလည်း ရပ်တန့်ထားကြောင်း သိရသည်။ ဆင်ဟွာ

တက္ကဆက်ပြည်နယ်တွင် ကိုဗစ် -၁၉ကူးစက်မှု ဆက်လက်မြင့်တက်ဆဲဖြစ်

တက္ကဆက် ဇွန် ၂၈

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်တွင် ဇွန် ၂၆ ရက်က ကိုဗစ်–၁၉ ကူးစက်ခံရသူ ၅၇၀၀ ကျော် ထပ်မံတွေ့ရှိခဲ့သည်ဟု တက္ကဆက်ပြည်နယ်ကျန်းမာရေးနှင့် ဝန်ဆောင်မှုဌာနက သတင်းထုတ်ပြန်သည်။

တက္ကဆက်ပြည်နယ်ရှိ ဟာရစ်ကောင်တီသည် အမေရိကန်ပြည်ထောင်စု၏ စတုတ္ထလူဦးရေ အထူထပ်ဆုံးမြို့ဖြစ်သည့် ဟူစတန်မြို့မှဖြစ်ပြီး နေအိမ်အတွင်း၌သာနေရန် အမိန့်ကို ပြန်ထုတ်ပေးရေး တရားသူကြီး လီနာဟိုင်ဒယ်ဂိုက လိုလားလျက်ရှိသည်။

မိမိကိုယ်တိုင်၏ ကျန်းမာရေး၊ အိမ်နီးနားချင်းများ၏ ကျန်းမာရေးနှင့် စီးပွားရေးတို့အတွက် လတ်တလောတွင် နေအိမ်၌သာနေကြရန်လိုအပ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး အက်ဘော့ကလည်း ပြည်နယ်အတွင်းစီးပွားရေးလုပ်ငန်းများပြန်လည်စတင်ခြင်းကိုရပ်နားထားဦးမည်ဟု ကြေညာခဲ့သည်။ သို့သော်လည်း တက္ကဆက်ရှိ ရီပတ်ဘလစ်ကန်များသည် လာမည့်လအတွင်း အစည်းအဝေးပြုလုပ်ရန် ရည်ရွယ်ထားကြကာ ယင်းအစည်းအဝေးသို့ လူပေါင်း ၆၀၀၀ တက်ရောက်မည်ဟု ခန့်မှန်းထားသည်။

ဆင်ဟွာ

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၇–၆–၂၀၂၀)ရက်နေ့အတွက် COVID–19 ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၅၆၃)ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၂)ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး(ခုတင် – ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၅)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၈၃၀)ခုအားစစ်ဆေးပြီးစီးခဲ့ရာ–
- COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၃)ဦး တွေ့ရှိခဲ့ပါသည်။

၂။ (၂၈–၆–၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂၉၆) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၂၇–၆–၂၀၂၀)ရက်နေ့တွင်–

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ(၁,၁၂၈)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၉၂)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)(PHL–Mdy)မှ ဓာတ်ခွဲနမူနာ(၂၇၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၂)ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး(ခုတင် – ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၅)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၉၆၅)ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၂၈ -၆-၂၀၂၀) ရက်နေ့ နံနက်(၈:၀၀)နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု	ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ	ယခု ဆေးကုသမှုခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအဖြေ	မှတ်ချက်
294	၁၅ နှစ်	ကျား	တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်	မရှိ	ရှိ (ထိုင်း)	ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်)
295	၂၂ နှစ်	ကျား	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်	မရှိ	ရှိ (အိန္ဒိယ)	တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်)
296	၂၃ နှစ်	ကျား	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်	မရှိ	ရှိ (အိန္ဒိယ)	တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်)

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
(၂၈-၆-၂၀၂၀) ရက်နေ့ နံနက်(၈:၀၀) နာရီ

(၂၇-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၅၆၃)ခု
(၂၇-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၅၂) ခု
(၂၇-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး(ခုတင် - ၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၅)ခု၊
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၃) ဦး

COVID-19 ရောဂါအတွက်
ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၈-၆-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၃) ဦး	(၂၉၆) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၁) ဦး	(၂၁၆) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် အရာရှိ၊ စစ်သည်များအနက်မှ စစ်သည် သုံးဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး ထပ်မံတွေ့ရှိ

နေပြည်တော် ဇွန် ၂၈

အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် အရာရှိ၊ စစ်သည်များအနက်မှ စစ်သည် သုံးဦးတွင် ကိုဗစ်–၁၉ ရောဂါပိုး ထပ်မံတွေ့ရှိရကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီးဆုံး၍ ဇွန် ၂၆ ရက်တွင် တပ်မတော်လေယာဉ်ဖြင့် အိန္ဒိယနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း အသွားအလာကန့်သတ်သီးခြားစောင့်ကြည့်ထားသည့် အရာရှိ၊ စစ်သည် ၄၈ ဦးအနက် စစ်သည် နှစ်ဦး ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိမှုသတင်းအား ဇွန် ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါ လေယာဉ်တစ်စီးတည်း လိုက်ပါစီးနင်းလာခဲ့သည့် ကျန်ရှိသူ ၄၆ ဦးအား ဇွန် ၂၇ ရက် ညပိုင်းတွင် ၎င်းတို့၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်တို့အား ရယူ၍ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)၌ Polymerase Chain Reation (PCR) နည်းဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ရာ စစ်သည် သုံးဦး၌ ကိုဗစ်–၁၉ ရောဂါပိုး ထပ်မံတွေ့ရှိ (တွေ့ရှိ)ရကြောင်း၊ ရောဂါပိုးတွေ့ရှိရသော စစ်သည်များအား တပ်မတော်က ကြိုတင်စီစဉ်ထားသည့် တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)သို့ ပို့ဆောင်၍ ဆေးဝါးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း။

ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိခဲ့သည့် စစ်သည်များနှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများ၊ လေယာဉ်တစ်စီးတည်း လိုက်ပါစီးနင်းခဲ့သူများကိုလည်း လိုအပ်သည့် ရောဂါရှာဖွေဖော်ထုတ်ခြင်း၊ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၅၈ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် ဇွန် ၂၈

ချင်းရွှေဟော် မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေက ၁၁ ဦးနှင့် ယနေ့ မွန်းလွဲတွင် ၄၇ ဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၅၈ ဦးတို့အား လားရှိုးမြို့သို့ ထပ်မံ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၅၈ ဦးတွင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၄၂ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ သုံးဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၉ ဦးနှင့် ရှမ်းပြည် နယ်မှ ၁၁ ဦးတို့ဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူများမှာ မေ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၆၇၉၅ ဦးနှင့် အမျိုးသမီး ၅၄၄၉ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၂၂၄၄ ဦးတို့ကို စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၈-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၆၂)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၂၇၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၈၀) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၆၇) ခု၊

စုစုပေါင်း (၁,၁၈၂) ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။

၂။ (၂၈-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၂၉၉) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၂) ဦး (Case- 245, 247) တွေ့ရှိရသဖြင့် စုစုပေါင်း ပိုးကင်းစင်သူ (၂၁၈) ဦးရှိပြီး ၎င်းတို့အနက် (၂၀၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၈-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၈-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၅၆၂) ခု
(၂၈-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၇၃) ခု
(၂၈-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၈၀) ခု
(၂၈-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၆၇) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၃) ဦး

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၂၇-၆-၂၀၂၀) ရက်နေ့၊ နေ့လယ်(၁၂:၀၀)နာရီမှ(၂၈-၆-၂၀၂၀)ရက်နေ့၊ နေ့လယ်(၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၉) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၈-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၃) ဦး	(၂၉၉) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၂) ဦး	(၂၁၈) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

(၂၈-၆-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု	ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ	ဆေးကုသမှု ခံယူစေမည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအဖြေ	မှတ်ချက်
297	၂၄ နှစ်	ကျား	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်	မရှိ	ရှိ (အိန္ဒိယ)	တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်)
298	၂၄ နှစ်	ကျား	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်	မရှိ	ရှိ (အိန္ဒိယ)	တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး	တွေ့ရှိ	
299	၂၃ နှစ်	ကျား	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်	မရှိ	ရှိ (အိန္ဒိယ)	တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး	တွေ့ရှိ	

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြို့ပင်ကောက်မြို့၌ အသွားအလာကန့်သတ်စခန်း ဝင်နေသူများအား ကြည့်ရှု

ပဲခူး ဇွန် ၂၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၂၈ ရက်က ကြို့ပင်ကောက်မြို့ ဣန္ဒကာရ အသွားအလာကန့်သတ်စခန်းတွင် အသွားအလာ ကန့်သတ်စောင့်ကြည့်နေသူများအား ကြည့်ရှုအားပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေးအတွက် အထောက်အပံ့ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဣန္ဒကာရ အသွားအလာကန့်သတ်စခန်း တာဝန်ရှိသူများထံ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀ စုံနှင့် နှာခေါင်းစည်း အခု ၅၀ ပါ ခြောက်ဘူးတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကြို့ပင်ကောက်မြို့ ယာယီအခွန်လွတ်ဈေး (၁)သို့ သွားရောက်ပြီး ဈေးအတွင်း မြေသားဖို့ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဈေးတွင်း/ပြင် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျ တူးဖော်ဆောင်ရွက်ရန် အခြေအနေများကို ကြည့်ရှုပြီး မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လွှတ်တော်ကိုယ်စားလှယ်များထံ ထောက်ပံ့ငွေကျပ်သိန်း ၅၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ကိုဗစ်ကာလ ရေထွက်ပစ္စည်းတင်ပို့မှု ယခင်နှစ်များထက် တိုးမြှင့်တင်ပို့နိုင်

ရန်ကုန် ဇွန် ၂၈

ကိုဗစ်-၁၉ ကာလ ရေထွက်ပစ္စည်းများကို ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးဂိတ်များမှ တစ်ဆင့် တင်ပို့မှုမှာ ဇွန် ၂၁ ရက်အထိ အမေရိကန်ဒေါ်လာ ၆၈၈ ဒသမ ၇၆၉ သန်းကျော်ရှိနေပြီး ယခင်နှစ်ကာလတူ တင်ပို့မှုထက် အမေရိကန်ဒေါ်လာ သန်းတစ်ရာကျော်ဖိုး ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ စာရင်းအရ သိရသည်။

၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် ရေထွက်ပို့ကုန်ကဏ္ဍ ငါးမက်ထရစ်တန်ချိန် ၃၆၆၆၃၄ တန်၊ ပုစွန် ၁၁၄၅၁ တန်နှင့် အခြားတင်ပို့မှု ၅၇၆၇၉၈ ဒသမ ၀၃၈ တန်ကျော် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆၈၈ ဒသမ ၇၆၉ သန်းဖိုး တင်ပို့နိုင်ခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အလားတူကာလ၏ တင်ပို့မှု မက်ထရစ်တန် ၇၃၅၆၂ ဒသမ ၀၉၁ တန်၊ အမေရိကန်ဒေါ်လာ ၁၀၀ ဒသမ ၂၄၇ သန်းဖိုး ပိုမိုတင်ပို့နိုင်ခဲ့သည်။

ကိုဗစ်-၁၉ ကာလဖြစ်သည့် မတ် ၁ ရက်မှ ဇွန် ၂၁ ရက်အတွင်း ရေထွက်ပစ္စည်းတင်ပို့မှု တန်ချိန် မက်ထရစ်တန် ၂၃၇၃၆၆ ဒသမ ၉၁၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၆ ဒသမ ၄၉၁ သန်းကျော် တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ် အလားတူကာလတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက မက်ထရစ်တန် ၃၅၀၂၂ ဒသမ ၆၈ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၆၈၈ သန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

ငါးလုပ်ငန်းဦးစီးဌာနအောက်တွင် ပြုပြင်ထုတ်လုပ်မှုလိုင်စင် ရယူဆောင်ရွက်လျက်ရှိသည့် စက်ရုံ၊ အအေးခန်းသိုလှောင်စက်ရုံပေါင်း ၁၂၄ ရုံရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် ၇၉ ရုံ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ရုံ ၂၀၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှစ်ရုံ၊ မွန်ပြည်နယ်တွင် ခြောက်ရုံ၊ ရခိုင်ပြည်နယ်တွင် ၁၀ ရုံ၊ ရှမ်းပြည်နယ်တွင် တစ်ရုံတို့မှ ရေချို၊ ရေငန်ငါး၊ ပုစွန်၊ ကင်းမွန် စသည့်ရေထွက်ကုန်များကို တန်ဖိုးမြှင့် ပြုပြင်ထုတ်လုပ်ပြီး တရုတ်၊ ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ သြစတြေးလျ၊ ကနေဒါ၊ အာဆီယံနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်ကို တင်ပို့ရောင်းချလျက်ရှိသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ အများဆုံးတင်ပို့ခဲ့သည့် ရေထွက်ပစ္စည်းဆယ်မျိုးမှာ ငါးမြစ်ချင်း၊ ငါးမုန့်၊ ကဏန်း(အရှင်)၊ ကဏန်းပျော့၊ ငါးတံခွန်၊ ငါးရှဉ့်(အရှင်)၊ ငါးသလောက်၊ ငါးကင်းမွန်၊ ဂေါ်ထိုးငါး၊ ပန်းရောင်ပုစွန်တို့ ဖြစ်ကြပြီး နိုင်ငံပေါင်း ၄၀ ကျော်အနက် ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ရပြီး ဒုတိယအများဆုံး တင်ပို့သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကြောင်း စာရင်းအရ သိရသည်။

သန့်ဇင်ဝင်း

ဇွန် ၂၈ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ ခြောက်ဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၉ ဦး ရှိပြီဖြစ်

နေပြည်တော် ဇွန် ၂၈

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ခြောက်ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၉ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ ခြောက်ဦးမှာ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်မှ တစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်မှ ငါးဦးဖြစ်ကြောင်း၊ တစ်ဦးမှာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ပြီး ငါးဦးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၉၉ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၁၈ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၀၆ ဦးနှင့် ဇွန် ၂၇ ရက် နေ့လယ် ၁၂ နာရီမှ ဇွန် ၂၈ နေ့လယ် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၉ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၇၃၂၇၈	၂၉၉

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၂၁၈	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၉၀၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၀၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၂၈	၅
၂	ရခိုင်	၁၂	
၃	ချင်း	၁၀	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၈	၁
၆	မွန်	၆	
၇	ရှမ်း(တောင်)	၄	
၈	မန္တလေး	၃	
၉	ရှမ်း(ရှေ့)	၃	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ကရင်	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၁	
စုစုပေါင်း		၂၉၉	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၈-၆-၂၀၂၀ ရက်၊ ည (၈) နာရီ

၂၈-၆- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၂၅၉၇၇၄၂	၁၀၈၁၅၃၁	၁၂၈၁၆၃
၂။	ဘရာဇီး	၁၃၁၈၂၇၄	၇၁၅၉၀၅	၅၇၁၄၉
၃။	ရုရှား	၆၃၄၄၃၇	၃၉၉၀၈၇	၉၀၇၃
၄။	အိန္ဒိယ	၅၃၈၆၈၉	၃၁၆၈၂၃	၁၆၂၆၂
၅။	ဗြိတိန်	၃၁၀၂၅၀	စိစစ်ဆဲ	၄၃၅၁၄
၆။	စပိန်	၂၉၅၅၄၉	စိစစ်ဆဲ	၂၈၃၄၁
၇။	ပီရူး	၂၇၅၉၈၉	၁၆၄၀၂၄	၉၁၃၅
၈။	ချီလီ	၂၆၇၇၆၆	၂၂၈၀၅၅	၅၃၄၇
၉။	အီတလီ	၂၄၀၁၃၆	၁၈၈၅၈၄	၃၄၇၁၆
၁၀။	အီရန်	၂၂၂၆၆၉	၁၈၃၃၁၀	၁၀၅၀၈

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈- ၆ - ၂၀၂၀

	COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
အင်ဒိုနီးရှား	၅၄၀၁၀	၂၂၉၃၆	၂၇၅၄
စင်ကာပူ	၄၃၄၅၉	၃၇၁၆၃	၂၆
ဖိလစ်ပိုင်	၃၅၄၅၅	၉၆၈၆	၁၂၄၄
မလေးရှား	၈၆၃၄	၈၃၁၈	၁၂၁
ထိုင်း	၃၁၆၂	၃၀၅၃	၅၈
ဗီယက်နမ်	၃၅၅	၃၃၀	၀
မြန်မာ	၂၉၉	၂၁၈	၆
ဘရူနိုင်း	၁၄၁	၁၃၈	၃
ကမ္ဘောဒီးယား	၁၄၁	၁၂၉	၀
လာအို	၁၉	၁၉	၀

မြောက်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

မြောက်ဦး ဇွန် ၂၈

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက အများပြည်သူ လှုပ်ရှားသွားလာမှုများသည့် နေရာများ၌ နှာခေါင်းစည်းများ ဝေငှပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးနည်းများ ပြသပေးခြင်း၊ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကိုဗစ်–၁၉ ရောဂါ အသိပညာပေးရေးနှင့် သတင်းစုဆောင်းထုတ်ပြန်ရေး ကော်မတီဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သီရိဟေမာန် ဦးဆောင်သော ဝန်ထမ်းများ စသည့်ပူးပေါင်းအဖွဲ့တို့က မြို့ပေါ်ရပ်ကွက်များရှိ လူစည်ကားရာ လမ်းဆုံနေရာများ၊ မြို့မဈေးကြီးနှင့် ကားဂိတ်နေရာများသို့ သွားရောက်ကာ ဈေးရောင်း၊ ဈေးဝယ်လာသူများ၊ ဈေးအနီးအနားပတ်ဝန်းကျင်တွင် ဖွင့်လှစ်ထားသော ဈေးဆိုင်ခန်းများ၊ အငှားယာဉ်မောင်းနှင်သူများနှင့် ခရီးသွားပြည်သူများကို နှာခေါင်းစည်းများ တပ်ဆင်သွားလာစေခြင်း၊ နှာခေါင်းစည်းမပါရှိသူများအား နှာခေါင်းစည်းများ တပ်ဆင်ဝေငှပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးနည်းများ ပြသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ဝေသည့် "အဆုတ်ရောင်ရောဂါ (2019–nCoV) မိမိကစ၍ ကာကွယ်ပါ" အသိပညာပေး လက်ကမ်းစာစောင်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် "ကိုဗစ်–၁၉ ရောဂါ မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့" အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

တင်ထွန်းဦး(ပြန်/ဆက်)

COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဇွန် ၂၈

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိခဲ့သည်။

ယခုအခါတွင် COVID–19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

နေပြည်တော် ဇွန် ၂၈

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၂၅ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ် ၂၇ မြို့နယ်ရှိ နေရာ ၅၀ တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၈ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၁ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဇွန် ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။

ဇွန် ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။

ဇွန် ၂၅ ရက်က ရခိုင်ပြည်နယ် မောင်တောမြို့ မြို့ဝင်မုခ်ဦးတွင် မော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များအား ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။

ဇွန် ၂၅ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။

COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန် အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံး ရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်း ပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့သွားသည့် အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်း ကျဆင်းသည့်အဆင့်သို့ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ခံတော်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

စေတုတ္တရာမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော သီးနှံ ၁၅၃ ဧကအတွက် ထောက်ပံ့ငွေကျပ် ၆၇သိန်း ၆သောင်းပေးအပ်မည်

စေတုတ္တရာ ဇွန် ၂၈

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သောတောင်သူများအား ထောက်ပံ့ငွေများ ပေးအပ်မည်ဖြစ်သည်။

စေတုတ္တရာ မြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ခုနှစ်(၃-၁၁-၂၀၁၈)မှ (၃၀-၉-၂၀၁၉) အထိ ကာလအတွင်း ရေတိုက်စားခြင်းကြောင့် သီးနှံပျက်စီးမှု ၁၃ ဧကရှိပြီး မိုးစပါးခြောက်ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁ သောင်းနှုန်းဖြင့် ငွေကျပ်ခြောက်သောင်း၊ နှမ်းခုနစ်ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂ သိန်းခွဲနှုန်းဖြင့် ငွေကျပ် ၁၇ သိန်းခွဲနှင့် ရေကြီးနစ်မြုပ်ခြင်းကြောင့် သီးနှံပျက်စီးမှု ဧက ၁၄၀ ရှိပြီး မိုးနှမ်း ဧက ၁၁၀ အတွက် တစ်ဧကလျှင် ငွေကျပ် ၅ ထောင်နှုန်းဖြင့် ငွေကျပ် ၅ သိန်းခွဲ ၊ နှမ်းစပါး ၁၆ ဧကအတွက် တစ်ဧကလျှင်ငွေကျပ် ၂ သိန်းခွဲနှုန်းဖြင့် ငွေကျပ်သိန်း ၄၀ ၊ မိုးမြေပဲ ၁၃ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၃ သောင်းနှုန်းဖြင့် ငွေကျပ် ၃ သိန်း ၉ သောင်း၊ ဖူးစားပြောင်းတစ်ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁ သောင်းနှုန်းဖြင့် ငွေကျပ် ၁ သောင်း မြို့နယ်အတွင်း သီးနှံပျက်စီးဆုံးရှုံးမှု စုစုပေါင်း ၁၅၃ ဧကအတွက် ငွေကျပ် ၆၇ သိန်း ၆ သောင်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

သီးနှံပျက်စီး ဆုံးရှုံးမှုအတွက် ထောက်ပံ့ငွေပေးအပ်မည့် အစီအစဉ်တွင် မြို့နယ် အုပ်ချုပ်ရေးမှူးဦးဆောင်သော မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများပါဝင်သောအဖွဲ့ဖြင့် မြို့နယ်ကြီးကြပ်ရေးကော်မတီဖွဲ့စည်း၍ ဇူလိုင်လအတွင်း တောင်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြစံထံမှ သိရသည်။

စည်သူလွင်(ပြန်/ဆက်)

ကော့ကရိတ်မြို့နယ် ငါးမွေးတောင်သူများအား ငါးသားပေါက်များအခမဲ့ပေးအပ်

ကော့ကရိတ် ဇွန် ၂၈

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်အေးအေးဇော်၊ ကော့ကရိတ် ခရိုင်မှူးနှင့် ဝန်ထမ်းများသည် ယမန်နေ့က ကော့ကရိတ်မြို့နယ် ပိုင်ရပ်ကျေးရွာ မြစိမ်းရောင်(ငါးကန္တာ) ငါးမွေးတောင်သူကိုးဦး၏ ငါးမွေးကန်များအတွက် ငါးခုံးမကြီးသားပေါက် ကောင်ရေ ၁၀၀၀၀ ကို အခမဲ့ဖြန့်ဝေပေးသည်။

ဆက်လက်ပြီး အဆိုပါမြစိမ်းရောင် (ငါးကန္တာ) ကော်မတီဝင်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများ အားတွေ့ဆုံဆွေးနွေးပြီး မြစိမ်းရောင်ရန်ပုံငွေ၏ အတိုးရငွေဖြင့် စာသင်ကျောင်းအမိုးမိုးခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

ထို့နောက် ကော့ကရိတ် မြို့နယ် ငါးမွေးတောင်သူများနှင့်တွေ့ဆုံကာ ပြည်ထောင်စုမှပံ့ပိုးမည့် ငါးသားပေါက်များဖြန့်ဖြူးမည့်အစီအစဉ်ကို ချပြဆွေးနွေးပြီး သဘောထားများ ရယူသည်။

သတင်းစဉ်

ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG) များနှင့်အတူ "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူ တောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၆ - ၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၁၇၀၀၀
ရန်ကုန်	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၁၄၀၀၀
ရန်ကုန်	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၁၄၅၄၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၁၇၀၀၀
မန္တလေး	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၁၄၀၀၀
မန္တလေး	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၁၄၅၄၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၅၄၀/၅၉၀	ကျပ်	၅၆၅/၅၈၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၅၅၀/၆၀၀	ကျပ်	၅၈၀/၅၉၅	ကျပ်
အောက်တိန်း ၉၂	၄၈၀/၅၃၀	ကျပ်	၅၄၀/၅၅၅	ကျပ်
အောက်တိန်း ၉၅	၆၁၀/၆၃၀	ကျပ်	၆၆၅/၆၈၀	ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၃၈၉ . ၄
ဥရောပ	တစ်ယူရို	ကျပ်	၁၅၆၁ . ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၉၉၈ . ၃၀
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၇၂၉ . ၆
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၉၆ . ၆
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၅၆ . ၁၀
တရုတ်	တစ်ယွမ်	ကျပ်	၁၉၆ . ၂၉
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၈ . ၃၇၅
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၅ . ၄၂
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၂၄ . ၇၈
ထိုင်း	တစ်ဘတ်	ကျပ်	၄၄ . ၉၄၃

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁၀၀၀	၁၀၅၀၀	၁၁၂၉	၁၁၈၆၆၅၀၀
MTSH	၃၈၅၀	၃၈၀၀	၃၁၁၇	၁၁၈၄၅၇၅၀
MCB	၈၂၀၀	၈၂၀၀	၂	၁၆၄၀၀
FPB	၂၂၅၀၀	၂၂၅၀၀	၄၂၃	၉၅၁၇၅၀၀
TMH	၂၈၀၀	၂၈၀၀	၄	၁၁၂၀၀
EFR	၂၇၀၀	၂၇၀၀	၅	၁၃၅၀၀

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	ဝင်းကျော်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း	-	ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE

ကျွန်တော်နဲ့ ပြည်တော်ပြန်လုပ်သားများ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ပြည်တော်ပြန်လုပ်သားများဆိုတဲ့ ဝေါဟာရကို အရင်က ကျွန်တော် မကြားဖူးပါဘူး။ ကိုဗစ်-၁၉ ကာလအတွင်း သတင်းစာ၊ ဂျာနယ်တွေမှာ သုံးစွဲခဲ့တာကို တွေ့ရှိရပါတယ်။ ပြည်တော်ပြန်ဆိုတဲ့ အသုံးအနှုန်းဟာ နှစ်သက်စရာတစ်ခုပါ။ ကိုယ့်ကိုယ်ကိုယ် စဉ်းစားလိုက်ရင်လည်း ကျွန်တော်ဟာ ပြည်တော်ပြန်တစ်ဦးဖြစ်ပါတယ်။ နိုင်ငံခြားမှာ နှစ်ပေါင်း ၂၀ နီးပါး အလုပ်လုပ်ခဲ့ပြီး အငြိမ်းစားယူတဲ့အချိန်မှာ ပြည်တော်ကိုပြန်ခဲ့သူပါ။ ကိုယ့်သဘော၊ ကိုယ့်ဆန္ဒနဲ့ လိုလိုချင်ချင် ပြန်လာခဲ့တာဖြစ်တယ်။

ကိုဗစ်ကာလ ပြည်တော်ပြန်များ

ကိုဗစ်-၁၉ ကာလအတွင်း ပြည်တော်ပြန်လုပ်သားတွေဟာ အိမ်နီးနားချင်းနိုင်ငံတွေမှာ အလုပ်လုပ်နေသူတွေ၊ ဂျပန်၊ ကိုရီးယားနဲ့ အခြားနိုင်ငံတွေမှာအလုပ်လုပ်နေသူတွေ ဖြစ်ကြတယ်။ သူတို့အနေနဲ့ပြည်တော်ပြန်လာတာဟာ ကိုယ့်ဆန္ဒနဲ့ ပြန်လာတာမဟုတ်ဘဲ အိမ်ရှင်နိုင်ငံတွေအနေ နဲ့ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ ပတ်သက်ပြီး စိုးရိမ်စိတ်ပူမှုကြောင့် ပြန်လာရခြင်းဖြစ်တယ်။ အစီအစဉ်ချပြီး ပြန်ခဲ့တာမဟုတ်ကြဘူး။ အရေးပေါ် အနေအထားကြောင့် ဖြစ်တယ်။ စုထား၊ ဆောင်းထားပြီး ပြန်လာခဲ့တာမဟုတ်ဘဲအဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ပြန်ခဲ့ကြတာ။ အိမ်ရှင်နိုင်ငံတွေမှာ ကိုဗစ်- ၁၉ ကြောင့်၊ လုပ်ငန်းအဖွဲ့အစည်းတွေ ပိတ်ခဲ့တာကြောင့်သူတို့ဟာ အလုပ်လက်မဲ့ဖြစ်သွားလို့ နိုင်ငံတော်က တာဝန်ယူပြီး ပြန်လည်ခေါ်ယူခဲ့ကြတာ။

ကျွန်တော်တို့နိုင်ငံမှာလည်း ကပ်ရောဂါကြောင့် လုပ်ငန်းတွေပိတ်ခဲ့ရတယ်။ လုပ်ငန်းတွေ လျှော့ပေါ့ခဲ့တယ်။ အကျိုးဆက်ကတော့ အလုပ်လက်မဲ့ဦးရေတွေ တိုးပွားလာခဲ့ပါတယ်။ ကိန်းဂဏန်းအတိအကျ မသိရပေမယ့် ဦးရေအနေနဲ့ မနည်းပါဘူး။ ပြည်တော်ပြန်တွေနဲ့ ပေါင်းရင် ပမာဏဟာ ကြီးလှပါတယ်။

အခုလိုပြည်တော်ပြန်အခြေအနေဟာ ကျွန်တော်တို့နိုင်ငံမှာသာမဟုတ်ဘဲ နိုင်ငံတိုင်းလိုလိုမှာ ကြုံတွေ့ရင်ဆိုင်နေကြရတယ်။ ဆင်းရဲတဲ့နိုင်ငံတွေသာမက ချမ်းသာတဲ့ နိုင်ငံတွေမှာလည်း တွေ့ရှိရပါတယ်။

ရေကြည်ရာ မြက်နုရာသို့

ပြည်တော်ပြန်လုပ်သားတွေအကြောင်း မဆွေးနွေးမီ ကျွန်တော်တို့နိုင်ငံမှ ပြည်ပနိုင်ငံတွေမှာ အလုပ်လုပ်နေကြသူတွေအကြောင်း စဉ်းစားဖို့လိုအပ်ပါတယ်။

ဒုတိယကမ္ဘာစစ်မဖြစ်မီကာလအတွင်း မြန်မာနိုင်ငံကို အိမ်နီးနားချင်းနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားတွေ သန်းနဲ့ချီဝင်ရောက်ခဲ့ကြတယ်။ စီးပွားရေးဖွံ့ဖြိုးနေတဲ့ကာလမို့ မဖွံ့ဖြိုးတဲ့ ဒေသမှာရှိသူတွေက အခုလိုပဲ ရွှေ့ပြောင်းလာခဲ့တာ သဘာဝတရားဖြစ်တယ်။

အမေရိကန်ပြည်ထောင်စုဟာ အမှန်တော့ ရွှေ့ပြောင်းလုပ်သားတွေနဲ့ တည်ဆောက်ခဲ့တဲ့နိုင်ငံ ဖြစ်တယ်။ ဥရောပနိုင်ငံက ရွှေ့လာသူတွေ၊ လက်တင်အမေရိက ကရွှေ့လာသူတွေ၊ အာရှတိုက်က လာသူတွေ၊ ကျွန်အဖြစ် အာဖရိကနိုင်ငံက ရောက်လာသူတွေနဲ့ ဖွဲ့စည်းခဲ့တာ။

အမှန်တော့လူသားတွေဟာ " ရေကြည်ရာ မြက်နုရာ" သို့ရွှေ့ပြောင်းတာက သဘာဝဖြစ်တယ်။ " တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုတဲ့အဆိုဟာ ရွှေ့ပြောင်းမှုကို ပုံဖော်ခြင်းဖြစ်ပါတယ်။

နိုင်ငံရေးဘောဂဗေဒ ရှုထောင့်နဲ့ သုံးသပ်ရင် ရွှေ့ပြောင်းလုပ်သားတွေဟာ နိမ့်ရာက မြင့်ရာကို ရွှေ့ပြောင်းကြတယ်။ ဆင်းရဲရာဒေသကနေ ချမ်းသာတဲ့နေရာကို ရွှေ့ကြတာ။ ချမ်းသာတဲ့နိုင်ငံက ဆင်းရဲတဲ့နိုင်ငံကိုရွှေ့တာ မရှိနိုင်ပါဘူး။ သဘာဝမကျပါဘူး။ အခုဆိုရင် အာဖရိကနိုင်ငံနဲ့ အရှေ့အလယ်ပိုင်းနိုင်ငံတွေက ဥရောပနိုင်ငံကို အလုအယက်သွားဖို့ ကြိုးစားနေတာတွေ့ရတယ်။ အိမ်ရှင်နိုင်ငံတွေက လက်မခံတာမို့ ပြဿနာတွေ အကြီးအကျယ်ဖြစ်နေတယ်။

ကျွန်တော်တို့ငယ်ငယ်တုန်းက မြန်မာနိုင်ငံက ပြည်ပနိုင်ငံကို အလုပ်လုပ်တဲ့သူ အင်မတန် ရှားပါးလှပါတယ်။ ရှိရင်တောင် အရေအတွက်က နည်းနည်းပဲ။ အခြားနိုင်ငံက ကိုယ့်နိုင်ငံကိုသာ လာရောက်သူတွေများတာ။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို တိုင်းတာရာမှာ ရွှေ့ပြောင်းလုပ်သား အဝင်အထွက်နဲ့ ချိန်ဆလို့ရနိုင်ပါတယ်။

၁၉၆၂ ခုနှစ်နောက်ပိုင်း ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး အခြေအနေကြောင့် အပြင်ထွက်တဲ့ ရွှေ့ပြောင်းလုပ်သားအရေအတွက်ဟာ တစ်စတစ်စ များလာတာတွေ့တယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်မှာရှိတဲ့ ကျေးရွာတွေမှာ ကလေးတွေနဲ့ အသက်ကြီးပိုင်းတွေသာကျန်ပြီး အလုပ်လုပ်နိုင်တဲ့သူတွေဟာ ပြင်ပနိုင်ငံတွေမှာ အလုပ်လုပ်နေကြတာတွေ့ရပါတယ်။ တစ်လောက ကျွန်တော် မြင်းခြံ၊ ပခုက္ကူမြို့တွေရောက်တဲ့အခါ ထန်းတောတွေခုတ်ခဲ့တာ ကြားရတယ်။ ထန်းတက်တဲ့လူငယ်တွေမရှိတာကြောင့် ဖြစ်တယ်လို့ ပြောကြတယ်။

ဆွဲအားနဲ့ တွန်းအား

အခုလို နိုင်ငံရပ်ခြားတွေမှာ ရွှေ့ပြောင်းလုပ်နေမှုကို (Brain Drain) ဦးနှောက်ယိုဖိတ်မှုအနေနဲ့ သတ်မှတ်ခဲ့တယ်။ နိုင်ငံအတွက် နစ်နာမှုအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဒီအယူအဆကို ကျွန်တော်က သိပ်ဘဝင်မကျပါဘူး။ တခြားနိုင်ငံမှာ အလုပ်လုပ်နေတဲ့သူတွေအပေါ် အမြင်စောင်းနေတဲ့ သဘောဆောင်နေတာ။ တိုင်းပြည်အပေါ် သစ္စာမရှိဘဲ အခုလိုစွန့်ခွာခဲ့တယ်လို့ လွဲမှားပြီး ယူဆခဲ့ကြတယ်။ အမှန်တော့ ရွှေ့ပြောင်းလုပ်သားတွေဟာ ဆွဲအားနဲ့ တွန်းအား နှစ်ရပ်ကြောင့် အခုလိုဆောင်ရွက်ခဲ့တာ ဖြစ်တယ်။ ဆွဲအားအနေနဲ့ လုပ်ခလစာ ပိုမိုရရှိနိုင်တဲ့ အခွင့်အရေးမက်လုံးတွေကြောင့် သွားကြသလို တချို့ကတော့ မိမိအသိပညာ၊ အတတ်ပညာကို ပြည့်ပြည့်ဝဝ အသုံးမချနိုင်တာမို့ သွားရောက်ခြင်းလည်းဖြစ်နိုင်ပါတယ်။ ဆွဲအားကို နိုင်ငံအနေနဲ့ တုံ့ပြန်နိုင်စွမ်းမရှိပါဘူး။ ကိုယ်ဆောင်ရွက်နိုင်တာက တွန်းအားကို ဖြေလျှော့ဖို့သာ ဖြစ်တယ်။

> “ နိုင်ငံရပ်ခြားတွေမှာ ရွှေ့ပြောင်းလုပ်နေမှုကို(Brain Drain)ဦးနှောက် ယိုဖိတ်မှုအနေနဲ့ သတ်မှတ်ခဲ့တယ်။ နိုင်ငံအတွက် နစ်နာမှုအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဒီအယူအဆကို ကျွန်တော်က သိပ်ဘဝင်မကျပါဘူး။ တခြားနိုင်ငံမှာ အလုပ်လုပ်နေတဲ့သူတွေအပေါ် အမြင်စောင်းနေတဲ့ သဘောဆောင်နေတာ။ တိုင်းပြည်အပေါ်သစ္စာမရှိဘဲ အခုလိုစွန့်ခွာခဲ့တယ်လို့ လွဲမှားပြီးယူဆခဲ့ကြတယ်။ အမှန်တော့ ရွှေ့ပြောင်းလုပ်သားတွေဟာ ဆွဲအားနဲ့ တွန်းအားနှစ်ရပ်ကြောင့် အခုလိုဆောင်ရွက်ခဲ့တာဖြစ်”

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ကျွန်တော်က (Brain Drain) ဦးနှောက်ယိုဖိတ်မှုအစား (Brain Gain) ဦးနှောက်ဖြည့်ဆည်းမှုအဖြစ် သုံးသပ်မိပါတယ်။ တခြားနိုင်ငံမှာ အလုပ်လုပ်ရင်း ရရှိတဲ့ အတွေ့အကြုံတွေ၊ အသိတွေ၊ အတတ်တွေဟာ တစ်ချိန်မှာ ကိုယ့်နိုင်ငံအတွက် အလွန်တန်ဖိုးရှိတဲ့အရာတွေအဖြစ် မြင်မိပါတယ်။

ဒါကြောင့်လက်ရှိအချိန်မှာ ပြည်တော်ပြန်လုပ်သားတွေနဲ့ပတ်သက်ပြီး သုံးသပ်ရာမှာ အတွေးသစ်၊ အမြင်သစ်တွေနဲ့ မြင်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ သူတို့ဟာ စုဆောင်းထားတဲ့ ငွေတွေပိုက်ပြီး ပြန်လာကြတာမဟုတ်ဘဲ လက်ချည်းသက်သက် လာရောက်ကြသူတွေဖြစ်တယ်။ ဒါပေ မယ့် သူတို့မှာ တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ၊ နည်းပညာတွေ၊ အသိပညာတွေ ပါဝင်လာကြတယ်။ ဒါကြောင့် ပြည်တော်ပြန်လုပ်သားတွေကို နိုင်ငံရဲ့ရတနာတွေအနေနဲ့ သတ်မှတ်ဖို့ လိုအပ်ပါတယ်။

ခက်တာက ပုံမှန်အခြေအနေကြောင့် ပြန်လာတာ မဟုတ်ဘဲ ကိုဗစ်-၁၉ ကြောင့်မို့ သူတို့ကို ချက်ချင်းအလုပ်ပေးနိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေဟာလည်း မရှိတာမို့ ပြဿနာက ပိုပြီးရှုပ်ထွေးခက်ခဲမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ ကိုယ်ပိုင်ခံယူချက်တစ်ခုက အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကြားက အခွင့်အရေးတွေရှိတယ်လို့ ယုံကြည်မိပါတယ်။ ဒါကြောင့် ပြည်တော်ပြန်လုပ်သားတွေကို အခွင့်အရေးတစ်ရပ်အနေနဲ့မြင်ပြီး ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိတဲ့ လုပ်ငန်းတွေရှိသလို တစ်ဖက်မှာလည်း လုပ်ငန်းတွေ တိုးချဲ့နိုင်တဲ့အဖြစ်တွေလည်း တွေ့ရပါတယ်။

ကိုဗစ်အလွန်အတွက် စဉ်းစားပြင်ဆင်

ပြီးခဲ့တဲ့သုံးလအတွင်း အွန်လိုင်းစီးပွားရေးလုပ်ငန်းတွေ သုံးဆတိုးလာတာတွေ့ရတယ်။ စားသုံးသူများအနေနဲ့ ဝယ်ယူစားသုံးမှုပုံစံတွေပြောင်းလာပြီး သူတို့ရဲ့ ပြောင်းလဲလာတဲ့ အပြုအမူတွေကြောင့် အွန်လိုင်းစီးပွားရေးလုပ်ငန်းတွေ တစ်ဟုန်ထိုးတိုးလာတာ တွေ့ရတယ်။ တစ်ဖက်က ဟိုတယ်ခရီးသွားလုပ်ငန်းတွေမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ လျှော့ချလိုက်ပေမယ့် အွန်လိုင်းစီးပွားရေး လုပ်ငန်းတွေတိုးလာတာ တွေ့ရပါတယ်။

ပြည်တော်ပြန်လုပ်သားများနဲ့ ပတ်သက်လာရင် ကနဦးအနေနဲ့ အရေအတွက်ကို အတိအကျသိဖို့ လိုအပ်ပါတယ်။ တရားဝင် ဝင်ရောက်လာသူတွေရှိသလို စာရင်းမရှိတာတွေလည်း ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် တိတိကျကျ သိဖို့လိုအပ်မှာ ဖြစ်ပါတယ်။ အရေအတွက် သိရှိရုံမဟုတ်ဘဲ တစ်ဦးချင်း၊ တစ်ယောက်ချင်းမှာ ပါလာတဲ့ အတွေ့အကြုံ၊ အရည်အချင်းတွေကိုလည်း ဖော်ထုတ်သင့်ပါတယ်။

ဒီစစ်တမ်းတွေကောက်ယူရာမှာ အစိုးရ၊ ပုဂ္ဂလိကနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ပါဝင်သင့်တယ်။ စစ်ဆေးမှု အသွင်မဆောင်ဖို့ အရေးကြီးလှတယ်။ ဘယ်ပုံစံနဲ့ ပြန်လာသည်ဖြစ်စေ သူတို့ကို အသိအမှတ်ပြုရမယ်၊ စာနာရမယ်၊ မေတ္တာထားရမယ်။ ပြီးတော့ သူတို့တစ်တွေ လုပ်ချင်တဲ့အလုပ်တွေ၊ အလုပ်အကိုင်တွေကိုလည်း သိအောင်ဖော်ထုတ်ရမှာဖြစ်တယ်။

ပြည်တော်ပြန်တွေကိုကြိုဆိုပြီး သူ့အတွက်ရော ကိုယ့်လူ့အသိုင်းအဝိုင်းအတွက် အကျိုးရှိမယ့် အဖြေတွေ ဖော်ထုတ်သင့်ပါတယ်။ ပြည်တော်ပြန်လုပ်သားတွေနဲ့ပတ်သက်ပြီး အမျိုးသားအဆင့် အစီရင်ခံစာတစ်ရပ် ဖော်ထုတ်သင့်တယ်။ တိုင်းဒေသကြီးအစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး အလုပ်အကိုင်အခွင့်အရေးတွေ ဖော်ထုတ်သင့်ပါတယ်။ ချေးငွေထုတ်ချေးရာမှာလည်း ပြည်တော်ပြန် တွေ ကိုယ်ပိုင်အလုပ်လုပ်နိုင်ဖို့ ဆောင်ရွက်သင့်တယ်။ နိုင်ငံခြားမှာ နေထိုင်လုပ်ကိုင်ခဲ့ဖူးသူတွေဖြစ်ကြတာမို့ အင်တာနက်နဲ့ ရင်းနှီးကြသူတွေဖြစ်တယ်။ ဒီအတွေ့အကြုံကို အားကိုးပြီး အွန်လိုင်းစီးပွားရေးလုပ်ငန်းတွေ တည်ထောင်ဖို့ တိုက်တွန်းအားပေးသင့်ပါတယ်။

ကိုဗစ်-၁၉ ဟာ ဘယ်အချိန်မှာ ပပျောက်နိုင်မယ်ဆိုတာ မပြောနိုင်ပါဘူး။ သေချာတာတော့ အချိန်တိုတိုအတွင်း မဖြစ်နိုင်တာတော့ သေချာတယ်။ ဒါကြောင့် ကိုဗစ်- ၁၉ အလွန်ဆိုတာကို အခုချိန်ကစပြီး စဉ်းစားထားဖို့ လိုအပ်တယ်။ ပြည်တော်ပြန်တွေဟာ အခြေအနေကောင်းရင် လာခဲ့တဲ့နေရာတွေကို ပြန်နိုင်မှာဖြစ်တယ်။ ဒါပေမယ့် တချို့ကတော့ ပြန်မှာမဟုတ်ပါဘူး။ ဆက်နေမယ့်သူတွေအတွက် အဖြေရှာဖွေပေးမှာသာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ရင်သွေးတွေအဖြစ် နွေးနွေးထွေးထွေး ကိုင်တွယ်သွားရမှာသာ ဖြစ်ပါတယ်။ ။

ကော့မှူးမြို့နယ် ပုပွား- ရေကျော်ကျေးလက်လမ်း ကျေးလက်လမ်းဦးစီးက အဆင့်မြှင့်တင်ကွန်ကရစ်ခင်း

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ပုပွား-ရေကျော်ကျေးလက်လမ်းသည် စုစုပေါင်းမိုင်အရှည် ၁၁ မိုင် ခြောက်ဖာလုံ ရှိသည်။ အဆိုပါလမ်း ၁၁ မိုင် ခြောက်ဖာလုံ အနက်မှ တစ်မိုင် နှစ်ဖာလုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကော့မှူးကျေးလက်လမ်း ဦးစီးအတွက် တင်ဒါအောင်မြင်သောကုမ္ပဏီက ကွန်ကရစ်ခင်း ပေးလျက်ရှိသည်။ **(ယာပုံ)**

အဆိုပါ ကျေးလက်လမ်းကို ၁၉၉၀ ပြည့်နှစ်က နယ်မြေခံတပ်နှင့် ကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တိုင်း ဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် စည်ပင်သာယာရေးဦးစီးဌာနက ကွန်ကရစ်ခင်း ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသည် ဒေသတွင်းမှ ကျေးရွာ ၁၁ ရွာ အိမ်ခြေ ၃၁၀၉ အိမ် လူဦးရေ ၁၃၈၉၇ ဦးတို့ကို အကျိုးပြုနေသောလမ်းဖြစ်သည်။ **ခရမ်းစိုးမြင့်**

နေရပ်စွန့်ခွာ မြို့လူမျိုးများအား ပစ္စည်းခြောက်မျိုး ထောက်ပံ့

လှည်းကူး ဇွန် ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဝက်အင်းပေါက်ကျေးရွာတွင် ရခိုင်ပြည်နယ်မှ ရွှေ့ပြောင်းရောက်ရှိလာသော မြို့လူမျိုး နေရပ်စွန့်ခွာသူများအတွက် ဇွန် ၂၆ ရက်က နာရေးကူညီမှုအသင်း(ရန်ကုန်)က ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်းသည်။

လှည်းကူးမြို့နယ် ဝက်အင်းပေါက်ကျေးရွာရှိ မြို့လူမျိုး အိမ်ထောင်စု ၁၅၀ အတွက် နာရေးကူညီမှုအသင်း(ရန်ကုန်)မှ ရုပ်ရှင်သရုပ်ဆောင် မော်ဒယ် ထွန်းကိုကိုဦးဆောင်၍ အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥအလုံး၂၀၊ ငါးသေတ္တာခြောက်ဘူး၊ အင်္ကျီတစ်ထည်နှင့် ဖိနပ်တစ်ရံ စုစုပေါင်းပစ္စည်းခြောက်မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)

ပူတာအို-နမ်ထွမ်ခူးလမ်း မြေသားလမ်းမှကျောက်ချောလမ်းအဆင့်မြှင့်တင်ပေးခြင်းကြောင့် ရာသီမရွေးဖြတ်သန်းသွားလာနိုင်ပြီ

ပူတာအို ဇွန် ၂၈
ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပူတာအို-နမ်ထွမ်ခူးလမ်းပိုင်း မြေသားလမ်းမှ ကျောက်ချောလမ်း ၁၄ မိုင်အနက် အဆင့်မြှင့်တင်ရန် ကျန်ရှိသည့် တစ်မိုင်လေးဖာလုံကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းကြောင့် ယခုအခါ ရာသီမရွေးဖြတ်သန်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပူတာအို-နမ်ထွမ်ခူးလမ်းပိုင်း နယ်စပ်ရေးရာဝန်ကြီးဌာန၏၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံ ငွေကျပ်သန်းပေါင်း ၁၈၇ ဒသမ ၀၀၁ သန်းဖြင့် လမ်းအရှည်တစ်မိုင်လေးဖာလုံ၊ လမ်းအကျယ် ၁၂ ပေကို ကျောက် ၁၂ လက်မထု၊ လမ်းပခုံးတစ်ဖက်လျှင် လေးပေတို့ကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့်လမ်းသည် ယခင်ကမိုးရာသီတွင် လူများသာ သွားလာနိုင်ပြီး သုံးဘီး မော်တော်ဆိုင်ကယ်များသွားလာရန် အခက်အခဲရှိခဲ့သော်လည်း ယခုအခါ နယ်စပ်ရေးရာဝန်ကြီး ဌာန၏ခွင့်ပြုရန်ပုံငွေဖြင့် မြေသားလမ်းမှကျောက်ချောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးနေခြင်းကြောင့် နမ်ထွမ်ခူးကျေးရွာအုပ်စုအတွင်းရှိ လူဦးရေ ၃၀၀၀ ကျော်၏ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသတွင်းခရီးသွားလုပ်ငန်းပါ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် သုံးဘီးမော်တော်ဆိုင်ကယ်များဖြင့် ရာသီမရွေး ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးယောဆီ၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးတို့သည် ယမန်နေ့က ပူတာအို-နမ်ထွမ်ခူးလမ်း မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်ကျောက်ခင်း၍ အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိသော လမ်းနှင့်တံတားများ၊ အမက-နမ်ထွမ်ခူးကျောင်းတွင် ပညာရေးဌာနပြင်ထိန်း ရန်ပုံငွေဖြင့် ကျောင်းကော်မတီများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။**(အပေါ်ပုံ)**

ဖုန်ကန်(ပြန်/ဆက်)

ဘုတ်ပြင်းမြို့နယ်ရှိ ချောင်းကရှက်ကျေးရွာနှင့် ရွှေဂဲညိုကျေးရွာများတွင် တံတားတည်ဆောက်

ဘုတ်ပြင်း မေ ၂၈
တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်ရှိ ချောင်းကရှက်ကျေးရွာ၌ တည်ဆောက်နေသော တံတားသည် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။ ယင်းတံတား၏ ပေအရှည်မှာ ၄၀၅ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၁၄ ပေရှိကြောင်း၊ တံတားကို ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်၊ သံကူကွန်ကရစ်အပေါ်ထည် အမျိုးအစားဖြင့် တည်ဆောက်ထားရှိကြောင်း တံတားအထူးဖွဲ့(၁၃) (မြိတ်) မှ သိရသည်။

ရွှေဂဲညိုကျေးရွာအနီးတံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။

အဆိုပါ ချောင်းကရှက်ကျေးရွာ တံတား၏ စီမံကိန်းခန့်မှန်းတန်ဖိုး ငွေကျပ်သန်း ၆၀၀ ဒသမ ၀၀ (ချဉ်းကပ်လမ်းမပါ)ဖြင့် တည်ဆောက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ရရှိရန်ပုံငွေမှာ တနင်္သာရီတိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်း ၅၂၅ ဒသမ ၀၀ ဖြင့်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးရန်ပုံငွေ ကျပ်သန်း ၇၅ ဒသမ ၀၀ ဖြင့် လည်းကောင်း တည်ဆောက်လျက်ရှိပြီး ယင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးဖွဲ့(၁၃) (မြိတ်)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ကျော်ဝင်းက တာဝန်ယူ၍ ၂၀၁၉ ခုနှစ် ဧပြီ ၁၈ ရက်မှ စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဘုတ်ပြင်းမြို့နယ်ရှိ ရွှေဂဲညိုကျေးရွာ၌ တည်ဆောက်နေသည့် ပေ၂၅၀ ရှိသော တံတားမှာလည်း၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး လာမည့် ဩဂုတ်လတွင် ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း တံတားအထူးအဖွဲ့(၁၃) (မြိတ်)မှ သိရသည်။

အဆိုပါ ချောင်းကရှက်ကျေးရွာနှင့်ရွှေဂဲညိုကျေးရွာတို့သည် ကုန်းလမ်းများ မပေါက်သောကျေးရွာများ ဖြစ်ပြီး ရေကြောင်းလမ်းကိုသာ အဓိကအသုံးပြု သွားလာရသည့်အတွက် ကျေးရွာနေပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရန် တံတားများ ဆောက်လုပ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ဟိုပုံးမြို့၌ Cash For Work စီမံကိန်းနှင့် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းကျေးရွာရွေးချယ်

ဟိုပုံး ဇွန် ၂၈
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ကာလအတွင်း ဟိုပုံးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးမှု အားနည်းသော ကျေးရွာအုပ်စုမှ ကျေးလက်နေပြည်သူများအား မိသားစုစားဝတ်နေရေး အဆင်ပြေစေရေးအတွက် ဝင်ငွေ ရရှိမည့် Cash For Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကျေးရွာရွေးချယ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ဖြူနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးအောင်လွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထျာရယ်က ကိုဗစ်-၁၉ အကျိုးသက်ရောက်ခြင်းခံရသော ကျေးလက်ဒေသများရှိ ပြည်သူများအား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကိုယ်တိုင်ဆောင်ရွက်စေ၍ လုပ်အားခငွေထောက်ပံ့ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်စသည့် ရည်ရွယ်ချက်များ ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိမ့်စိမ့်သူက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာများက Cash For Work စီမံကိန်းသတ်မှတ်ချက်များနှင့်အညီ မြို့နယ်အတွင်းရှိ ကျေးရွာ အုပ်စု ၂၂ အုပ်စု ကျေးရွာပေါင်း ၂၉၂ ရွာမှ Cash For Work စီမံကိန်းအတွက် ကျေးရွာခြောက်ရွာနှင့် ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်းအတွက် ကျေးရွာရှစ်ရွာ ရွေးချယ်ခဲ့သည်။

အဆိုပါ ကျေးရွာမတည် ရန်ပုံငွေ စီမံကိန်းတွင် ပါဝင်မည့် အိမ်ခြေ ၁၀၁ အိမ် အထက်ကျေးရွာများကို ငွေကျပ်သန်း ၃၀၊ အိမ်ခြေ ၅၁ မှ ၁၀၀ အတွင်းရှိ ကျေးရွာများကို ငွေကျပ်သန်း၂၀၊ အိမ်ခြေ ၅၀ အောက် ကျေးရွာများကို ငွေကျပ် ၁၀ သန်း မတည်ထောက်ပံ့ပေးမည်ဖြစ်ပြီး Cash for Work စီမံကိန်းတွင် ကိုဗစ်-၁၉ ကာလအတွင်း ဝင်ငွေရရှိစေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့် လုပ်အားခများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ဂျိုင်းလော

မကွေးတိုင်းဒေသကြီးမှ ကြိုးပြင်ကာကွယ်တောများတွင် သစ်ပင်မျိုးစေ့ ၂၉၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိ

မကွေး ဇွန် ၂၈
မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံချောင်းမြို့နယ်၊ ပေါက်မြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့မှ သစ်ပင်ပေါက်ရောက်မှုနည်းပါးသော ကြိုးပြင်ကာကွယ်တောများတွင် သစ်ပင်မျိုးစေ့ ၂၉၀၀၀၀ ကျော် ပါဝင်သော သစ်စေ့မြေလုံး ၅၀၀၀၀ ကျော်ကို ဇွန်လအတွင်း စူးထိုးစိုက်ပျိုးပြီးစီးခဲ့ကြောင်း မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရ သည်။

သစ်စေ့မြေလုံးများကို ဆူးထိုးစိုက်ပျိုးနေသော သစ်တောဦးစီးဌာနဝန်ထမ်းများ။

ရေနံချောင်းမြို့နယ်မှ ဝက်မစွတ်ကြိုးပြင် ကာကွယ်တောအတွင်းရှိ သစ်ပင်ပေါက်ရောက်မှု နည်းပါးသော ဧရိယာများတွင် သစ်စေ့ ၇၉၉၀၄ စေ့ ပါဝင်သော သစ်စေ့မြေလုံး ၁၈၉၀၀၊ ပေါက်မြို့နယ် တက်မတောင်ကြိုးပြင် ကာကွယ်တောမှ သစ်ပင်ပေါက်ရောက်မှုနည်းပါးသော ဧရိယာများအတွင်း သစ်စေ့ ၇၆၆၈၄ စေ့ ပါဝင်သော သစ်စေ့ မြေလုံး ၁၀၈၀၀ နှင့် ပခုက္ကူမြို့နယ် တန့်ကြည့်တောင်တိုးချဲ့-၄ အဆိုပြုကြိုးပြင်ကာကွယ်တောအတွင်း သစ်စေ့ ၁၄၁၀၀၀ ပါဝင်သော သစ်စေ့မြေလုံး ၂၁၆၀၀ တို့ကို ဇွန်လအတွင်း စူးထိုးစိုက်ပျိုးခြင်းဖြစ်သည်။

သစ်တောဦးစီးဌာနအနေဖြင့် သစ်ပင်သစ်တောများ စိမ်းလန်းစိုပြည်ရန်နှင့် ရာသီဥတုဒဏ် ကာကွယ်ရန်၊ သဘာဝပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လျက် နှစ်စဉ် မိုးရာသီ ကာလတွင်ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ဖာထေးစိုက်ပျိုးခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထိန်းသိမ်းခြင်း၊ ကြိုးပြင်ကာကွယ်တောများထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်း ဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးတင့်ထံမှ သိရသည်။

သစ်တောဦးစီးဌာနက ဦးဆောင်ကာ သစ်ပင် ပေါက်ရောက်မှုနည်းပါးသော ဧရိယာများတွင် ဒေသနှင့်ကိုက်ညီသည့် ရှားပင်၊ ထနောင်းပင်၊ ဖျောက်ဆိပ်ပင်၊ သန်းပင်၊ ယင်းမာပင်၊ မန်ကျည်းပင်နှင့် ဘောစကိုင်းပင် မျိုးစေ့များပါဝင်သော သစ်စေ့မြေလုံးများကို စူးထိုးစိုက်ပျိုးခြင်း၊ နိုင်ငံပိုင်စိုက်ခင်းတည်ထောင်ခြင်း၊ မိုးရာသီ လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးခြင်း၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် စိုက်ပျိုးခြင်း၊ စည်ပင်သာယာရေးကော်မတီများ၏အစီအစဉ်ဖြင့် စိုက်ပျိုးခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် စိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းနှင့် ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခြင်းတို့ကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။

မေသူလွင်(မကွေး)

ကေတုမတီမြို့သစ် တည်ဆောက်ရာတွင် မြေနေရာပါဝင်သွားသူများအား မြေကွက်အစားထိုး ပေးအပ်

တောင်ငူ ဇွန် ၂၈
တောင်ငူမြို့နယ် ကေတုမတီမြို့သစ် တည်ဆောက်ရာတွင် မြေနေရာပါဝင်သွားသည့် တောင်သူများအား မြေကွက်အစားထိုးပေးအပ်ပွဲကို ဇွန် ၂၆ ရက်က တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကေတုမတီမြို့သစ် သဝန်ငယ်ရပ်ကွက် ကွင်းအမှတ် (၁၀)တပ်မြေမြောက်ကွက်တွင် ဦးအောင်သန်းကျော်နှင့် ဦးရွှေသီး အပါအဝင် ကိုးဦးအတွက် ပေ ၆၀x၉၀မြေကွက် ခြောက်ကွက်၊ ဦးရွှေသီးအပါအဝင်လေးဦးအတွက်ပေ ၆၀x၉၀ မြေကွက် လေးကွက်နှင့် ဒေါ်တင်ရွှေ အပါအဝင် လေးဦးတို့အတွက် ပေ ၃၀x၉၀ မြေကွက်လေးကွက်တို့ကို မဲစနစ်ဖြင့်ခွဲဝေချထားပေးသည်။

မြေပေးမိန့်များကို တောင်ငူခရိုင်မြို့ကွက်မြေနေရာ ချထားရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ထို့အပြင် မြေနေရာနစ်နာသူတောင်သူများအား တောင်ငူခရိုင်မြို့ကွက်မြေနေရာချထားရေး ကော်မတီက ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၈ ရက်က တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၄၇ ဧကအတွက် ငွေကျပ် ၇၀၅ သိန်းကို ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

စပါးအထွက်နှုန်းကောင်းမွန်စေရေးအတွက် ထန်းတပင်မြို့နယ်တွင် ကောက်စိုက်စက်ဖြင့် မိုးစပါးလက်တွေ့စိုက်ပျိုးပြသ

ထန်းတပင် ဇွန် ၂၈

တောင်သူများစပါးစိုက်ပျိုးရာတွင် စက်စွမ်းအားအသုံးပြုကာ စပါးအထွက်နှုန်းများ တိုးတက်လာစေရန်ရည်ရွယ်၍ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဒေသခံတောင်သူများအား ကောက်စိုက်စက်အသုံးပြု၍ မိုးစပါးလက်တွေ့စိုက်ပျိုးပြသခြင်းကို ပထမအကြိမ်မြောက်အဖြစ် ယမန်နေ့က စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် ရေပေါ်သောင်ကျေးရွာ၊ ရေပေါ်သောင်ကွင်း၌ ကျင်းပသည်။

"ကြဲခင်းစနစ်က တစ်ဧကကို စပါးနှစ်တင်းခွဲကြဲရတယ်။ ဒီကောက်စိုက်စက်နဲ့စိုက်တဲ့အခါကျတော့ ပျိုးက ၁၂ ပြည်ပဲ ပျိုးရတဲ့အတွက် ပျိုးကုန်ကျစရိတ်သက်သာပါတယ်။ နောက်ပျိုးသက် ၁၅ ရက်ကနေ ၁၇ ရက်လောက်မှာ စိုက်တာဖြစ်တဲ့အတွက်လည်း ပထမပင်ပွားနှုန်းများပြီးတော့ စပါးအထွက်နှုန်းတွေလည်း ကောင်းပါတယ်၊ စက်နဲ့စိုက်ထားတာဖြစ်တဲ့အတွက်လည်း ပင်ကြားတန်းကြားမှန်ပြီး လေဝင်လေထွက်ကောင်းမွန်တော့ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းတွေ တိုးတက်မှုရရှိနိုင်မှာဖြစ်ပါတယ်"ဟု ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းထွဋ်က ရှင်းပြသည်။

မိုးစပါးလက်တွေ့စိုက်ပျိုးပြသရာတွင်လည်း စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးဦးစိုးနိုင်နှင့် ဝန်ထမ်းများက မိုးစပါးများကို ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးပြသပေးခဲ့ကြသည်။ **(ယာပုံ)** မိုးစပါးလက်တွေ့ စိုက်ပျိုးပြသပွဲသို့ ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တောင်သူများအနေဖြင့် ကောက်စိုက်စက် အသုံးပြုကာ စပါးစိုက်ပျိုးခြင်းအားဖြင့် လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာလုပ်သားရှားပါးလာမှုအခက်အခဲများကို ပြေလည်စေမည်ဖြစ်သလို တောင်သူများ စပါးထွန်ယက်စိုက်ပျိုးချိန်ကာလအတွင်း အခက်အခဲများ ဖြစ်ပေါ်ခြင်းနှင့် လယ်ယာသုံးစက်ပစ္စည်းများကို ဝယ်ယူ၊ ငှားရမ်းလိုပါကလည်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဖုန်း-၀၉-၇၉၉၄၂၅၀၂၂ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

ကျောက်မဲမြို့တွင် မျိုးစေ့ဆားရည်စိမ်နည်း၊ မြေချဉ်/ငန်တိုင်းတာနည်း၊ ပိုးဖလံထောင်ချောက်အသုံးပြုနည်းများ လက်တွေ့သရုပ်ပြ

ကျောက်မဲ ဇွန် ၂၈

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့က ကြီးမှူး၍ သီးနှံမျိုးစေ့ဆားရည်စိမ်နည်း၊ မြေချဉ်/ငန်တိုင်းကိရိယာဖြင့် မြေအချဉ် အငန်တိုင်းတာနည်းနှင့် ပိုးဖလံဖမ်းထောင်ချောက် အသုံးပြုနည်းတို့ကို နားခေါ် ကျေးရွာအုပ်စု ဗူးခါးကျေးရွာနှင့် ပိန္နဲကုန်းကျေးရွာအုပ်စု ပကာကျေးရွာတို့မှ တောင်သူများအား ဇွန် ၂၄ ရက်က လက်တွေ့သရုပ်ပြ အသိပညာပေးခဲ့သည်။

သရုပ်ပြပွဲတွင် ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက မျိုးစေ့ဆားရည်စိမ်ခြင်းဖြင့် အောင်မြင်ပြည့်ဖြိုးသော မျိုးကောင်းမျိုးသန့်စပါးများရရှိစေရန်၊ မျိုးစေ့ဆောင်ရောဂါများအား ကြိုတင်ကာကွယ်နိုင်ရန်၊ စပါးအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန်ရည်ရွယ်၍ သရုပ်ပြပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မျိုးစေ့တာဝန်ခံ ဦးဇော်ဝင်းက ဆားရည်ဖျော်နည်း အဆင့်ဆင့်၊ မျိုးစေ့ဆားရည်စိမ်နည်း အဆင့်ဆင့်နှင့် မျိုးစေ့ဆားရည်စိမ်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ မြေအသုံးချတာဝန်ခံ ဒေါ်ခင်မြင့်နွယ်က မြေချဉ်/ငန်တိုင်းကိရိယာဖြင့် မြေတိုင်းတာနည်းနှင့် စိုက်ပျိုးမည့်သီးနှံအလိုက်ရှိသင့်သော မြေချဉ်/ငန်ကိန်းများကိုလည်းကောင်း၊ ပိုးမွှားတာဝန်ခံ ဒေါ်ချောစုထွေးက ပိုးဖလံဖမ်းထောင်ချောက်အသုံးပြုနည်းနှင့် အကျိုးပြုပုံများကိုလည်းကောင်း လက်တွေ့သရုပ်ပြ၍ ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တောင်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

မိုင်းထွန်း(ပြန်/ဆက်)

သီးနှံ ၁၄မျိုးတွင် အသုံးပြုမည့် အကိုးအကားပြုမျိုးများ ဖော်ထုတ်ပြုစုခြင်းဆိုင်ရာသင်တန်းဆင်း

နေပြည်တော် ဇွန် ၂၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ Syngenta Foundation Project အစီအစဉ်ဖြင့် သီးနှံ ၁၄ မျိုး၏ Distinctness, Uniformity and Stability(DUS)Test တွင် အသုံးပြုမည့် အကိုးအကားပြုမျိုးများ ဖော်ထုတ်ပြုစုခြင်းဆိုင်ရာ သင်တန်းဆင်းပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)ရှိ စုဝေးခန်းမ၌ ဇွန်လတတိယပတ်က ပြုလုပ်သည်။

သင်တန်းဆင်းပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ ဌာနစုတာဝန်ခံများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချသွားသည့် Test Guidelins(TG)/Technical Questionnaire (TQ)နှင့် သီးနှံ ၁၄ မျိုး၏ (DUS)Test တွင်အသုံးပြုရမည့် အရည်အချင်း၊ အရည်အသွေး လက္ခဏာများကို သိရှိနားလည်၍ သေချာစွာ စမ်းသပ်စစ်ဆေးပြီး လျှောက်ထားလာသည့်အပင်မျိုးသည် အပင်မျိုးသစ်ဖြစ်သည်ကို ဆုံးဖြတ်ပေးရမည်ဖြစ်ရာ မိမိတာဝန်ယူထားသည့်သီးနှံကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေးအဖွဲ့မှ ပြုစုထားသည့် စံချိန်စံညွှန်း သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ယူ၍ တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်ကြောင်း၊ အပင်မျိုးမွေးမြူသူများ၏ ရပိုင်ခွင့်အခွင့်အရေးရရှိခံစားနိုင်ခြင်းနှင့် အပင်မျိုးသစ်များကို ပိုမိုမွေးမြူထုတ်လုပ်နိုင်ခြင်း၊ တောင်သူများထံသို့ မျိုးသစ်၊ မျိုးဆန်း၊ မျိုးကောင်း၊ မျိုးသန့်များရောက်ရှိအောင် ပံ့ပိုးပေးခြင်းအားဖြင့် နိုင်ငံတော်၏ စိုက်ပျိုး စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်းနှင့် သင်တန်းမှရရှိလာသည့် အသိပညာများကို ဆက်စပ်ပြီး အသုံးချနိုင်အောင် ကြိုးစားကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အပင်မျိုးသစ်အကာအကွယ်ပေးရေးဌာနစု တာဝန်ခံ ဒေါက်တာပပဝင်းက သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းဆင်း လက်မှတ်များနှင့် ထူးချွန်ဆုရရှိသည့် သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံအနေဖြင့် DUS စစ်ဆေးခြင်းကို အရှေ့အာရှအပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့(EAPVP) ဖိုရမ်၏ Pilot Project အဖွဲ့ဝင်နိုင်ငံများကိုယ်စား တာဝန်ယူဆောင်ရွက်ရာတွင် သီးနှံ ၁၄ မျိုးအတွက် အကိုးအကားပြုမျိုးများ ဖော်ထုတ်ပြုစုထားရေးနှင့် UPOV နှင့် Project အဖွဲ့ဝင်နိုင်ငံများတွင် Test Guidelines မရှိသည့် မတ်ပဲနှင့် ပဲတီစိမ်း သီးနှံနှစ်မျိုး၏ Test Guidelines များ ပြုစုသွားရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ဇူလိုင်မိုး

ရေတာရှည်မြို့နယ်မှ မိုးစပါးစိုက်ခင်းအချို့တွင် ကြွက်များကိုက်ဖြတ်မှုနှင့် ကြုံတွေ့နေရ

ရေတာရှည် ဇွန် ၂၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးကို အခြောက်ကြဲပက်စနစ်ဖြင့် စိုက်ပျိုးခဲ့ရာ လက်ရှိတွင် မိုးရွာသွန်းမှုနည်းပါး၍ စိုက်ပျိုးပြီးသည့် စပါးကြဲသားခင်းအတော်များများမှာ ကြွက်များကိုက်ဖြတ်မှုနှင့် ကြုံတွေ့နေကြရသည်။

"လယ်ကွက်ပတ်ဝန်းကျင် သန့်ရှင်းမှုမရှိတာ၊ ချုံနွယ်ပိတ်ပေါင်းတွေထူတာတွေကြောင့် ကြွက်တွေအတွက် ခိုအောင်းလို့ကောင်းတဲ့အနေအထား ဖြစ်နေတယ်။ ဒါကလည်း လယ်ယာလုပ်သားရှားပါးလို့ ငှားရမ်းလို့မရတော့ ဖြစ်သလိုပဲ လုပ်ကိုင်ကြတဲ့အခါမှာ ခုလိုမျိုး ကြုံတွေ့ရတာပါပဲ"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။ အခြောက်ကြဲပက်သည့် စပါးစေ့များကို ကြွက်များစားသောက်ခြင်းနှင့် အပင်ပေါက်များကိုကိုက်ဖြတ်ခြင်းများကြောင့် တောင်သူများအနေဖြင့် စပါးမျိုး ထပ်မံကြဲပက်ခြင်းများ ပြုလုပ်နေရပြီး ယခုတစ်ခေါက် စပါးမျိုးထပ်ကြဲပြီးပါက ကြွက်များစားသောက်ဖျက်ဆီးခြင်းမရှိအောင် ကြွက်သတ်ဆေးများပါ လိုက်ချရန် ပြင်ဆင်ထားကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

သန်းလွင်

ဝါယာ-သာစည်လျှပ်စစ်မြစ်ရေတင်မှ စိုက်ဧက ၁၀၀၀ အတွက် တိုးချဲ့ရေပေးဝေနိုင်တော့မည်

ရေစကြို ဇွန် ၂၈

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်မှ ယခုနှစ်တွင် စိုက်ဧက ၁၀၀၀ ကို တိုးချဲ့ရေပေးဝေနိုင်ရန် ပင်မမြောင်းနှင့် လက်တံ(၂)ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် တိုးချဲ့ဧက ၁၀၀၀ အပါအဝင် စုစုပေါင်း ဧက ၃၇၀၀ အတွက် ရေပေးဝေလာနိုင်တော့မည်ဖြစ်ကြောင်း ဝါယာ-သာစည်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ဦးစီးအရာရှိ ဦးဇေယျာဝင်းထံမှ သိရသည်။

ဧက ၁၀၀၀ တိုးချဲ့ရေပေးဝေနိုင်ရန် ပင်မမြောင်းနှင့် လက်တံ(၂) အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာတွင် ကွန်ကရစ်လိုင်နင် ပေ ၅၀၀၀ စီခြင်း၊ တံတားရှစ်စင်းတည်ဆောက်ခြင်း၊ မြောင်းချဲ့ခြင်း၊ parapet wall မြှင့်ခြင်း၊ ၂၅၀ ကီလိုဝပ် မော်တာနှင့် ပန့်နှစ်စုံ တိုးချဲ့တပ်ဆင်ခြင်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ကျပ်သန်း ၂၅၀ ဖြင့် ဖေဖော်ဝါရီလမှ မတ်လအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"တိုးချဲ့ရေတင်နေရာမှာရှိတဲ့ ဧက ၁၀၀၀ ဟာ အရင်က လုံးဝစိုက်ပျိုးမြေမဖြစ်ဘဲ ကန္တာရတောရှားတောပဲ ဖြစ်နေတယ်။ အခုအချိန်မှာတော့ တိုးချဲ့ဧက ၁၀၀၀ ရေပေးဝေလာနိုင်မှာဖြစ်တဲ့အတွက် မြေဖြူကျေးရွာ၊ မုံညင်းကျေးရွာနဲ့ ဆည်ရွာကျေးရွာဘက်တွေမှာရှိတဲ့ တောင်သူတွေအတွက် အကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်"ဟု ဦးဇေယျာဝင်းက ပြောသည်။ တိုးချဲ့ဧက ၁၀၀၀ အတွင်းမှ စိုက်ဧကများမှာ ယခင် မြစ်ရေတင်မှ ရေမရရှိခင်က တစ်နှစ်လျှင် သီးနှံတစ်မျိုးစိုက်ပျိုးရန်ပင် မဖြစ်နိုင်ခဲ့သော်လည်း ယခုအခါ တစ်နှစ်လျှင် သုံးသီး စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။

တိုးချဲ့ဧက ၁၀၀၀ အတွင်းမှ ဒေသခံတောင်သူတစ်ဦးက "ဒီဒေသက မိုးရေချိန် လက်မ ၂၀ တောင် မရွာဘူး။ မရွာတော့ မြစ်ရေတင်က ရေမရခင်တုန်းက တောင်သူတွေ ဘာမှစိုက်ပျိုးလို့မရပါဘူး၊ မိုးရွာတဲ့နှစ်ဆိုရင်တော့ ပြောင်းတို့နှမ်းတို့ စိုက်ရတယ်။ ဒါတောင်မှ မိုးမရတဲ့နှစ်ဆိုရင် ဆုံးရှုံးတယ်၊ နွားစာပြောင်းလောက်ပဲ ရတာပါ။ အခုဆိုရင် စပါးစိုက်ရင် ပျမ်းမျှ ၇၅ တင်းဝန်းကျင် ထွက်တယ်၊ ပဲတီစိမ်းဆိုရင် ၁၅ တင်းနဲ့ တင်း ၂၀ ဝန်းကျင် ထွက်တယ်"ဟု စိုက်ပျိုးရေရရှိသဖြင့် အဆင်ပြေလာပုံကို ပြောပြသည်။

သီးနှံများအောင်မြင်ဖြစ်ထွန်းလာသကဲ့သို့ စိုက်ပျိုးမြေဈေးနှုန်းမှာလည်း မြစ်ရေတင်မှ ရေမရရှိခင်အချိန်က တစ်ဧကလျှင် ကျပ်ငါးသိန်းခန့်သာ တန်ဖိုးရှိခဲ့ရာမှ ယခုအခါ တစ်ဧကလျှင် ကျပ် ၃၅ သိန်းခန့်အထိ တန်ဖိုးမြင့်တက်လာကြောင်း၊ မြေဈေးတက်သည့်တိုင် ဝယ်ယူလိုသူသာရှိ၍ ရောင်းချမည့်သူမရှိကြောင်း သိရသည်။

ဝါယာ-သာစည်လျှပ်စစ်မြစ်ရေတင်တွင် ယခင်က စိုက်ဧက ၂၇၀၀ ကို ရေပေးဝေလျက်ရှိရာမှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် တိုးချဲ့စိုက်ဧက ၁၀၀၀ အတွင်းမှ စိုက်ဧကအနည်းငယ်ကို စတင်ရေပေးနိုင်ခဲ့ကာ ၂၀၁၉ ခုနှစ်တွင် စုစုပေါင်း ဧက ၃၀၀၀ ကို ရေပေးဝေနိုင်ခဲ့သည်။ ယခုအခါ ပင်မမြောင်းနှင့် လက်တံ-၂ ကို အဆင့်မြှင့်တင်ပြီးသွားသဖြင့် တိုးချဲ့ဧက ၁၀၀၀ လုံးသို့ ရေပေးနိုင်ပြီး စုစုပေါင်း ဧက ၃၇၀၀ ကို အောင်ရေရရှိသည်အထိ စိုက်ပျိုးရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အိမ့်မွန်ဆွေ(ရေစကြို)

ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေများ ပေးဝေစဉ်။

ကိုဗစ်- ၁၉ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများအတွက် သမဝါယမဦးစီးဌာနက လယ်ယာစိုက်ပျိုးရေးသမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည်

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ

နေပြည်တော် ဇွန် ၂၈

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ်တွင် ကိုဗစ်– ၁၉ ၏ အကျိုးသက်ရောက်မှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ရန်အတွက် သမဝါယမဦးစီးဌာနက လယ်ယာစိုက်ပျိုးရေးသမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လယ်ယာလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် ကျေးလက်နေ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများ အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်နိုင်ရန်၊ လယ်ယာစိုက်ပျိုးရေးသမဝါယမအသင်းများ၏ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ပြောကြားသည်။

စီမံကိန်းကဏ္ဍကြီး သုံးရပ်ပါဝင်

"မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း(National Food and Agriculture Systems Project–NFASP Project) အမည်နဲ့ ကမ္ဘာ့ဘဏ်ကချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ အနက်မှ အမေရိကန်ဒေါ်လာ ၃၅ သန်းနဲ့ လယ်ယာစိုက်ပျိုးရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဦးစီးဌာနက သမဝါယမအသင်းအဆင့်ဆင့်နဲ့ ညှိနှိုင်းပေါင်းစပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ စီမံကိန်းကဏ္ဍကြီး သုံးရပ်ပါဝင်ပါတယ်။ ကဏ္ဍ (၁) အနေနဲ့ သမဝါယမအသင်းများက တစ်ဆင့် လယ်သမားများအတွက် စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးခြင်း၊ ကဏ္ဍ(၂) ကတော့ မျိုးစေ့ထုတ်သမဝါယမအသင်းများ တောင့်တင်းခိုင်မာရေးအတွက် ငွေကြေးထောက်ပံ့ပေးခြင်းနှင့် ကဏ္ဍ (၃) ကတော့ သမဝါယမကန်ထရိုက် လယ်ယာစနစ် (Cooperative Contract Farming) ဆောင်ရွက်မယ့် သမဝါယမအသင်းတွေကို ငွေကြေးထောက်ပံ့ပေးခြင်းတို့ ဖြစ်ပါတယ်" ဟု ၎င်းကဆက်လက် ပြောကြားသည်။

"ပထမအကြိမ် စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုရှိ တောင်သူလယ်သမားများအား တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း အသင်းသားလယ်သမားဦးရေ ၁၂၀၀၀၀ ခန့်အား ကမ္ဘာ့ဘဏ်၏ သတ်မှတ်စံနှုန်းများနှင့်အညီ ထောက်ပံ့ဆောင်ရွက်ပေးသွားမည်"

ကဏ္ဍ(၁)တွင် သမဝါယမအသင်းများမှတစ်ဆင့် လယ်သမားများအတွက် စိုက်ပျိုးရေး သွင်းအားစုများ ထောက်ပံ့ပေးခြင်းကို ဆောင်ရွက်ရာတွင် နိုင်ငံအတွင်းရှိ စိုက်ပျိုးမြေများ၌ မြေဆီလွှာ ထိန်းသိမ်းနိုင်မှုအားနည်းခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ အရည်အသွေးမမီခြင်း၊ နည်းပညာအားနည်းခြင်း၊ ငွေကြေးအထောက်အပံ့ လုံလောက်စွာ မရရှိခြင်းတို့ကြောင့် လယ်သမားများ၏ ဝင်ငွေနှင့် ကုန်ထုတ်လုပ်မှု စွမ်းအားကျဆင်းလျက်ရှိသည့်အတွက် လက်ရှိဖြစ်ပေါ်နေသော COVID–19 ကမ္ဘာ့ကပ်ရောဂါကြောင့် သွင်းအားစု ဖြန့်ဖြူးရေးလုပ်ငန်းများ ကျဆင်းလာနိုင်သဖြင့် လယ်ယာသွင်းအားစု ဖြန့်ဖြူးရေး လုပ်ငန်းများကို သမဝါယမဦးစီးဌာနမှ သမဝါယမအသင်း အဆင့်ဆင့်နှင့် ညှိနှိုင်းချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကနဦးအနေဖြင့် ပထမအကြိမ် စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုရှိ တောင်သူလယ်သမားများအား တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း အသင်းသား လယ်သမားဦးရေ ၁၂၀၀၀၀ ခန့်အား ကမ္ဘာ့ဘဏ်၏ သတ်မှတ်စံနှုန်းများနှင့်အညီ ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန် စသည့်တိုင်းဒေသကြီး/ ပြည်နယ်ကိုးခုရှိ တောင်သူလယ်သမားများအား လယ်ယာမြေနှစ်ကေခန့်စာအတွက် လယ်ယာသွင်းအားစု အသုံးပြုနိုင်ရန် တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း လယ်သမားဦးရေ ၁၈၀၀၀၀ ခန့်အား ကမ္ဘာ့ဘဏ်၏ သတ်မှတ်စံနှုန်းများနှင့်အညီ စုစုပေါင်း အမေရိကန် ဒေါ်လာ ၂၅ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေများကို ထောက်ပံ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

တစ်ကေလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ပံ့ပိုးပေးမည်

ကဏ္ဍ(၂) အနေဖြင့် မျိုးစေ့ထုတ် သမဝါယမအသင်းများ တောင့်တင်းခိုင်မာရေးအတွက် ငွေကြေးထောက်ပံ့ပေးခြင်းကို တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုတွင် တစ်ကေလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ တစ်နှစ် လျှင် တစ်ကြိမ်သတ်မှတ်ရက်စေ့ရောက်သည့်နေ့တွင် အရင်းနှင့် ဝန်ဆောင်စရိတ်ကို ပြန်လည်ပေးဆပ်စေပြီး ငါးနှစ် ငါးကြိမ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်များကို လိုအပ်သော စိုက်ပျိုးတောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချခြင်း ပုံစံမျိုးကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ် သည့် သမဝါယမအသင်းသားများအတွက် လိုအပ်သည့် မျိုးစပါး၊ သွင်းအားစု၊ သန့်စင်ခ၊ အလုပ်သမားစရိတ်၊ ထွန်ယက်စိုက်ပျိုးစရိတ်များအတွက် ငွေကြေးအရင်းအနှီး ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ထွက်ရှိလာသည့် မျိုးကောင်း မျိုးသန့်များကို မြို့နယ်သမဝါယမအသင်းစု များမှတစ်ဆင့် သမဝါယမအသင်းဆိုင်များတွင် အပ်ကုန်စနစ်ဖြင့်ထားရှိစေပြီး ယင်းအသင်းဆိုင်များမှ တစ်ဆင့် တောင်သူများ လက်ဝယ်အရောက် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပံ့ပိုးပေးနိုင်သည့် အဆင့်ထိရောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် မျိုးစေ့ထုတ်သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၃ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

သမဝါယမ ကန်ထရိုက်လယ်ယာစနစ်

ထို့အပြင် **ကဏ္ဍ (၃) တွင် သမဝါယမကန်ထရိုက် လယ်ယာစနစ် (Cooperative Contract Farming) ဆောင်ရွက်မည့် သမဝါယမအသင်းများအား ငွေကြေး ထောက်ပံ့ပေးခြင်းကို** တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် တစ်ကေလျှင် ငွေကျပ်၂ ဒသမ ၅ သိန်းနှုန်းဖြင့် ထောက်ပံ့ပေးမည်ဖြစ်သည်။

သမဝါယမ ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်သည့် သမဝါယမအသင်းများသည် စိုက်ပျိုးရေး ဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသော လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း၊ ကန်ထရိုက်လယ်ယာစနစ်ကို စိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်းများ၏ လယ်ယာထွန်ယက်ခြင်း၊ မျိုးစပါးဖြန့်ဖြူးခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး ဖြန့်ဖြူးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းနှင့် သယ်ယူ ပို့ဆောင်ခြင်းတို့အတွက် အသင်းက စာရင်းမှတ်စနစ်ဖြင့် ပွင့်လင်းမြင်သာစွာ အသင်းသားများသို့ ချပြပြီး သီးနှံရောင်းချပြီးမှ ဝန်ဆောင်စရိတ် အပါအဝင် ကုန်ကျစရိတ်များ နုတ်ယူပြီး ကျန်ငွေကို အသင်းသားများက ရယူခြင်း၊ သီးနှံထွက်ရှိ လာချိန်တွင် ဈေးနှုန်းကျဆင်းတတ်သဖြင့် ယင်းဈေးနှုန်းကျဆင်းချိန်၌ အသင်းမှ အသင်းသားများနှင့် စာချုပ်ချုပ်ဆိုပြီး သီးနှံကို အာမခံအဖြစ်ရယူထားကာ သီးနှံနှင့် သင့်လျော်သော ငွေကြေးကို ကြိုတင်ပေးချေ၍ ဈေးနှုန်းမြင့် တက်လာသည့် အခါမှသာ အသင်းသား လယ်သမား စိတ်ကြိုက်စုပေါင်း၍သော်လည်းကောင်း၊ အသင်းသား တစ်ဦးချင်းဖြင့်သော်လည်းကောင်း အသင်း (သို့မဟုတ်) ပြင်ပသို့ ပေါက်ဈေးနှင့်အညီ ရောင်းချပြီး အသင်းသားလယ်သမား ရယူထားသည့် ငွေကြေးနှင့် ဝန်ဆောင်စရိတ်ကို ပြန်လည်ပေးဆပ်ခြင်းစနစ်ဖြင့် ဆောင်ရွက်ပေးခြင်းတို့ကို အမေရိကန်ဒေါ်လာ ခုနစ်သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုဗစ်– ၁၉ စီးပွားရေးကုစားမှု အစီအစဉ်ကို အထောက်အကူပြု

အဆိုပါစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကိုဗစ်–၁၉ စီးပွားရေး ကုစားမှု အစီအစဉ်ကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး စီမံကိန်းမှ တောင်သူလယ်သမားအများစု၏ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် လိုအပ်သည့် စိုက်ပျိုးစရိတ်မလုံလောက်ခြင်း၊ သွင်းအားစုများ လုံလောက်စွာအသုံးမပြုနိုင်ခြင်း၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ လုံလောက်စွာမရရှိခြင်း စသည့်စိုက်ပျိုးရေးကဏ္ဍ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် တောင်သူလယ်သမားများသို့ လယ်ယာသွင်းအားစုများ၊ မျိုးကောင်းမျိုးသန့် ထောက်ပံ့ပေးခြင်းနှင့် ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်ပေးခြင်းကြောင့် အထွက်နှုန်းကောင်းမွန်ခြင်း၊ ဈေးနှုန်းတည်ငြိမ်ခြင်း၊ လယ်သမားများ၏ ဝင်ငွေတိုးပွားလာခြင်း၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ။

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)

ဇီးတောဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ပြီး မိုးစပါးပျိုးထောင်ရေများ စတင်ပေးဝေလျက်ရှိ

နေပြည်တော် ဇွန် ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ်များအတွင်းရှိ ဇီးတောရေလွှဲဆည် ရေသောက်စနစ်မှာ တည်ဆောက်ပြီးစီးခဲ့သည့် သက်တမ်းအားဖြင့် ၉၅ နှစ်ခန့် ကြာမြင့်ပြီဖြစ်ပြီး ဆည်ရေသောက်ဧရိယာ ဧက ၂၄၇၅၀ ခန့်ကို ပြည့်မီအောင် စိုက်ပျိုးနိုင်ခြင်း မရှိတော့သောကြောင့် ရေပေးတူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ယိုယွင်းပျက်စီးမှုများကို စိစစ်ပြီး ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကျောက်ဆည်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းက ပြောသည်။

ဇီးတောဆည်ရေသောက်စနစ်ရှိ တူးမြောင်းများမှာ မြေသားမြောင်းများဖြစ်ပြီး နှစ်ကာလကြာမြင့်သည်နှင့်အမျှ ဒီဇိုင်းပုံစံကျမရှိတော့သဖြင့် မြောင်းဆုံးမြောင်းဖျား ရေလုံလောက်စွာရောက်ရှိရန် ခက်ခဲလျက်ရှိသောကြောင့် လိုအပ်သည့်နေရာများတွင် ကျောက်စီ မြေထိန်းနံရံတည်ဆောက်ခြင်း၊ တူးမြောင်းပုံစံကျ မြေဖို့ပြုပြင်ခြင်း၊ တူးမြောင်းအဆောက်အအုံများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မိုးရာသီကာလတွင် လယ်မြေများ ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်လျက်ရှိသောကြောင့် ရေနုတ်မြောင်းများကိုလည်း တူးဖော်ပေး လျက်ရှိကြောင်း၊ ဒေသတွင်း လယ်ယာကုန်ထုတ်လုပ်မှု လွယ်ကူလျင်မြန်စေရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ မြောင်းပေါင်များကို ကန်ကာ ခင်းပေးလျက်ရှိကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့်နည်းတူ ဆည်ရေသောက်တောင်သူများ ပါဝင်သည့် ရေအသုံးချသူများအဖွဲ့ (WUG) များ ဖွဲ့စည်းကာ "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်" ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ စီမံ ကိန်းလုပ်ငန်းများကို ယခု ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အထိ လျာထား ဆောင်ရွက်လျက်ရှိပြီး ယခုဘဏ္ဍာနှစ်တွင် လျာထား ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မိုးစပါးပျိုးထောင်ရေစတင် ပေးဝေလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဇီးတောဆည်ရေသောက်စနစ်ရှိ မြောင်းဆုံ မြောင်း၏ ဒီအို(၂) မြောင်းမှ တောင်သူ ဦးကြည်စိုးက "ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ရေပေးမြောင်းတွေ အဆင့်မြှင့် ပြုပြင်ပေးတယ်။ တူးမြောင်းအဆောက်အအုံတွေကိုလည်း ပြုပြင်ပေးတယ်။ အရင်ကထက် ရေအားက ပိုကောင်းလာပြီး ရေပေး ရေယူ စီမံရတာလည်း ပိုပြီးထိရောက်ကောင်းမွန်လာပါတယ်။ ကျွန်တော်ကိုယ်တိုင်က ရေအသုံးချသူများအဖွဲ့ (WUG) ခေါင်းဆောင်အဖြစ် တာဝန် ယူထားရပါတယ်။ ရေပေး ရေယူ ပြဿနာတွေကိုလည်း အဖွဲ့အစည်း စိတ်ဓာတ်နဲ့ ညှိနှိုင်းဖြေရှင်းပြီး ညီညီညွတ်ညွတ် မျှမျှတတ ရေရယူလာနိုင်ကြတယ်။ ဌာနနဲ့လည်း အဖွဲ့အစည်းအသွင်နဲ့ အရင်ကထက်ပိုပြီး နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်လာနိုင်တယ်။ အခုမိုးစပါးပျိုးထောင်ရေတွေ ယူပြီး စတင်ပျိုးထောင်နေကြပါပြီ။ ဌာနက ပြောထားတဲ့အတိုင်း ဆည်ရေကို အလေအလွင့်မရှိအောင် ခြိုးခြံချွေတာပြီး သုံးစွဲနေကြပါတယ်" ဟု ပြောသည်။

ဇီးတောဆည်ရေသောက်စနစ်မှ စိုက်ပျိုးရေပေးဝေနေစဉ်။

စီမံကိန်းပြီးစီးပါက (WUG) အဖွဲ့များနှင့်အတူ ရေစီမံခန့်ခွဲမှုများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် စိစစ်ပြီး ဆည်ရေသောက် ဧရိယာများ ပြန်လည်ပြည့်မီအောင် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံစိုက်ကေများ ယခင်ကထက် ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်မွေး

Mi Band 5 များ ဈေးကွက်သို့ စဝင်လာသော်လည်း ဖြစ်သင့်သည်ထက် ဈေးမြင့်နေ

ရန်ကုန် ဇွန် ၂၈

ဇွန် ၁၁ ရက်က တရုတ်နိုင်ငံတွင် စတင်မိတ်ဆက်ပြသခဲ့ပြီး ဇွန် ၁၈ ရက်တွင် နိုင်ငံတကာဈေးကွက်၌ စတင်ရောင်းချခဲ့သော Mi Band 5 များသည် ဇွန် ၂၆ ရက်တွင် ပြည်တွင်းဈေးကွက်သို့ စတင်ဝင်ရောက်လာခဲ့သော်လည်း ဈေးကွက်သို့ စဝင်လာချိန်တွင် နိုင်ငံတကာဈေးကွက်တွင် ရနိုင်သောအရောင်များ အစုံအလင် မရရှိသေးသလို ဈေးနှုန်းမှာလည်း ငွေလဲလှယ်နှုန်းအရ ကျသင့်နိုင်သောဈေးနှုန်းဖြစ်သည့် ကျပ်လေးသောင်းဝန်းကျင်အစား ကျပ်ငါးသောင်းခန့်အထိ မြင့်တက်နေသည်ကို တွေ့ရသည်။

ယခင်ဈေးကွက်၌ရှိပြီးဖြစ်သော Mi Band 4 နှင့် ယခု အသစ်ဝင်လာသည့် Mi Band 5 တို့တွင် ကွာခြားမှုများအနေဖြင့် MI Band 5 ၏ မျက်နှာပြင်အကျယ်သည် ၁ ဒသမ ၁ လက်မဖြစ်ရာ Mi Band 4 ၏ ၀ ဒသမ ၉၅ လက်မ မျက်နှာပြင်ထက် ပိုကြီးလာသည်။ အားကစားလှုပ်ရှားမှုများကို အထောက်အကူပေးသည့် sport/exercise mode တွင် Band 4 ၌ ခုနစ်မျိုးသာ ပါသည့်အစား Band 5 ၌ ၁၁ မျိုးအထိ ပါဝင်လာသည်။ ချိတ်ဆက်ထားသောဖုန်း၏ ကင်မရာကို ဓာတ်ပုံရိုက်နိုင်မည့် shutter remote control လည်း ပါဝင်လာ၍ Mi Band 5 မှတစ်ဆင့် ဖုန်း၏ကင်မရာဖြင့် ဓာတ်ပုံများ ရိုက်ကူးနိုင်မည်ဖြစ်သည်။

ထို့အပြင် Mi Band 4 တွင် မပါဝင်ခဲ့သော Women's health tracking လုပ်ဆောင်ချက်လည်း ပါလာမည်ဖြစ်ပြီး အမျိုးသမီးများအတွက် menstrual cycle ရက်များ မှတ်ပေးခြင်း၊ မျိုးဥကြွေမည့်ရက်များ တွက်ချက်ပေးခြင်းတို့ကို လုပ်နိုင်မည်ဖြစ်သည်။ အားသွင်းစနစ်တွင် သံလိုက်အားသွင်းစနစ် ထပ်ပါလာသဖြင့် အားသွင်းရာတွင် ပို၍ လွယ်ကူစေမည်ဖြစ်သည်။ Theme ပိုင်းတွင်လည်း Dynamic display ပါလာသောကြောင့် အသုံးပြုသူအတွက် အမြင်ပိုင်းတွင် ပိုမိုကောင်းမွန်လာစေမည်ဖြစ်သော်လည်း ဘက်ထရီကို Mi Band 4 ထက် ပို၍ အကုန်မြန်စေနိုင်သည်။

Sensor ပိုင်းတွင်လည်း Mi Band 5 တွင် အသစ်ပါလာသည့် upgrade sensor ကြောင့် ခြေလှမ်းအရေအတွက်ကို ပြသပေးသည့် Step counter နှင့် အိပ်ပျော်ချိန်ကို မှတ်သားပေးသည့် sleep detection တို့တွင် Mi Band 4 ထက် ပို၍ ကောင်းမွန်တိကျလာကြောင်း နိုင်ငံတကာဈေးကွက်မှ စမ်းသပ်အသုံးပြုပြီးသူအချို့၏ review ရေးသားမှုများအရ သိရသည်။

Mi Band များသည် နာမည်ကြီးစမတ်ဖုန်းများကို ထုတ်လုပ်နေသော Xiaomi က ထုတ်လုပ်ရောင်းချသည့် ဝတ်ဆင်အသုံးပြုရသော နည်းပညာထုတ်ကုန်ဖြစ်ကာ နာရီ၊ ချိတ်ဆက်ထားသောဖုန်းမှ notifications များကို ပြသခြင်း၊ နှလုံးခုန်နှုန်း တိုင်းတာခြင်း၊ Alarm ပေးခြင်းနှင့် အားကစားလှုပ်ရှားမှုများကို မှတ်သားပေးခြင်း စသည်တို့ကို ပြုလုပ်ပေးနိုင်သော ပစ္စည်းမျိုးဖြစ်ပြီး အဓိကအားဖြင့် ဝတ်ဆင်သူ၏ ကျန်းမာရေးအတွက် သိရှိသင့်သည်များကို ဖော်ပြပေးခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုပေးနိုင်သည့် ပစ္စည်းဖြစ်သည်။

သူရဖြိုး

New Product

ကလေးများအတွက် Kids corner လုပ်ဆောင်ချက်ပါဝင်သည့် ဟွာဝေးတက်ဘလက် MatePad T8

ဟွာဝေးက ထုတ်လုပ်တဲ့ Tablet တစ်ခုဖြစ်တဲ့ MatePad T8 ဟာ ဇွန်လ ၁ ရက်မှာ ပြည်တွင်းဈေးကွက်မှာ စတင်မိတ်ဆက်ခဲ့တာဖြစ်ပြီး ဈေးကွက်ထဲက Tablet အမျိုးမျိုးလို စွမ်းဆောင်ရည်တွေ ပါဝင်တဲ့အပြင် ထူးခြားချက်အနေနဲ့ ကလေးတွေအတွက် သင်ထောက်ကူအဖြစ်ရော၊ ဖျော်ဖြေရေးအဖြစ်ပါ အသုံးဝင်စေမယ့် Kids corner ဆိုတဲ့လုပ်ဆောင်ချက်တစ်ခုလည်း ပါဝင်လာတာကို တွေ့ရပါတယ်။

MatePad T8 ဟာ သယ်ဆောင်ရလွယ်ကူပြီး ကိုယ်ထည်ပိုင်းက အကြမ်းခံတဲ့ သတ္တုကိုယ်ထည်ဖြစ်ပါတယ်။ များသောအားဖြင့် တက်ဘလက်တွေဟာ ဘေးပေါင်တွေ ထူနေတတ်ပေမယ့် ဟွာဝေး MatePad T8 ကတော့ အခြားတက်ဘလက်တွေနဲ့ယှဉ်ရင် ဘေးပေါင်က တော်တော်လေးပါးပြီး Screen-to-body ratio က ၈၀ ရာခိုင်နှုန်းရှိပါတယ်။ အလေးချိန်က ၃၁၀ ဂရမ်ပဲရှိလို့ တက်ဘလက်တစ်ခုအနေနဲ့ဆိုရင် ပေါ့ပါးတယ်လို့ ဆိုနိုင်ပါတယ်။ Display က LCD ဖြစ်ပြီး မျက်လုံးကိုထိခိုက်စေမယ့် Blue light မဝင်အောင် ပိတ်ပေးထားနိုင်တဲ့ Blue Light Filter နဲ့ eBook Mode အစရှိတဲ့ လုပ်ဆောင်ချက်တွေလည်း ပါဝင်ပါတယ်။

အန်းဒရွိုက်ဗားရှင်းက 10 ဖြစ်ပြီး ဟွာဝေးရဲ့ EMUi 10 ကို သုံးထားပါတယ်။ Chipset က Mediatek MT8768 ဖြစ်ပြီး CPU က Octa-Core 2GHz chipset ကို သုံးထားပါတယ်။ RAM 2GB နဲ့ ROM 32GB ပါဝင်ပြီး နောက်ထပ် microSD ကို 512GB အထိ ကတ်ထပ်စိုက်ပြီး သုံးလို့ရပါတယ်။ ဘက်ထရီကလည်း 5100mAh ပါဝင်လို့ ပုံမှန်ရုပ်ရှင်ကြည့်တာ၊ အင်တာနက်သုံးတာမျိုးအတွက် ၁၂ နာရီလောက်အထိ အသုံးခံနိုင်ပါတယ်။ တက်ဘလက်ဖြစ်တဲ့အတွက် ကင်မရာပိုင်းကိုတော့ ဦးစားပေးမထားဘဲ နောက်ကင်မရာက ၅ မဂ္ဂါပစ်ဇယ်နဲ့ ရှေ့ဘက် ဆယ်လ်ဖီကင်မရာက ၂ မဂ္ဂါပစ်ဇယ်ပဲ ရှိပါတယ်။

တက်ဘလက်ဖြစ်တာကြောင့် ဖေ့စ်ဘုတ်သုံးတာ၊ ဂိမ်းကစားတာမျိုးထက် စာဖတ်တာ၊ ရုပ်ရှင်ကြည့်တာတွေအတွက် ပိုပြီးအသုံးဝင်သလို ကလေးတွေအတွက် ရည်ရွယ်ဖန်တီးထားတဲ့ Kids corner လုပ်ဆောင်ချက်ကတော့ ကလေးတွေရဲ့ သင်ကြားရေးပိုင်းကိုရော ဖျော်ဖြေရေးပိုင်းကိုပါ အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ Kids Corner မှာ Recorder, Camera, Multimedia နဲ့ Kids Painting ဆိုတဲ့ အဓိကအပိုင်းလေးခု ပါဝင်တဲ့အနက် Multimedia နဲ့ Kids Painting ဟာ ကလေးတွေအတွက် ဖျော်ဖြေရေးနဲ့ သင်ကြားရေးဆိုင်ရာ လုပ်ဆောင်ချက်တွေ ပါဝင်ပြီး ဂိမ်းကစားတာတွေ၊ ပုံဆွဲတာတွေနဲ့ သင်ကြားရေးအစီအစဉ်တွေ ပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် Parental control စနစ် ပါဝင်လို့ ကလေးငယ်တွေကို ဘယ်ဗီဒီယို၊ ဓာတ်ပုံနဲ့ အက်ပလီကေးရှင်းတွေကိုပဲ သုံးခွင့်ပေးမယ်၊ မက်ဆင်ဂျာမှာ ဘယ်သူတွေနဲ့ပဲ စကားပြောခွင့်ပေးမယ် စသဖြင့် ကန့်သတ်ထားနိုင်သလို ကလေးတွေသုံးစွဲရမယ့် အချိန်ကိုလည်း ကန့်သတ်ပေးနိုင်ပါတယ်။ နောက်ထပ် ထူးခြားတဲ့လုပ်ဆောင်ချက်တစ်ခုကတော့ ကလေးတွေအနေနဲ့ တက်ဘလက်ကို မှုမမှန်တဲ့ မျက်လုံးအနေအထား၊ ကိုယ်ဟန်အနေအထားနဲ့ အသုံးပြုခြင်းကို သိရှိပြီး သတိပေးနိုင်မယ့် Posture Alert ပါဝင်တာဖြစ်ပါတယ်။

ဟွာဝေး MatePad T8 ကို ဈေးနှုန်းအနေနဲ့ ကျပ် ၁၉၉၀၀၀ နဲ့ ရောင်းချနေပြီး ဇွန်လ ၃၀ ရက်အထိ ဝယ်ယူသူများကို Huawei band 3e နဲ့ flip cover တွေလည်း လက်ဆောင်ပေးနေတယ်လို့ သိရပါတယ်။

ကျော်ဇင်ဦး

အွန်လိုင်းမှ မှာယူမှုများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် အွန်လိုင်းငွေပေးချေမှုဆောင်ရွက်နိုင်ရန် Hi-So နှင့် Zay Chin Mart တို့နှင့် MPT Money ပူးပေါင်း

ရန်ကုန် ဇွန် ၂၈

MPT ၏ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုဖြစ်သော MPT Money ကို အသုံးပြုနေသူများအနေဖြင့် ကုန်ပစ္စည်းများ၊ အစားအစာများနှင့် အိမ်အတွက်လိုအပ်သောပစ္စည်းများ မှာယူရာတွင် မိမိတို့နေအိမ်မှပင် E-Wallet ဝန်ဆောင်မှုမှတစ်ဆင့် မြန်ဆန်၍ လုံခြုံစိတ်ချရသော ဒစ်ဂျစ်တယ်ငွေပေးချေမှု ဆောင်ရွက်နိုင်ရန်အတွက် MPT Money နှင့် ထိပ်တန်းအွန်လိုင်းဆိုင်များဖြစ်သော Hi-So နှင့် Zay Chin Mart တို့ ပူးပေါင်းလိုက်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေကြောင့် အွန်လိုင်းမှဈေးဝယ်ခြင်းနှင့် အိမ်အရောက်ပို့ဆောင်မှုစနစ်များသည် ပြည်သူများ၏ နေ့စဉ်ဘဝ တစ်စိတ်တစ်ပိုင်း၌ မရှိမဖြစ် အရေးပါလာခဲ့ရာ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြစ်သည့် MPT Money အနေဖြင့်လည်း သုံးစွဲသူများအတွက် လွယ်ကူစိတ်ချရသော ငွေသားမဲ့စနစ် ဒစ်ဂျစ်တယ် ငွေပေးချေမှု ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုကြောင့် MPT Money သုံးစွဲသူများသည် Hi-So နှင့် Zay Chin Mart တို့မှ ကုန်ပစ္စည်းများကို ဝယ်ယူမှုများအတွက် MPT Money အကောင့်ကို အသုံးပြု၍ ငွေချေခြင်းဖြင့် ငွေလွှဲဝန်ဆောင်ခ မပေးရဘဲ လွယ်ကူစွာ ငွေပေးချေနိုင်ပြီး ဝယ်ယူသည့်ပစ္စည်းကို ရောင်းချသူများက အိမ်ရှေ့အရောက် ပို့ဆောင်သွားမည်ဖြစ်သည်။

MPT Money သုံးစွဲသူများအနေဖြင့် Hi-So နှင့် Zay Chin Mart တွင် MPT Money ဖြင့် ငွေချေမှုတိုင်းအတွက် ဝယ်ယူသည့်ပမာဏ၏ ပြန်အမ်းငွေ ၁၀ ရာခိုင်နှုန်းကိုလည်း MPT Money ၏ E-Wallet တွင် သတ်မှတ်ထားသည့် ပမာဏအတွင်း လက်ခံရရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် Zay Chin Mart သည် လက်ရှိတွင် MPT Money ဖြင့် ငွေချေခြင်းအတွက် ပရိုမိုးရှင်းဆုလက်ဆောင်များနှင့်အတူ ကံစမ်းမဲအစီအစဉ်ကို ပြုလုပ်ထားကာ Hi-So ကလည်း ပို့ဆောင်ခ အခမဲ့ အစီအစဉ်ကို ပြုလုပ်ပေးထားသောကြောင့် သုံးစွဲသူများအနေဖြင့် ပို့ဆောင်ခ အခမဲ့ဖြင့် အိမ်အရောက်ဝန်ဆောင်မှု ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT Money ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်မြင့်က "MPT Money သုံးစွဲသူတွေအတွက် ပစ္စည်းလာပို့သူ အိမ်ရှေ့ရောက်လာချိန်မှာ ကျသင့်ငွေပေးဖို့ ရှာနေစရာမလိုတော့ဘဲ e-money ကိုအသုံးပြုပြီး ကြိုတင်ငွေပေးချေရုံနဲ့ အချင်းချင်း ထိတွေ့ဆက်သွယ်စရာမလို၊ လူမှုစည်းခြားခြင်းဖြင့် အိမ်အရောက်ပို့ဆောင်မှုစနစ်ကို ရယူခံစားနိုင်ပါပြီ။ ထပ်မံပြီးတော့လည်း ကျွန်တော်တို့ရဲ့ မိတ်ဖက်တွေနဲ့ ပူးပေါင်းပြီး စွဲမက်ဖွယ်ရာကောင်းတဲ့ ပရိုမိုးရှင်းအစီအစဉ်တွေကိုလည်း သုံးစွဲသူတွေအတွက် ဆောင်ရွက်ပေးနေတယ်"ဟု ပြောကြားသည်။

MPT Money သည် အွန်လိုင်းမှ ငွေချေခြင်းအပြင် သုံးစွဲသူများအတွက် အကျိုးခံစားခွင့်များနှင့် ကမ်းလှမ်းမှုများကို ပြန်လည်ပေးအပ်လျက်ရှိရာ MPT ဆင်းကတ်များကို ဖုန်းဘေလ်ဖြည့်သွင်းရာတွင် ပြန်အမ်းငွေ ၁၀ ရာခိုင်နှုန်းနှင့် အခြား ဆင်းကတ်များကို ငွေဖြည့်သွင်းရာတွင် ပြန်အမ်းငွေ ၃ ရာခိုင်နှုန်းကို e-money အဖြစ်(သတ်မှတ်ထားသည့်ပမာဏအတွင်း) ရရှိခံစားနိုင်မည်ဖြစ်သည်။ MPT Money မိုဘိုင်းငွေကြေးဝန်ဆောင်မှုကို မည်သည့်မိုဘိုင်းကွန်ရက်ဖြင့်မဆို MPT Money အက်ပလီကေးရှင်းဖြင့် အသုံးပြုနိုင်ပြီး Android အသုံးပြုသူများအနေဖြင့် http://bit.ly/MPTMoneyAndroid နှင့် iOS အသုံးပြုသူများအနေဖြင့် http://bit.ly/MPTMoney_iOS တို့မှ ဒေါင်းလုပ်ရယူနိုင်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သူရဖြိုး

M - ပိုက်ဆံ သုံးစွဲသူများအတွက် ပံ့ပိုးမှုတိုးမြှင့်သည့်အနေဖြင့် ဟော့လိုင်းနံပါတ်သစ် သတ်မှတ်

ရန်ကုန် ဇွန် ၂၈

အူရီဒူးမြန်မာက ဝန်ဆောင်မှုပေးထားပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး မည်သည့်ဖုန်းလိုင်းဖြင့်မဆို မိုဘိုင်းမှတစ်ဆင့် အသုံးပြုနိုင်သည့် အွန်လိုင်း ငွေကြေးဝန်ဆောင်မှုတစ်ခုဖြစ်သော M-ပိုက်ဆံ ဝန်ဆောင်မှုကို သုံးစွဲသူများအတွက် အထူးဝန်ဆောင်မှုကဏ္ဍတစ်ရပ်အနေဖြင့် အဆင်မပြေမှုများနှင့်ပတ်သက်၍ မေးမြန်းနိုင်မည့် Hotline နံပါတ်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း M-ပိုက်ဆံ ဝန်ဆောင်မှုဌာနမှ သိရသည်။

M-ပိုက်ဆံ ဝန်ဆောင်မှုကို အူရီဒူးဆင်းကတ်များဖြင့် သုံးစွဲသူများအနေဖြင့် တစ်စုံတစ်ရာ အခက်အခဲတွေ့ပါက ဟော့လိုင်းနံပါတ် 909 သို့ တိုက်ရိုက်ခေါ်ဆို၍ အကူအညီတောင်းခံနိုင်ပြီး အခြားဖုန်းဆင်းကတ်များဖြင့် အသုံးပြုသူများအနေဖြင့် ဟော့လိုင်းနံပါတ် 09970000999 သို့ ခေါ်ဆိုပြီး သုံးစွဲသူဝန်ဆောင်မှုဌာနသို့ ဆက်သွယ်ကူညီတောင်းခံနိုင်ကြောင်း၊ နေ့စဉ် နံနက် ၈ နာရီမှ ည ၉ နာရီအထိ ပိတ်ရက်မရှိ ခေါ်ဆိုမေးမြန်းနိုင်ကြောင်း၊ ဟော့လိုင်းနံပါတ်များ သတ်မှတ်၍ ဝန်ဆောင်မှုပေးခြင်းကြောင့် M- ပိုက်ဆံ ဝန်ဆောင်မှုကို သုံးစွဲသူများအတွက် ပို၍လွယ်ကူစိတ်ချရပြီး မြန်ဆန်သည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုဖြစ်လာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

M-ပိုက်ဆံ ဝန်ဆောင်မှုကို သုံးစွဲသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ငွေလွှဲခြင်း၊ လက်ခံခြင်း၊ ဖုန်းဘေလ်ဝယ်ခြင်းနှင့် ငွေပေးချေခြင်း စသည်တို့ကို မိမိ၏ မိုဘိုင်းဖုန်းပေါ်မှ တစ်ဆင့် အချိန်မရွေး၊ နေရာမရွေး လုံခြုံစိတ်ချရစွာဖြင့် လျင်မြန်လွယ်ကူစွာ လုပ်ဆောင်နိုင်မည်ဖြစ်ကာ မည်သည့် မိုဘိုင်းဖုန်းလိုင်းများကို ကိုင်ဆောင်သုံးစွဲနေသည်ဖြစ်စေ M-ပိုက်ဆံအကောင့် ဖွင့်လိုလျှင် *999# သို့ ဖုန်းခေါ်ဆိုခြင်းဖြင့်လည်းကောင်း၊ Play Store(သို့မဟုတ်) App Store တို့မှ M-ပိုက်ဆံ အက်ပလီကေးရှင်းကို ဒေါင်းလုပ်ပြုလုပ်ခြင်းဖြင့်လည်းကောင်း ရယူ၍ အကောင့်ဖွင့်ပြီးနောက် M-ပိုက်ဆံ ဝန်ဆောင်မှုများကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို ဟော့လိုင်းနံပါတ်များအပြင် M-ပိုက်ဆံ၏ ဖေ့စ်ဘုတ်မက်ဆင်ဂျာမှ တစ်ဆင့်လည်း မေးမြန်းနိုင်ကြောင်း သိရသည်။

မင်းခေတ်

စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိ

ရန်ကုန် ဇွန် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရ၊ သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ)တတိယဆုရရှိသည့် စာရေးဆရာ ဒေါက်တာမြင့်သန်း၏ အိပ်စက်ခြင်းနှင့် ကျန်းမာရေးစာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် လူသားများအပါအဝင် သတ္တဝါတိုင်း ကျန်းကျန်းမာမာ အသက်ရှင်နေထိုင်နိုင်ရန်အတွက် အင်မတန်အရေးပါသည့် အိပ်စက်ခြင်းနှင့် ပတ်သက်သော သိပ္ပံနည်းကျအချက်အလက်များကို စုစည်းတင်ပြထားပြီး အိပ်ရေးမဝမှုကြောင့် ဖြစ်ပွားရသည့် ကျန်းမာရေးဆိုင်ရာပြဿနာများ၊ အိပ်စက်ခြင်းနှင့်သက်ဆိုင်သည့် ထူးခြားချက်များအပြင် အိပ်စက်ခြင်းများနှင့် အရွယ်တင်ခြင်း ဆက်စပ်ပုံတို့ကို ပြည့်ပြည့်စုံစုံရေးသားထားသည့် အသိပညာ ဗဟုသုတရရှိနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို ငွေကျပ် ၁၁၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ ၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁ ၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့်၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁- ၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

စာပေဗိမာန်စာမူဆုရ လူငယ်စာပေဆုရစာအုပ် ဖြန့်ချိ

ရန်ကုန် ဇွန် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရ၊ လူငယ်စာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ချစ်မုန်းငြိမ်း၏ "အပျံ့သင်စနှင့် လူငယ်ဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိ ရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ယနေ့ခေတ်လူငယ်များ ပရဟိတစိတ်ထားနှင့် ရဲစွမ်းသတ္တိပြည့်ဝကြစေရန်၊ မိဘ၊ ဘိုးဘွား၊ ဆရာသမားများ၏ ဆိုဆုံးမစကားကိုနာခံပြီး မေတ္တာ၊ စေတနာကို နားလည်တတ်စေရန်၊ မသန်စွမ်းလူငယ်လေးများကို အထင်အမြင်မသေးဘဲ စာနာနားလည်ပြီး သူငယ်ချင်းအချင်းချင်း အလွန်အကျွံကျီစားနောက်ပြောင်ခြင်းကို ရှောင်ကြဉ်တတ်စေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ရသစုံစုံလင်လင် ရေးသားထားသော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။အဆိုပါစာအုပ်ကို ငွေကျပ် ၁၂၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၁ - ၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂- ၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

မြေယာနှင့် နှစ်ရှည်သီးနှံပင်များအတွက် လျော်ကြေးငွေ ပေးအပ်

ဘုတလင် ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် တွင်းတော်ကြေးခေတ် ရှေးဟောင်းယဉ်ကျေးမှုဧရိယာအတွင်း ပါဝင်သည့် လယ်ယာမြေများအတွက် မြေယာလျော်ကြေးနှင့် နှစ်ရှည်သီးနှံပင်များအတွက် နစ်နာကြေးများကို ဇွန်၂၅ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး မဟာဗန္ဓုလအစည်းအဝေးခန်းမ၌ ပေးအပ်သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်ကိုင်းဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးသိန်းတို့က တောင်သူ ၁၆ ဦးအား လယ်ယာမြေဧက ၅၀ အတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် မြေယာလျော်ကြေး ငွေကျပ်သိန်း ၁၅၀၀ နှင့် နှစ်ရှည်သီးနှံပင်များအတွက် နစ်နာကြေး ငွေကျပ် ၄၄ သိန်း ငါးသောင်းရှစ်ထောင်ကို ပေးအပ်ခဲ့ကြပြီး တောင်သူများက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) များကို ပြန်လည်အပ်နှံကြသည်။

အဆိုပါတွင်းတော်ကြေးခေတ် ရှေးဟောင်းယဉ်ကျေးမှုဧရိယာသည် ၅၇ ဧက ရှိပြီး ယခင်ဘဏ္ဍာနှစ်က တောင်သူနှစ်ဦးအား လယ်ယာမြေခုနစ်ဧက အတွက် မြေယာလျော်ကြေး ပေးအပ်ကြောင်း သိရသည်။

ဖိုးခါး(ပြန်/ဆက်)

ဘာသာစာပေပေါင်းကူး (၁၉)

မောင်ခင်မင် (ဓနုဖြူ)

"စာပေတွေမှာ တစ်ချိန်က သုံးခဲ့တဲ့ စကားလုံး တချို့ဟာ တော်တော်ကြာကြာ တိမ်မြုပ်နေပြီး နောက်မှ ပြန်အသုံးတွင်လာတာမျိုးလဲ ရှိတယ် သမီးရဲ့"

"ဘယ်လိုစကားလုံးမျိုးလဲ ဘဘ"

"ပန်တျာလို စကားလုံးပေ့ါကွယ်။ ပုဂံကျောက်စာတွေမှာ တော်တော်အသုံးတွင်ခဲ့တာလေ။ 'ပန်တျာသည်'၊ 'စည်ကြီး ပန်တျာ' ဆိုတဲ့ စကားတွေပေ့ါ။ တီးရတဲ့ တူရိယာရော၊ တူရိယာ တီးတဲ့သူရော ရည်ညွှန်းတာပေ့ါ။ ဝါဒျဆိုတဲ့ သက္ကတစကားက ဆင်းသက်တယ်လို့ ပညာရှင်တွေ ယူဆကြတယ်။ အဲဒီစကားက တော်တော်ကြာကြာ တိမ်မြုပ်နေပြီး လွတ်လပ်ရေးရပြီးတဲ့ နောက်မှာ ပြန်တွင်ကျယ်လာတာလေ။ 'ပန်တျာကျောင်း' တို့၊ 'ပန်တျာမှူးမှန်' တို့ဆိုတဲ့ အသုံးတွေ တွေ့မှာပေ့ါ။ အဆို၊ အတီး၊ အက အနုပညာတွေကို ကျယ်ကျယ်ပြန့်ပြန့် ရည်ညွှန်းတဲ့စကား ဖြစ်နေပြီလေ"

"ဟုတ်ကဲ့ပါ။ မှတ်သားထားပါ့မယ်"

"ခုခေတ်မှာ တွင်ကျယ်နေတဲ့ 'တော်လှန်' ဆိုတဲ့စကားလုံးနဲ့ ပတ်သက်ပြီး ဆရာကြီး ဦးသိန်းဖေမြင့်က ရေးဖူးတယ်။ အဲဒီစကားလုံးကို တွင်ကျယ်လာအောင် သူစသုံးတဲ့ အကြောင်းပေ့ါ။ revolution ကို တော်လှန်ရေးလို့ ခေါ်တာမျိုးပေ့ါ။ ဦးသြဘာသရဲ့ ဝေဿန္တရာဇာတ်ထဲမှာ ဇာလီနဲ့ ကဏှာဇိန်ကို စူဇကာပုဏ္ဏားရဲ့ ကျွန်အဖြစ်က တော်လှန်လိုရင် ငွေဘယ်လောက်ပေးပြီး တော်လှန်နိုင်တယ်ဆိုတဲ့ အသုံးပါတယ်လေ။ ဆရာက အဲဒီ 'တော်လှန်' ကို ပြန်သုံးတာလို့ ဆိုလိုတာလေ"

"ဟုတ်ကဲ့ပါ"

"ဒါပေမဲ့ 'တော်လှန်' က ပုဂံခေတ်ကတည်းက သုံးနေပြီ။ 'ရမ္မက်ကျွန်အဖြစ်မှတည်း တော်လှန်လိုရကား' ဆိုတဲ့ အသုံးကို တောင်ဂူနီကျောက်စာမှာ တွေ့ရတယ်။ အဲဒီလိုပေ့ါ။ စကားလုံးတစ်လုံးဟာ သမိုင်းကြောင်းတစ်လျှောက် ငုပ်လိုက် ပေါ်လိုက် ရှိတတ်တာပဲလေ"

"ဟုတ်တယ်နော် ဘဘ"

"သတိရလို့ ပြောရအုံးမယ်။ ဘဘတို့ ခပ်ငယ်ငယ်က စာရေးဆရာကြီးတစ်ယောက် ရေးတာဖတ်ရတယ်။ ပန်းပဲမောင်တင့်တယ်ဆိုတဲ့ နာမည်ဟာ ခုခေတ်မှာ ကလောင်နာမည်ယူရတဲ့ အထိ ခေတ်မီတဲ့နာမည်မို့ ပုဂံခေတ်မှာ အဲဒီ နာမည်မျိုးရှိမယ် မထင်ဘူးလို့ ရေးတာလေ။ စာရေးဆရာ 'တင့်တယ်' ရှိတယ် မဟုတ်လား။ စာရေးဆရာကြီးက အဲဒါကို ရည်ညွှန်းပြီး ရာဇဝင်ထဲက မောင်တင့်တယ်ဆိုတဲ့နာမည်ဟာ ပုဂံခေတ်က နာမည်မဖြစ်နိုင်ဘူး။ ရာဇဝင်ရေးတဲ့သူတွေက ဖန်တီးတာဖြစ်မယ်လို့ ဆိုလိုတာလေ"

"ဪ၊ ဟုတ်ကဲ့ပါ"

"ဘဘတို့လဲ အဲဒီအယူအဆကို သဘောကျတာပေ့ါ။ စာရေးဆရာကြီးရဲ့ အတွေးအခေါ်က ခေတ်မီတယ်ပေ့ါ။ နောက်- ပုဂံကျောက်စာတွေ လေ့လာတော့မှ ဘုရားကျွန်အဖြစ် လှူတဲ့ လူနာမည်အမျိုးမျိုးကို တွေ့ရတယ်"

"ဘယ်လိုနာမည်တွေလဲ ဘဘ"

"သမီးလဲ ဖတ်ဖူးမှာပေ့ါ။ 'ငချစ်စရာ တဲ့၊ သနားဖွယ် တဲ့၊ ငယဉ် တဲ့၊ လှမြတ် တဲ့၊ ငကြံထက် တဲ့၊ ငအောင်ပြည့် တဲ့၊ ငကံပိုင် တဲ့၊ ငစည်းစိမ် တဲ့၊ ငထင်ရှား တဲ့၊ ငလှယဉ် တဲ့၊ ဒါယောကျ်ားနာမည် တချို့ကို ထုတ်ပြတာလေ။ ငတင့်တယ်ဆိုတဲ့ နာမည်မျိုးရှိနိုင်တာပေ့ါ။ ဒါ ဘဘတို့ရဲ့ဆရာမကြီး ပါမောက္ခဒေါ်သန်းဆွေ သုတေသနလုပ်ထားတဲ့ 'ပုဂံခေတ် လူအမည်များ' စာတမ်းထဲကလေ။ သမီးအပြည့်အစုံ လေ့လာကြည့်ပေ့ါ"

"လေ့လာပါ့မယ် ဘဘ"

"ဪ...အဲဒီမှာ 'ငအောင်ပြည့်' ဆိုတဲ့ နာမည်ပါလို့ ဘဘတို့မိတ်ဆွေ၊ အခုကွယ်လွန်သွားပြီ။ စာရေးဆရာအောင်ပြည့်ကို ပုဂံခေတ်က ကျွန်နာမည်ကို ကလောင်နာမည် လုပ်ထားတယ်လို့ သူ့မိတ်ဆွေတွေက ကျီစယ်ကြသေးတယ်လေ"

"မှတ်သားစရာပါ ဘဘ"

"ဒီတော့ မြင်ကွင်းကျယ်ကျယ်ဖြန့်ပြီး လေ့လာနိုင်ရင် ကောင်းတာပေ့ါကွယ်။ စာပေတွေထဲမှာ စကားအသုံးအနှုန်းသစ်တွေ တီထွင်ဖန်တီးခဲ့တဲ့ ဆရာဒဂုန်တာရာရဲ့ ကျေးဇူးဟာလဲ စာပေလောက အတွက် အင်မတန်ကြီးမားပါတယ်ကွယ်"

"ပြောပြပါ ဘဘ"

"ဆရာဒဂုန်တာရာက ဂန္ထဝင်စာပေအခြေခံ ခိုင်မာပြီး အတွေးသစ် အမြင်သစ်တွေ ကြွယ်ဝတဲ့ ဆရာကြီးမို့ ဆရာအမွေပေးခဲ့တဲ့ စကားအသုံးအနှုန်းတွေကို ခုအထိ အမြတ်တနိုး အသုံးပြုနေကြတာပေ့ါကွယ်"

"ဪ...သေလောင်းလှည့် တဲ့လား ဘဘ" "ကဲ ...စဉ်းစားကြည့်။ ရှင်လောင်းလှည့်ဆိုတဲ့ စကားနဲ့လိုက်အောင် ဒီလုံးကို သရော်ပြီး 'သေလောင်းလှည့်' လို့ သုံးလိုက်တာလေ။ ရှင်လောင်းလှည့်မှာပါတဲ့ 'ရှင်' က ကိုရင်သာမဏေကိုပြောတာ၊ သေလောင်းလှည့်နဲ့ တွဲလိုက်တော့ 'ရှင်' က ရှင်တာ၊ သေတာနဲ့ ဆိုင်တဲ့စကား ဖြစ်သွားရော၊ အဓိပ္ပာယ်လဲ ပြောင်းသွားရောလေ" "ဟုတ်တယ်နော် ဘဘ၊ သမီးသဘောကျလိုက်တာ"

"အကျယ်သိပါရစေ ဘဘ"

"ဆရာဒဂုန်တာရာဟာ ဆယ်ကျော်သက်အရွယ်ကတည်းက ဂန္ထဝင်ကဗျာတွေ နိုင်နိုင်နင်းနင်းဖွဲ့နိုင်နေပြီလေ။ ဒဂုန်မဂ္ဂဇင်းမှာ ဆရာရဲ့ပိုဒ်စုံရတုကြီးတွေ ခမ်းခမ်းနားနားပါနေပြီ။ ငယ်ငယ်ကတည်းက စာပေရော၊ ဂီတရော မွေ့လျော်ခဲ့တဲ့ ပုဂ္ဂိုလ်ကိုး။ အဲ... တာရာမဂ္ဂဇင်းတည်ထောင်တဲ့ ခေတ်ကျတော့ ဆရာ့ တီထွင်မှုတွေ အထင်အရှား ပေါ်လာတာပါပဲလေ"

"ဟုတ်ကဲ့ပါ"

"စစ်မဖြစ်ခင် နဂါးနီစာစဉ်ကထုတ်တဲ့ 'မေ' ဝတ္ထုစစချင်း 'လေနုအေးသည် တန္ဓဲ့နွဲ့နေ့နေဆဲကို' ဆိုတဲ့အသုံးက စကြည့်ပေ့ါ။ 'လေနုအေး' ဆိုတဲ့ အတွဲအစပ်ကလေး ဘယ်လောက် လှသလဲနော်။ အဓိပ္ပာယ်လဲ ပြည့်တယ်။ နောက်တော့ သမီးတို့ သိတဲ့အတိုင်း 'ရွှေအိုရောင်' တို့၊ 'ပင်မရေစီး' တို့လို အသုံးတွေ ပေါ်လာတာပေ့ါ"

"ဘဘ၊ ရွှေအိုရောင်က ဘာသာပြန်တဲ့ စကားလုံးကို ကြားဖူးပါတယ်"

"ဟုတ်တယ်။ ragged gold ကို ပြန်တာပေ့ါ။ နောက်ပြီး 'ဂိုဂင်နီ' တဲ့၊ 'ဝေ့ါဒစ္စနေအပြာ' တဲ့။ ပန်းချီဆရာကြီးပေါ်ဂိုဂင်ရဲ့ အနီရောင်၊ ကာတွန်းဆရာကြီး ဝေ့ါဒစ္စနေရဲ့ အပြာရောင်ပေ့ါ။ တီထွင်စတုန်းကတော့ တော်တော်ဝေဖန်ခံရတယ်။ ခုတော့ ဒီတီထွင်မှုတွေကိုပဲ အမှတ်တရပြောနေရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"စကားလုံးတီထွင်တဲ့ အကြောင်းပြောရင် ဆရာကြီးမောင်ထင်ရဲ့ စကားလုံးသစ်တွေလဲ အမှတ်တရ ဖြစ်စရာပေ့ါ။ ဘဘ ပြောဖူးပါတယ်။ 'စွန့်စား' ဆိုတဲ့ စကားလုံးကို 'စွန့်မှစားရတယ်' လို့ အဓိပ္ပာယ်ဖွင့်တာမျိုး။ 'သူစွန့်လျှင် ငါစားတော့မည်' လို့ ဟန်ပြင်နေတဲ့ခေတ်ကြီးမှာ 'မစားဘဲ စွန့်သွားရှာသူတွေ' ရှိတဲ့အကြောင်းတို့ ဆရာကြီး ရေးထားတာလေ"

"သမီးကြားဖူးပါတယ် ဘဘ"

"ဒါတွေကတော့ နေ့စဉ်သုံးတဲ့ စကားတွေပေ့ါ။ စာပေနဲ့ ပတ်သက်တဲ့ ဝေါဟာရတွေ တီထွင်တဲ့ အထဲမှာ ဆရာဇော်ဂျီရဲ့ တီထွင်မှုတွေလဲ စာပေလောကအတွက် အင်မတန် ကျေးဇူးကြီးပါတယ်ကွယ်။ အခုသမီးတို့ တွင်တွင်ကျယ်ကျယ် သုံးနေတဲ့ 'ရသစာပေ' တို့၊ 'ဂယက်အနက်' တို့၊ 'နိမိတ်ပုံ' တို့၊ 'ဘဝအလွမ်းသဘော' တို့ ဆိုတဲ့ ဝေါဟာရတွေပေ့ါ။ ဒါက ဘဘ သတိထားမိသလောက် ပြောပြတာပါ"

"သမီးတို့အတွက် မှတ်သားစရာတွေ အများကြီးရပါတယ် ဘဘ"

"တချို့စကားလုံးတွေကတော့ တစ်နေရာတည်းမှာပဲ သုံးတာတွေ့ရပေမဲ့ တီထွင်တဲ့ စိတ်ကူးဉာဏ်က အတုယူစရာကောင်းတာမျိုးလဲ ရှိတယ်ကွဲ့။ ဆရာကြီးမောင်ထင်ရဲ့ အသုံးတစ်ခုကို သတိရလို့ပါ"

"ဟုတ်ကဲ့ပါ"

"ဆရာကြီးရဲ့ ကိုဒေါင်းဝတ္ထုတိုတွေထဲမှာ ပါတာလေ။ ကိုဒေါင်းက ကာလသားခေါင်း၊ သူ့လူတွေနဲ့ သူ့ရွာမှာ တွင်ကျယ်နေတာပေ့ါ။ တစ်ဖက်မှာသူနဲ့ မတည့်တဲ့ ဒီလုံးဆိုတဲ့ ကာလသားလဲရှိတယ်။ တစ်နေ့တော့ ဒီလုံးက ကိုဒေါင်းကို ချောက်တွန်းချင်တာနဲ့ ကိုယ့်လက်တွေ၊ ခြေတွေကို ဓားနဲ့ဆွဲပြီး ဒဏ်ရာရအောင်လုပ်ပြီးတော့ ကိုဒေါင်းက သူ့ကိုဒီလိုလုပ်ပါတယ်ဆိုပြီး ဂတ်တဲ၊ အဲ-ရဲစခန်းပေ့ါ။ အဲဒီဂတ်တဲကို သွားတိုင်ဖို့ စီစဉ်တယ်။ ဒီလုံးကို တပည့်တွေက ကပ်ပေါ်တင်ပြီး ထမ်းလာတယ်။ ဒီလုံးကလဲ ဒဏ်ရာတွေနဲ့ ညည်းပြီး ရောက်လာတာပေ့ါ။ အဲဒီတုန်း ရွာတစ်ဖက်က ရှင်လောင်းလှည့်လာတဲ့ပွဲနဲ့ ဆုံပါလေရော။ အဲဒီမြင်ကွင်းကို ဆရာကြီးမောင်ထင်က သရုပ်ဖော်ရင်း စကားတစ်လုံး သုံးလိုက်တယ်။ ဒီလုံးက ရှင်လောင်းလှည့်ပွဲနဲ့အပြိုင် 'သေလောင်းလှည့်' လာတာ ထင်ပါရဲ့-တဲ့"

"ဪ...သေလောင်းလှည့် တဲ့လား ဘဘ"

"ကဲ ...စဉ်းစားကြည့်။ ရှင်လောင်းလှည့်ဆိုတဲ့ စကားနဲ့လိုက်အောင် ဒီလုံးကို သရော်ပြီး 'သေလောင်းလှည့်' လို့ သုံးလိုက်တာလေ။ ရှင်လောင်းလှည့်မှာပါတဲ့ 'ရှင်' က ကိုရင်သာမဏေကိုပြောတာ၊ သေလောင်းလှည့်နဲ့ တွဲလိုက်တော့ 'ရှင်' က ရှင်တာ၊ သေတာနဲ့ ဆိုင်တဲ့စကား ဖြစ်သွားရော၊ အဓိပ္ပာယ်လဲ ပြောင်းသွားရောလေ"

"ဟုတ်တယ်နော် ဘဘ၊ သမီးသဘောကျလိုက်တာ"

"ဆရာကြီး မင်းသုဝဏ်က ရေးဖူးတယ်။ စာအရေးကောင်းတဲ့သူဟာ တစ်ခါမှ မတွေ့ဖူးတဲ့ လူနှစ်ယောက်ကို တွေ့ဆုံပြီး မိတ်ဆက်ပေးသလိုပဲ။ တစ်ခါမှမတွဲဖူးတဲ့ စကားလုံးတွေကို တွဲပြီး နှစ်သက်စရာဖြစ်အောင် ဖန်တီးနိုင်တယ်-တဲ့။ စာပေရေးဖွဲ့ရာမှာ စိတ်ကူးဉာဏ်အမျိုးမျိုးကို လိုက်ပြီး စကားကိုအတွဲအစပ် အသစ်တွေ ပေါ်လာရတာပေ့ါကွယ်" ။ ။

သန့်ရှင်းသောသောက်သုံးရေ ရရှိနိုင်ကြစေ

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-MWEP

မြင့်မားတဲ့တောင်ပေါ်ဒေသက ကျေးရွာတွေမှာ သန့်ရှင်းတဲ့ သောက်သုံးရေကို တစ်နှစ်ပတ်လုံး လုံလုံလောက်လောက် သုံးစွဲခွင့်ရနိုင်ဖို့ဆိုတာ အိပ်မက်တစ်ခုလို ဖြစ်ခဲ့ရတာပါ။ အခုတော့ ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်အစပ်က ကျေးရွာလေးတွေမှာ မျှော်လင့်ချက်အိပ်မက်တွေ တကယ် ပွင့်ဖူးလာခဲ့ပါပြီ။ သန့်ရှင်းတဲ့သောက်သုံးရေ ရရှိမှုကြောင့် ကျေးရွာနေပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် များစွာ အထောက်အကူ ဖြစ်လာ စေတဲ့အပြင် လူနေမှုဘဝ အခြေအနေတွေဟာလည်း တိုးတက်လာခဲ့ပါပြီ။

နွေရာသီ ပူပြင်းခြောက်သွေ့ချိန်တွေမှာ လူဦးရေ ၁၅၈၀၊ အိမ်ခြေ ၂၉၄ အိမ်ရှိတဲ့ ရှမ်းပြည်နယ် တောင်ပိုင်း ဖယ်ခုံမြို့နယ်က ဖာလိုင်ကျေးရွာဟာ ရေရရှိမှုအတွက် နှစ်စဉ် အခက်ကြုံခဲ့ကြရပါတယ်။ အခုချိန်မှာတော့ အလှူရှင်တွေရဲ့ စေတနာ၊ ပညာရှင်တွေရဲ့ ကြိုးပမ်းမှု၊ ဒေသခံတွေရဲ့ စည်းလုံးမှုကြောင့် ကျေးရွာလေးကနေ ပေ ၆၀၀၀ ကျော်ဝေးတဲ့ ရေထွက်တစ်ခုကနေ ရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဖာလိုင်ကျေးရွာသာမကပါဘူး။ အခြားသော ကျေးရွာခြောက်ရွာတို့မှာလည်း သန့်ရှင်းသောသောက်သုံးရေကို မကြာမီအချိန်အတွင်း ရရှိနိုင်ဖို့ ကြိုးပမ်းနေကြတာကိုလည်း သိရပါတယ်။

"ကိုယ်တတ်သိထားတဲ့ အတွေ့အကြုံနဲ့ စိန်ခေါ်မှု များပြားလှတဲ့ လုပ်ငန်းအခြေအနေတွေ ပြဿနာတွေကို အောင်အောင်မြင်မြင် ဖြေရှင်းပေးခဲ့တဲ့အတွက် ဒေသခံတွေရဲ့ ကျေးဇူးတင်ရှိမှုက ပင်ပန်းခဲ့သမျှ ဝမ်းသာပီတိ ဖြစ်သွားခဲ့ရတယ်"လို့ အဆိုပါ ရေရရှိရေးအတွက် ပညာရှင်အဖြစ် ဆောင်ရွက်ပေးခဲ့သူ ရေအရင်းအမြစ်ပညာရှင် ဆရာဦးခင်မောင်ဝင်းက ဆိုပါတယ်။

လိုအပ်ချက်များဖြည့်ဆည်း

"စီမံကိန်းကတော့ Rotary Club of Central Yangon (RCCY)အဖွဲ့ကနေ ဦးဆောင်ပြီး တောင်ပေါ်ဒေသက သောက်သုံးရေခက်ခဲတဲ့ အရပ်တွေမှာ ရေရရှိရေးအတွက် ဆောင်ရွက်ချက်တွေပဲဖြစ်ပါတယ်။ Rotary Club ဆိုတာက တစ်ကမ္ဘာလုံးရဲ့ မြို့တွေအတော်များများမှာ ဖွဲ့စည်းထားတဲ့ အဖွဲ့တွေပါ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ မြန်မာလူမျိုးတွေ စုပေါင်းပြီးတော့လည်း Rotary Club of Central Yangon(RCCY)အပြင် မြန်မာနိုင်ငံရဲ့ ဒေသအချို့မှာလည်း Rotary Club များ ဖွဲ့စည်းထားရှိပါတယ်။ နိုင်ငံတကာ ထောက်ပံ့ငွေတွေကို ရရှိနိုင်ဖို့ ကြိုးပမ်းကြပြီး ကျေးလက်ဒေသတွေက လိုအပ်ချက်တွေကို ကျွန်တော်တို့ ဖြည့်ဆည်းပေးနေပါတယ်"လို့ ဦးခင်မောင်ဝင်းက ရှင်းပြပါတယ်။

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ကျေးရွာ ခုနစ်ရွာမှာ သန့်ရှင်းတဲ့သောက်သုံးရေ ရရှိနိုင်ဖို့အတွက် ပညာရှင်တွေ၊ ဒေသခံတွေ အားလုံးစုစည်းပြီး ရေအရင်းအမြစ်တွေ ဘယ်ကရရှိနိုင်မလဲနဲ့ ကျေးရွာကို ဘယ်လို သယ်ယူနိုင်ကြမလဲဆိုတာတွေကို လေ့လာဆန်းစစ် အဖြေရှာခဲ့ကြတာဖြစ်ပါတယ်။

"ကယားပြည်နယ်မှာ တစ်ရွာနဲ့ ရှမ်းပြည်နယ် တောင်ပိုင်းအတွင်းမှာ ခြောက်ရွာ စုစုပေါင်း ခုနစ်ရွာ လေ့လာပြီးတဲ့အခါ ရေရရှိနိုင်ဖို့ ဘယ်လိုလုပ်ဆောင်သင့်တယ်ဆိုတဲ့ အကြောင်း Rotary Club ကို ပြန်ပြီး ညှိနှိုင်းတာ၊ ကုန်ကျစရိတ်တွက်ချက်တာနဲ့ ဆောင်ရွက်မှုအပိုင်းတွေကို ရေးဆွဲပေးခဲ့ပါတယ်။ အဲဒီလိုနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အလှူရှင်တွေရဲ့ ပံ့ပိုးမှုကြောင့် ပထမဆုံး စီမံကိန်းအနေနဲ့ ဖာလိုင်ကျေးရွာမှာ ရေပေးဝေရေး စီမံကိန်းတစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ဒုတိယမြောက် ဆောင်ရွက်သွားမယ့် ကျေးရွာကတော့ ကယားပြည်နယ်အတွင်းက ဒေါတမကြီးကျေးရွာဖြစ်ပြီး ဩဂုတ်လအတွင်း ရေရရှိရေးအတွက် စတင်ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်"လို့ ဦးခင်မောင်ဝင်းက ရှင်းပြပါတယ်။

ရေရှည်တည်တံ့စေဖို့

အဲဒီကျေးရွာတွေဟာ တစ်ချိန်က ဝေးလံခေါင်သီတဲ့ ဒေသတွေ ဖြစ်ခဲ့ပြီး အခြေခံအဆောက်အအုံတွေလည်း ရရှိဖို့ ခက်ခဲခဲ့တာပါ။ လက်ရှိမှာလည်း ဖာလိုင်ကျေးရွာက လျှပ်စစ်မီးမရရှိသေးတဲ့ ကျေးရွာများထဲမှာ ပါဝင်ပါတယ်။ အိမ်ထောင်စုတစ်စုချင်းရဲ့ ဝင်ငွေဟာလည်း အတော်နည်းပါးပြီး တောင်ယာလုပ်ငန်းတွေနဲ့ အသက်မွေးကြတာကို တွေ့ရပါတယ်။

"ဒီလိုစနစ်တွေ တည်ဆောက်ဖို့ ရွာကအင်အားနဲ့ ဆောင်ရွက်ဖို့က သိပ်မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အလှူရှင်တွေ လိုအပ်တာပါ။ ဒီလိုလုပ်တဲ့အခါမှာလည်း Global Grant အနေနဲ့ ရရှိအောင် လျှောက်တဲ့အခါ လှူလိုက်တဲ့ အလှူငွေတွေက ဒီကျေးရွာရဲ့ ရေရရှိရေးကိစ္စမှာ ရေရှည်တည်တံ့ခိုင်မြဲပြီး ဒီစနစ်က ရွာအတွက် တကယ် အကျိုးရှိတဲ့အလှူဖြစ်ဖို့အတွက် စနစ်တကျ အကောင်အထည်ဖော်ဖို့ Rotary Club အနေနဲ့ရော၊ ကျွန်တော်တို့လို ဆန်းစစ်ဆောင်ရွက်သူတွေကပါ သတ်မှတ်ထားတဲ့ ညွှန်ကြားချက်တွေအတိုင်း ဆောင်ရွက်ရတာဖြစ်ပါတယ်"လို့ သူက ဆက်ပြောပါတယ်။

လှူဒါန်းမှုတွေ ရေရှည်တည်တံ့ဖို့နဲ့ ကျေးရွာအတွက်၊ ကျေးရွာဒေသခံတွေအတွက် ဘယ်လောက် အတိုင်းအတာအထိ အကျိုးရှိမလဲ ဆိုတာတွေကိုလည်း တိတိကျကျ လေ့လာဆန်းစစ်ခဲ့တာဖြစ်ပါတယ်။ ရေရရှိပြီးတဲ့ နောက်ပိုင်းမှာ ဒေသခံတွေ ရေကို ဘယ်လိုအကျိုးရှိအောင် သုံးကြမလဲဆိုတာကိုလည်း စနစ်တကျ သင်ကြားလေ့ကျင့်ပေးခဲ့တယ်လို့ သိရပါတယ်။

"ရေနဲ့ပတ်သက်တဲ့ အကျိုးကျေးဇူးတွေနဲ့ ရေကို ဘယ်လို အကျိုးရှိအောင် သုံးစွဲမလဲ၊ ဘယ်လိုသုံးစွဲခြင်းအားဖြင့် ကျန်းမာရေးနဲ့ လူမှုဘဝတွေမှာ ဘယ်လို အကျိုးကျေးဇူးတွေ ရရှိမလဲ ဆိုတာတွေကို သင်ကြားပေးခဲ့တာ ရှိပါတယ်။ အလှူရှင် နိုင်ငံတကာအဖွဲ့အစည်းက တကယ်

ရေရရှိရေးလုပ်ငန်းများ ပြီးစီးလုပြီဖြစ်သော ဖာလိုင်ကျေးရွာမှ ဒေသခံပြည်သူများ

အကျိုးဖြစ်ထွန်းတဲ့ အသီးအပွင့်တွေကို တွေ့လိုပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းမှုဦးစီးဌာနနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့က ထုတ်ဝေတဲ့ ကျန်းမာရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး ပညာပေးစာစောင်နဲ့ ယင်လုံအိမ်သာ ဆောက်လုပ်၊ သုံးစွဲ၊ ထိန်းသိမ်းရေး လမ်းညွှန်စာစောင်၊ USAID၊ UN-HABITAT နှင့် SHAE THOT(ရှေ့သို့)တို့က ထုတ်ဝေတဲ့ ကျေးရွာအဆင့် သောက်သုံးရေ လုံခြုံစိတ်ချရေးစီမံချက် (သင်တန်းလက်စွဲ)စာအုပ်အရ ရေတွင်းရေကန်တွေကို ဘယ်လို ထိန်းသိမ်းစောင့်ရှောက်မလဲ၊ ရေတွင်း၊ ရေကန် ပတ်ဝန်းကျင်ကို ဘယ်လို သန့်ရှင်းအောင် ထားရမလဲ၊ တစ်ကိုယ်ရေကျန်းမာရေးအတွက် ဘယ်လိုအသုံးပြုမလဲ အပြင် စက်ပစ္စည်းတွေ၊ ပိုက်လိုင်းတွေကို ဘယ်လို ထိန်းသိမ်းစောင့်ရှောက်မလဲဆိုတဲ့ အပိုင်းကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ ကျေးရွာရေရရှိရေးကို အဘက်ဘက်က စနစ်တကျနဲ့ ပြည့်စုံအောင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်" လို့ ဦးခင်မောင်ဝင်းက ဆက်ပြီး ရှင်းပြပါတယ်။

လက်ရှိအချိန်မှာ ဖာလိုင်ကျေးရွာရဲ့ သန့်ရှင်းသောသောက်သုံးရေရရှိရေး စီမံကိန်းဟာ ၉၅ ရာခိုင်နှုန်းလောက် ပြီးစီးခဲ့ပြီဖြစ်ပြီး ယခုလကုန်ပိုင်းမှာ ကျေးရွာကို အခမ်းအနားနဲ့ လွှဲပြောင်းပေးမယ်လို့ Rotary Club of Central Yangon(RCCY)မှ သိရပါတယ်။ အိမ်ခြေ ၂၉၄ အိမ်ရှိတဲ့ ဖာလိုင်ကျေးရွာလေးဟာ လျှပ်စစ်မီး မရရှိသေးပေမယ့် ရှမ်းပြည်နယ် ပင်လောင်းမြို့ကနေ ကျေးရွာချင်းဆက်တဲ့ ကတ္တရာလမ်း၊ ကျောက်ခင်းလမ်းတွေကို ဖြတ်ကျော်ပြီး သွားရောက်နိုင်သလို ကယားပြည်နယ် ဒီးမောဆိုမြို့နယ်ဘက်ကလည်း ဖြောင့်ဖြူးတဲ့ ကတ္တရာလမ်း ပေါက်နေပြီဆိုတာ မြင်တွေ့ရပါတယ်။

မြေအောက်ရေစီးကြောင်းတွေကို အားကိုးနေရ

"အရင်ကလည်း ရေနံကုမ္ပဏီတစ်ခုဖြစ်တဲ့ Petronas နဲ့ ကန်ဘောက်ဒေသဘက်မှာ နွေရာသီရေရှားတဲ့ ကိစ္စတွေအတွက် လေ့လာဆန်းစစ်မှုတွေ လုပ်ခဲ့ရဖူးတယ်။ အဲဒီတုန်းကတော့ လုပ်ငန်းရဲ့ CSR အနေနဲ့ လုပ်ဆောင်ကြတာဖြစ်လို့ ကျေးရွာတွေ၊ ရေထွက်တဲ့နေရာတွေအထိ ရောက်ခဲ့ဖူးတဲ့ အတွေ့အကြုံတွေ ရှိပါတယ်။ ကျွန်တော်တို့ မြို့ပြဒေသတွေမှာ လူတွေအတွက် သန့်ရှင်းသောသောက်သုံးရေရရှိဖို့ နိုင်ငံတကာအထောက်အပံ့တွေရော၊ နိုင်ငံတော်အထောက်အပံ့တွေရော အများကြီး လုပ်ဆောင်ကြတာပါ။ ကျေးလက်တွေမှာဆိုရင်တော့ မြေပြန့်ဒေသနဲ့ တောင်ပေါ်ဒေသ ကွာခြားမှုတွေရှိပါတယ်။ မြေပြန့်ထက် တောင်ပေါ်ဒေသတွေရဲ့ ကျေးလက်တွေမှာ ရေရရှိမှုက အခက်အခဲတွေ အများကြီး ရှိနေပါတယ်" လို့လည်း ဦးခင်မောင်ဝင်းက သူ့အမြင်ကို ပြောပါတယ်။

တောင်ပေါ်ဒေသတွေမှာ အများအားဖြင့် မြေသားထက် ကျောက်သားနဲ့ ဖွဲ့စည်းထားတဲ့ မြေမျက်နှာ အသွင်အပြင်တွေ ရှိတတ်ပါတယ်။ မိုးရွာတဲ့အခါ အများအားဖြင့် မိုးရေတွေဟာ မြေပေါ်မကျန်ခဲ့ဘဲ မြေကြီးထဲကို စိမ့်ဝင်သွားပြီး အဆင်ပြေတဲ့နေရာအရောက်မှာ မြေအောက်ရေစီးကြောင်းအဖြစ် ပြန်လည်ထွက်ရှိလာပါတယ်။ အဲဒီရေထွက်တွေပေါ်မှာ အခြေပြုပြီး တောင်ပေါ်ကျေးရွာတွေဟာ သောက်သုံးရေကို ရရှိကြတာဖြစ်ပါတယ်။

"သဘာဝအရ တောင်ထိပ်ပိုင်းကိုတက်လာတဲ့ လေနဲ့အတူ ပါဝင်တဲ့ ရေငွေ့တွေဟာ တောင်ထိပ်မှာရှိတဲ့ သစ်ပင်တွေရဲ့ သစ်ရွက်တွေမှာ ရေငွေ့ဖွဲ့စည်းမှုကို ဖြစ်ပေါ်စေပါတယ်။ ဒါပေမယ့် ကမ္ဘာကြီးပူနွေးလာမှုတွေကြောင့် လေထုထဲမှာ ရေငွေ့နည်းပြီး စိုထိုင်းဆ နည်းလာတာနဲ့ တောင်ပေါ်ပိုင်းတွေမှာ သစ်ပင်တွေမရှိတော့တဲ့အတွက် ငွေ့ရည်ဖွဲ့စည်းမှုနဲ့အတူ တောင်ထိပ်ပိုင်းတွေမှာရှိတဲ့ မြေအောက်ရေစီးကြောင်းတွေ လျော့နည်းလာပါတယ်။ ဥပမာပြောရရင် မနက်စောစော တောတောင်တွေပေါ် ရောက်တဲ့အခါ အေးတဲ့အရသာကို ခံစားရနိုင်ပါတယ်။ သစ်ပင်တွေရဲ့အောက်မှာ ရေစိုနေတာတွေ၊ သစ်ရွက်ပေါ်က ရေစက်ကလေးတွေက မြေကြီးပေါ်ကို ကျတာတွေ မြင်ဖူးကြမှာပါ၊ အခုအချိန်မှာတော့ သစ်တောတွေပြုန်းတီးလာလို့ ဒီလိုမြင်ကွင်းမျိုးတွေ နည်းပါးလာနေပါတယ်။ ဆိုလိုတာကတော့ သစ်ပင်တွေဟာ အနည်းအကျဉ်းသော ရေငွေ့တွေကို ရေအဖြစ်ကို ပြောင်းပေးနိုင်တဲ့ ပုံစံမျိုးကို တောင်ထိပ်မှာ မတွေ့ရတော့ဘူး"လို့ ဦးခင်မောင်ဝင်းက ပြောပြပါတယ်။

တောင်ပေါ်မှာ သစ်ပင်တွေရှိမှ

တောင်ပေါ်ဒေသများမှာရှိတဲ့ ရေထွက်များဟာ စိတ်ဝင်စားဖွယ်ကောင်းပြီး အပင်များရှိနေခြင်းကပင် တောင်ပေါ်ရှိ ရေထွက်စမ်းများအတွက် များစွာ အထောက်အကူဖြစ်စေသလို သစ်ပင်တွေက လေမှာကြွင်းကျန်လျက်ရှိတဲ့ ရေငွေ့များကို ရေစက်တွေအဖြစ် မြေပေါ်ကျဆင်းလာစေတယ်လို့ သိရပါတယ်။ အခုအချိန်မှာတော့ တောင်ပေါ်ဒေသ ကျေးလက်အများစုဟာ နွေအခါမှာ ရေထွက်စမ်းတွေ ခမ်းခြောက်ကုန်တဲ့အတွက် ရေရှားပါးမှု အခက်အခဲတွေနဲ့ ကြုံတွေ့လာရတာဖြစ်ပါတယ်။ ဒါဟာ တောင်တွေပေါ်မှာ တောင်ယာတွေအတွက် သစ်ပင်တွေ အလွန်အကျွံ ခုတ်ယူတာ၊ သဘာဝသစ်တောတွေ ပြုန်းတီးရတာတွေကြောင့် ဖြစ်တယ်လို့ ပညာရှင်တွေက သုံးသပ်ထားကြပါတယ်။

"ဒါကြောင့်လည်း ကျွန်တော်တို့က ဖာလိုင်ကျေးရွာမှာ သစ်ပင် ၂၅၀၀ ကို ပြန်လည်စိုက်ပျိုးပေးဖို့ စီစဉ်လျက်ရှိပါတယ်။ ဒေသခံတွေကလည်း ကျွန်တော်တို့ ရှင်းပြတာတွေကို လက်ခံနားလည်တယ်။ ကျေးရွာက တာဝန်ရှိသူတွေကလည်း သစ်ပင်တွေစိုက်ကြဖို့ စည်းရုံးလှုံ့ဆော်ကြပါတယ်။ ဒေသခံတွေအနေနဲ့ သူတို့ရွာရဲ့ ရေရရှိရေးသည် တောင်ပေါ်တွေမှာ သစ်ပင်ရှိမှဖြစ်မယ်ဆိုတာကို သိရှိသွားကြတာက သောက်သုံးရေအခက်အခဲအတွက် အဆင်ပြေစေမယ့် ရေရှည်တည်တံ့တဲ့ နည်းလမ်းကောင်းတစ်ခုပါပဲ" လို့ ဦးခင်မောင်ဝင်းက သုံးသပ်ပြပါတယ်။

ကမ္ဘာပေါ်က ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ လူတစ်ယောက်ရဲ့ တစ်ရက် ရေသုံးစွဲမှု ပမာဏဟာ ဂါလန် ၅၀ ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ မြို့ပြဒေသတွေမှာ နေထိုင်သူတွေကတော့ ပညာရှင်တွေရဲ့ လေ့လာဆန်းစစ်မှုအရ လူတစ်ယောက်ဟာ တစ်ရက်မှာ ရေ ၂၅ ဂါလန်ကနေ ၃၀ အကြား သုံးစွဲကြတယ်လို့ သိရပါတယ်။ ဒါပေမယ့် ကျေးလက်နေပြည်သူတွေနဲ့တော့ အတော်လေး ကွာခြားမှုရှိနေပါတယ်။ အချို့သော တောင်ပေါ်ဒေသတွေရဲ့ နွေကာလတွေမှာ သုံးရေကိုတောင် နှိုင်းနှိုင်းဆဆနဲ့ သုံးစွဲနေကြရတာကိုလည်း မြင်တွေ့ရပါတယ်။ အချို့ဒေသတွေမှာ ပုံမှန် မိသားစု တစ်စုရဲ့ တစ်ရက် ရေသုံးစွဲမှုဟာ မြို့ပြနေထိုင်သူတစ်ဦးရဲ့ တစ်ရက်စာ ရေသုံးစွဲမှုလောက်သာ ရှိပါတယ်။ ဒါကြောင့် သန့်ရှင်းသောသောက်သုံးရေ မရရှိခြင်းရဲ့ အကျိုးဆက်တွေဖြစ်တဲ့ တစ်ကိုယ်ရေကျန်းမာသန့်ရှင်းမှု အပါအဝင် ရေနဲ့ပတ်သက်တဲ့ ရောဂါဘယတွေ ဖြစ်မှန်းမသိ ဖြစ်တတ်ကြတယ်လို့ သိရပါတယ်။

"ရေကို လုံလုံလောက်လောက် ရရှိတော့မယ်ဆိုတာ မြင်ရလို့ သူတို့အားလုံး ပျော်ရွှင်သွားကြတဲ့ မြင်ကွင်းက ကျွန်တော်တို့ ပင်ပန်းသမျှ ပြေပျောက်ပါတယ်။ ကလေးတွေ ကျန်းကျန်းမာမာနဲ့ နေထိုင်နိုင်ကြဖို့ ကျေးလက်ဒေသတွေမှာ ရေရှည်တည်တံ့ပြီး ကျေးရွာတွေအတွက် အမှန်တကယ် အကျိုးရှိစေတဲ့ ရေရရှိမှုတွေဖြစ်အောင် အားလုံး ပူးပေါင်းဆောင်ရွက်ပေးကြမယ်ဆိုရင် အကောင်းဆုံးပါပဲ" လို့ ဦးခင်မောင်ဝင်းက ပြောပါတယ်။

ဖာလိုင်ကျေးရွာသားတွေကတော့ သူတို့အတွက် သန့်ရှင်းတဲ့သောက်သုံးရေ ရလာခဲ့တာမို့ ပျော်ရွှင်စွာနဲ့ ရေစုကန်ကြီးကို ဝိုင်းဖွဲ့ကြည့်ရှုနေကြပါပြီ။ အခြားသော တောင်ပေါ်ဒေသက ကျေးရွာများအားလုံးဟာလည်း သန့်ရှင်းတဲ့သောက်သုံးရေတွေ ရရှိဖို့အတွက် ပြည်တွင်းပြည်ပက ရေအလှူရှင်များကို စောင့်မျှော်နေပြီဆိုတာကတော့ အသေအချာပါပဲ။ ။

(ဦးခင်မောင်ဝင်းသည် ရေနှင့် ရေဆိုးသန့်စင်မှုဆိုင်ရာ Engineer လုပ်ငန်းများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းများကို Myanmar Water Engineering and Products ကုမ္ပဏီလီမိတက်၏ Managing Director အဖြစ် နှစ်ပေါင်း ၃၀ ခန့် လုပ်ကိုင်ခဲ့သည်။ ယခုအခါ အကြံပေးပညာရှင်အနေဖြင့် ရန်ကုန်စည်ပင်သာယာရေး ကော်မတီတွင်လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနတွင်လည်းကောင်း၊ ဧည့်ပါမောက္ခနှင့် Supervisor အဖြစ် ရန်ကုန် နည်းပညာ တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင်လည်းကောင်း လုပ်ကိုင်ပေးလျက် ရှိသည်။ နိုင်ငံတော်၏ မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင်လည်း အကြံပေးပညာရှင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။)

ဒေသခံတွေအနေနဲ့ သူတို့ရွာရဲ့ ရေရရှိရေးသည် တောင်ပေါ်တွေမှာ သစ်ပင်ရှိမှဖြစ်မယ်ဆိုတာကို သိရှိသွားကြတာက သောက်သုံးရေ အခက်အခဲအတွက် အဆင်ပြေစေမယ့် ရေရှည်တည်တံ့တဲ့ နည်းလမ်းကောင်းတစ်ခုပါ

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 14U/6676 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/5882 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/3924 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/7211 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1756 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/3380 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/6889 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/46413, Yamaha Ray–110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မေရီ ၁၂/သခန(နိုင်)၁၀၉၇၇၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကလေးမြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/28618, New Anbo–125 ယာဉ်လက်ဝယ်ရှိသူ ဦးဇလိန် ၅/ကလထ(နိုင်)၀၅၃၇၁၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကလေးမြို့)

ဆောက်လုပ်ရေးဝန်ကြီးဌာန
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး၊ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ ပြ)ရုံး၊ တယ်လီဖုန်း နံပါတ်(၀၇၁–၂၆၃၅၉) သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီး၊ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်–

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် – ၆–၇–၂၀၂၀ရက်
(ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက် – ၁၃–၇–၂၀၂၀ရက်
(ဂ) တင်ဒါစာအိတ်များနှင့် တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့်ရက် – ၁၄–၇–၂၀၂၀ရက် နံနက်၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
(ဃ) တင်ဒါစာအိတ်များနှင့်တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့်နေရာ – တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
(င) တင်ဒါစိစစ်မည့်ရက် – ၁၅–၇–၂၀၂၀ရက် နံနက် ၁၀ နာရီ
(စ) တင်ဒါစိစစ်မည့်နေရာ– တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တယ်လီဖုန်း– ၀၇၁–၂၆၃၅၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်(၁၀၉၇) ဟုခေါ်တွင်သော ဂရန်မြေအမျိုးအစား ပေ (၄၀ x ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဖိုးစိန်(ခ)မာမက်ဟူစိန် ၁၂/ဗဟန(နိုင်)၀၀၁၁၂၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေအချို့ကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
Cing
ဒေါ်ဝုန်ခေါ်လ်ကျိန်၅/ကလတ(နိုင်)၁၂၉၃၁၆

ဦးအောင်ကျော်မြင့်(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်–၁၅၁၈၃/၁၃–၁၂–၁၈)
အမှတ်(၄၇၈)၊ ခမ္ဘာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့
ဖုန်း–၀၉–၄၂၀၀၅၁၇၈၅

ကန့်ကွက်နိုင်ပါကြောင်း

ပခုက္ကူမြို့၊ (၁၁)ရပ်ကွက်၊ (၁၆)လမ်း၊ အကွက်အမှတ်(၅/ခန့်တောဝက်စု)၊ မြေကွက်အမှတ် ၁၀၈၊ ဧရိယာဧက(၀.၁၁၃)ကေရှိ မြေကွက်၊ ပခုက္ကူမြို့၊ (၁၅)ရပ်ကွက်၊ (၈) လမ်း၊ အကွက်အမှတ်(၈/ဆင်ပေါက်လုဇရပ်)၊ မြေကွက်အမှတ် ၂၃၆၊ ဧရိယာ(၀.၁၁၃)ကေမြေကွက်များမှာ ၁၉၇၈–၁၉၈၁ ခုနှစ်အထိ (၃)နှစ်လိုင်စင်ဖြင့် မြေကွက်အမှတ် ၁၀၈ အား ဦးမြင့်ကို အမည်ဖြင့် ၎င်းမြေကွက်အမှတ် ၂၃၆အား ဦးတင်မောင်အမည်ဖြင့် ချထားပေးခဲ့သည့် စာရွက်စာတမ်းများမှာ ပျောက်ဆုံးနေပါသည်။ အဆိုပါမြေကွက်များထဲမှ မြေကွက်အမှတ် ၁၀၈ကို ဦးမြင့်ကိုထံမှ ၂၀၀၂ ခုနှစ်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မီခိုင်မှလည်းကောင်း၊ မြေကွက်အမှတ် ၂၃၆ကို ဦးတင်မောင်ထံမှ ၂၀၀၂ ခုနှစ်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်နိုင်မှဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇင်မီခိုင်နှင့် ဦးကျော်နိုင်တို့အနေဖြင့် အမည်ပေါက်ဂရန်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူရှိပါက (၁၅–၆–၂၀၂၀)ရက်မှ (၂၆–၆–၂၀၂၀)ရက်အထိ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါ။ ၎င်းပြင် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာထည့်သည့်ရက်မှ (၂) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်လိုသူမရှိပါက ဂရန်လျှောက်ထားမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးစိန်ဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၄၈၈၈)
ငါးကြင်းလမ်း၊ (၁၂)ရပ်ကွက်၊ ပခုက္ကူမြို့
ဖုန်း–၀၉–၉၇၄၅၈၁၁၀၆

ကန့်ကွက်နိုင်ပါကြောင်း

ကလေးဝမြို့၊ (၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၉/အောင်ရတနာ)၊ ဦးပိုင်အမှတ်(၂၃)၊ မြေဧရိယာ ၀.၁၁၃မ ၃၁၄ဧက ရှိ မြေကွက်သည် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အမည်ဖြင့် (၁၀)နှစ်မြေငှားဂရန် စာချုပ်ရရှိထားပြီး မြေငှားဂရန်မူရင်းမှာ ရေကြီး ရေလျှံစဉ်က ပျောက်ဆုံးသွားပါသဖြင့် မိတ္တူကူးယူခွင့်ပြုပေးပါရန် တင်ပြလာမှုအပေါ် လျှောက်ထားမြေကွက်သည် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အမည်ပေါက်ရရှိထားသော မြေကွက်ဖြစ်ပြီး အဆိုပါလျှောက်ထားလာမှုအပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (မိတ္တူ) ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ကော်လိတ္တော် အရာရှိ
ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန
ကလေးမြို့

သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်
ဂေါပကအဖွဲ့ရုံး
၁။ ရွှေမိုက်နှင့် ရွှေလှောင်လိပ်
၂။ မြောင်းစာမိုက်နှင့် ရွှေမိုက်ကန်ထွက် ပစ္စည်းများ ရောင်းချရန်
အိတ်ဖွင့်တင်ဒါ(OPEN TENDER)ခေါ်ယူခြင်း

၁။ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကစံဆံတော်ရှင်စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါ၍ ဘေးထွက်ပစ္စည်းများဖြစ်သော (က) ရွှေမိုက်နှင့် ရွှေလှောင်လိပ်၊ (ခ)မြောင်းစာမိုက်နှင့် ရွှေမိုက်ကန်ထွက်ပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း (နံနက် ၉နာရီမှ ညနေ ၃နာရီအထိ) ကျိုက္ကစံစေတီတော် ဂေါပကအဖွဲ့ရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက်	– ၁–၇–၂၀၂၀ရက်
တင်ဒါနောက်ဆုံးရောင်းချမည့်ရက်	– ၇–၇–၂၀၂၀ရက်၊ ညနေ ၄ နာရီ
တင်ဒါဖွင့်ဖောက်မည့်ရက်	– ၁၅–၇–၂၀၂၀ရက်၊ မွန်းလွဲ ၁ နာရီ
နေရာ	– နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၊ အင်္ဂါထောင့်

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဖုန်း–၀၉–၂၅၄၇၃၇၃၀၅

ဦးမောင်မောင်အုန်းမြိုင် (ဆရာအုန်း)

၁။ အင်္ဂလိပ် ⟷ မြန်မာ ဘာသာပြန် လုပ်ငန်းဌာန
၂။ အင်္ဂလိပ် ⟷ မြန်မာ ဘာသာပြန်ဆိုနည်း သီးသန့်သင်တန်း

အမှတ်(၇၈)၊ ပထမထပ်၊ ၃၇–လမ်းအောက်၊ ရန်ကုန်မြို့။
:09-43074815 ☎: 01-8249898

အမည်ပြောင်း

ဦးအောင်မင်း ၁၄/ပသန(နိုင်)၀၄၁၃၅၅ ၏သား မောင်အောင်ဘုန်းမြတ် (ပဥ္စမတန်း)အား မောင်ရှိုင်းဝေယံအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရှိုင်းဝေယံအောင်
(တာချီလိတ်မြို့)

မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့နယ်၊ မိုင်းမောကျေးရွာနေ ဦးအောင်ဝင်း ၏သမီး ဒေါ်အိအိအောင် ၉/မသန(နိုင်)၁၂၃၈၃၂ ၏ မွေးသက္ကရာဇ်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ (၁–၁–၁၉၈၇)မှာ အမှန်ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/50138, Yamaha Ray–150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကိုဦး ၈/ပခက(နိုင်)၂၄၃၂၇၅ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/73686, V–Anbo–125M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကျော် ၉/မရတ(နိုင်)၀၃၄၆၇၉ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၉ခုနှစ် တရားမအထွေထွေမှုအမှတ်–၈၇

ဦးမောင်မောင်ဦး — နှင့် — ၁။ မသီတာအေး
၂။ မဘုံ(ခ)မစန်းစန်းငွေ

လျှောက်ထားသူ — လျှောက်ထားခံရသူများ

မဘုံ(ခ)မစန်းစန်းငွေ ကျောက်ချောကျေးရွာ၊ ရွှေစာရံကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

အထက်အမည်ပါ ဦးမောင်မောင်ဦးက တရားမကျင့်ထုံးဥပဒေအမိန့်၂၁၊ နည်းဥပဒေ ၅၈ အရ ပညတ်မိန့်ဝရမ်းခွာလိုမှုလျှောက်ထားသည် ဖြစ်၍၊ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက် မွန်းမတည့်မီ ၉:၃၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင ် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ပြည့်နှစ် ဇွန် ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင့်တင့်ဌေး)
ဒုတိယခရိုင်တရားသူကြီး(၇)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းမြောက်(၂၃)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၈၁၆)၊ မြေဧရိယာ ပေ(၄၀ x၆၀)ကျယ်ဝန်းသော မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်သူ ဦးဝေဠု ၁၂/ဗဟန(နိုင်)၀၁၆၆၇၂ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်နွယ်ဦး
အမှတ်(၂၄၄)၊ ဗားကရာလမ်း၊ မြေနီတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်
ဖုန်း–၀၉–၈၉၇၆၈၅၅၁

ထိမ်းမြားလက်ထပ်ပြီးစီးကြောင်း

ရန်ကုန်မြို့နေ
မောင်ရာဇာမင်းထိုက် B.A(LL.B)
နှင့်
ရန်ကုန်မြို့နေ
မမွန်ရည်သန်းအေး B.Sc(Computing)
တို့သည် နှစ်ဖက်သော မိဘများရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

မောင်ရာဇာမင်းထိုက်–မမွန်ရည်သန်းအေး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃) ရပ်ကွက်၊ မြေတိုင်းလမ်း၊ မြေကွက်အမှတ်(၁၁၆၄)၊ ဧရိယာ (ပေ ၄၀x ပေ၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကိုပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာမြင့် ၇/ပမန(နိုင်)၀၀၄၃၄၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်–၂၆၆၁၈/၀၇)
(ရုံး)တက်နေဝင်း အိမ်ခြံမြေ ကုမ္ပဏီ လီမိတက်၊ ကျောင်းလမ်းမှတ်တိုင်၊ ပင်လုံလမ်းမကြီး၊
မြောက်ဒဂုံမြို့နယ်၊
ဖုန်း–၀၉–၈၉၂၀၉၀၁၇၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ မြေကွက်အမှတ်(၄၄၆/ခ)၊ မြေဧရိယာ ပေ(၂၀ x ၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြအောင် ၁၁/မတန(နိုင်) ၀၀၀၇၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဇာလှိုင် ၇/နတလ(နိုင်)၁၂၂၀၈၇က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကျော်ကျော်မိုး (LL.B)
အထက်တန်းရှေ့နေ(စဉ်–၂၆၆၁၈/၀၇)
(ရုံး)တတ်နေဝန်းအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်
ပင်လုံလမ်းမကြီး(ကျောင်းလမ်းမှတ်တိုင်)၊ မြောက်ဒဂုံမြို့နယ်
ဖုန်း–၀၉–၈၉၂၀၉၀၁၇၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄) ရပ်ကွက်၊ ဘယသုတ္တိလမ်း၊ မြေကွက်အမှတ်(၈၂၉)၊ ဧရိယာ (ပေ၄၀x ပေ၆၀)ရှိ ဦးကြည်မောင် အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဟိန်းလတ်ဇော် ၉/မထလ(နိုင်)၂၃၀၉၀မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကျော်ကျော်မိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်–၂၆၆၁၈/၀၇)
(ရုံး)တက်နေဝန်း အိမ်ခြံမြေ ကုမ္ပဏီလီမိတက်၊ကျောင်းလမ်းမှတ်တိုင်၊ ပင်လုံလမ်းမကြီး၊
မြောက်ဒဂုံမြို့နယ်၊
ဖုန်း–၀၉–၈၉၂၀၉၀၁၇၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကျောက်ဖြူကျေးရွာအုပ်စု၊ ကျောက်ဖြူကျေးရွာ၊ ကွင်း/အကွက် အမှတ်(၅၇၈/ကျောက်ဖြူကွင်း)၊ ဦးပိုင်အမှတ်(၆၅)၊ မြေဧရိယာ (၀.၁၁၃မ၀၆၆)ဧကရှိ မြေကွက်အား ဒေါ်စန်းစန်းဝင်း အမည်ဖြင့် လူနေထိုင်ရန်အတွက် (၁၀–၇–၂၀၁၆)ရက်မှ (၉–၇–၂၀၂၆)ရက်အထိ(၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်နှင့်ပတ်သက်၍ ဒေါ်စန်းစန်းဝင်း အမည်ဖြင့် ထုတ်ပေးခဲ့သည့် ကျေးရွာမြေငှားစာချုပ် ပျောက်ဆုံးသွား၍ မူရင်းခွဲမိတ္တူမှန် ပြန်လည်လျှောက်ထားလာခြင်းအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြမည့်သူမည်သူမဆို ယခုလျှောက်ထားလာခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ကြေငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လပွတ္တာမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်)၊ မြေကွက်အမှတ် (ဥ–၅၀၀၂)၊ အကျယ်အဝန်း (၁၁၀.၅x ၁၀၀)ပေခန့်၊ ဧရိယာ ၀ဒသမ၂၅၃ ဧကခန့်ရှိသည့် မြေကွက်သည် ဒေါ်ဥမ္မာကျော်(ဘ)ဦးချစ်ကျော် ၁၀/မလမ(နိုင်) ၁၄၃၁၉၁ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် အမည်ပေါက်ထားပြီး ၎င်းအမည်ပေါက်သူထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်မိတ်ဆွေ ဒေါ်နီလာညွန့် ၁၂/ကတတ(နိုင်)၀၀၄၂၅၉မှ စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အိမ်ဝိုင်းခြံမြေ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်မင်း (စဉ်–၁၃၉၀၂)၊ တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၀၄၀)၊၁၇လမ်း၊ပေါင်းလောင်း(၃)ရပ်ကွက်၊ပျဉ်းမနားမြို့
ဖုန်း–၀၉–၄၂၀၇၁၈၄၄၂၊၀၉–၄၄၂၂၆၁၆၁၆

မော်တော်ကားအမှတ် 3L/4070 Toyota RAV–4 အနက်ရောင် ကားပိုင်ဆိုင်မှု စာရွက်စာတမ်းများ ပျောက်ဆုံးကြောင်းကြေညာခြင်း

၅–၆–၂၀၂၀ရက်တွင် မော်တော်ကားအမှတ် 3L/4070 Toyota RAV–4 အနက်ရောင် မော်တော်ကားကို ရန်ကုန်ဘူတာကြီးတွင် ရပ်ထားသည့်အချိန် ယာဉ်ပေါ်တွင်ထားရှိသော မော်တော်ကားပိုင်ဆိုင်မှု လိုင်စင်စာအုပ်မူရင်း၊ အာမခံစာအုပ်မူရင်း၊ ရောင်းသူတစ်ခြမ်းထိုးစာချုပ်မူရင်း၊ ဆက်စပ်စာချုပ်မူရင်းများကို အိတ်ဖြင့်ထည့်ထားရာမှ ပျောက်ဆုံးသွားပါသည်။ အဆိုပါစာရွက်စာတမ်းများ တွေ့ရှိပါက ကြော်ငြာသူထံ ပြန်လည်ပေးအပ်ပါရန်ဖြစ်ပါသည်။ ပြန်လည်ပေးအပ်ပါက ထိုက်တန်စွာ ကျေးဇူးဆပ်မည်ဖြစ်ပါကြောင်း၊ တရားမဝင်လက်ရှိထားသူကို ဥပဒေအရဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးသန်းဦး
၁၂/ပဇတ(နိုင်)၀၁၄၉၂၀
အမှတ်(၄/၆၊ အခန်း(၄၀၄)၊ ၁၃၂လမ်းထိပ်၊
ကန်တော်ကြီးတာဝါ၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း–၀၉– ၉၆၀၇၆၀၇၁၇

ပြည်ထဲရေးဝန်ကြီးဌာန
တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ကော်မတီသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနတို့အတွက် လိုအပ်သော အဆောက်အအုံများဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါ အဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများနှင့်ပတ်သက်၍ Pofile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၂၉-၆-၂၀၂၀ ရက်မှစတင်၍ သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများအတွက် ၈-၇-၂၀၂၀ရက် ၉:၀၀နာရီမှ ၁၆:၀၀ နာရီအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ် ၈၊ အရှိန္ဒမာခန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသောဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂

(ခ) အကျဉ်းဦးစီးဌာန ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆

ဘဏ်လုပ်ငန်းဆိုင်ရာ
EOI(Expression of Interest)ခေါ်ယူခြင်းနှင့်
တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စားသုံးသူရေးရာဦးစီးဌာန၊ မူပိုင်ခွင့်ဌာနခွဲတွင် မူပိုင်ခွင့်ဆိုင်ရာမှတ်ပုံတင်လျှောက်လွှာတင်သွင်းခြင်း၊ အခကြေးငွေပေးသွင်း/လက်ခံခြင်း စသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုဆိုင်ရာ Online Payment စနစ်ဖြင့် ငွေပေးသွင်းခြင်း Transaction Report ပေးပို့ခြင်း၊မူပိုင်ခွင့်ဌာန၏ MEB Account သို့ ပေးသွင်းခြင်း၊Portal တွင် စာရင်းစစ်နိုင်ရန် ဆောင်ရွက်ခြင်း စသည့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဘဏ်လုပ်ငန်းဆိုင်ရာ EOI(Expression of Interest) စိတ်ဝင်စားမှုလျှောက်လွှာနှင့် တင်ဒါခေါ်ယူခြင်း (၅)နှစ်သက်တမ်းအား အောက်ပါအတိုင်းခေါ်ယူသွားမည်ဖြစ်ပါသည်-

(က)	**တင်ဒါပုံစံရောင်းချမည့်ရက်**	-	၂၉-၆-၂၀၂၀ ရက်မှ ၂၈-၇-၂၀၂၀ ရက်ထိ
(ခ)	**တင်ဒါတင်သွင်းရမည့်ရက်နှင့် တင်ဒါစည်းကမ်းချက်များရှင်းလင်းခြင်း**	-	၂၉-၇-၂၀၂၀ ရက်၊ ၁၃:၀၀ နာရီ ရုံးအမှတ်(၅၂)
(ဂ)	**လျှောက်လွှာများကြိုတင်စိစစ်ခြင်းနှင့် ဘဏ်များကရှင်းလင်းတင်ပြခြင်း**	-	၂၉-၇-၂၀၂၀ ရက်မှ ၅-၈-၂၀၂၀ ရက်ထိ ရုံးအမှတ်(၅၂)၊ ရုံးချိန်အတွင်း
(ဃ)	**တင်ဒါယှဉ်ပြိုင်ရမည့်ရက်/နေရာ**	-	၆-၈-၂၀၂၀ ရက်၊ ၁၃:၀၀ နာရီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊နေပြည်တော်
(င)	**Deposit ပေးသွင်းနိုင်သည့်ဘဏ်**	-	မြန်မာ့စီးပွားရေးဘဏ်၊နေပြည်တော်
(စ)	**Deposit တင်ပြရမည့်ရက်/နေရာ**	-	၂၉-၇-၂၀၂၀ ရက်၊၁၁:၀၀ နာရီ ရုံးအမှတ်(၅၂)

၂။ EOIလျှောက်လွှာတင်သွင်းရာတွင် ဘဏ်များအနေဖြင့် မိမိဘဏ်လုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သောအထောက်အထားများ၊e-payment ဆိုင်ရာ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ဌာန၏ Online စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ရန် အခြေအနေများအား ရှင်းလင်းတင်ပြရန်အတွက် Hard Copy , Soft Copy ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၀၆၇-၃၄၃၀၄၄၈၊၃၄၃၀၁၃၇၊၄၀၄၄၁၆ တို့သို့ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
တိုင်းဒေသကြီး/ပြည်နယ်များတွင်
လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး/စာရင်းကိုင်(၂)ရာထူး
နေရာများအတွက် ဖြေဆိုခွင့်ရရှိသူစာရင်း
ထုတ်ပြန်မည့်အစီအစဉ်ကြေညာခြင်း

၁။ ၉-၄-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် လျှောက်လွှာခေါ်ယူခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ဒုတိယဦးစီးမှူးရာထူး(၅၀)နေရာနှင့် စာရင်းကိုင်(၂)ရာထူး(၇)နေရာတို့အတွက် ဖြေဆိုရန်လျှောက်ထားသူများအား နေပြည်တော်တွင် ရေးဖြေစာမေးပွဲကျင်းပရန် စီစဉ်ထားသော်လည်း COVID 19 ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကန့်သတ်သည့်ကာလဖြစ်နေသဖြင့် ဖြေဆိုရန်လျှောက်ထားလာသည့် ပုဂ္ဂိုလ်များ၏ လျှောက်လွှာတွင် ဖော်ပြရေးသွင်းထားသော ဆက်သွယ်ရန်လိပ်စာပါ တိုင်းဒေသကြီး/ပြည်နယ်များအရ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ၌ ၁၂-၇-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ဌာနမှသတ်မှတ်ထားသည့် အရည်အချင်းကိုက်ညီသူများနှင့် စာရွက်စာတမ်း အထောက်အထားများပြည့်စုံသူများကို အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ရာ ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်း၊ ခုံအမှတ်နှင့်အတူ ဖြေဆိုကြရမည့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၏ လိပ်စာနှင့် တယ်လီဖုန်းနံပါတ်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Website ဖြစ်သော www.ecd.gov.mm နှင့် ရုံးချုပ် အင်တာနက် လူမှုကွန်ရက်စာမျက်နှာ Environmental Conservation Department-ECD၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ အင်တာနက်လူမှုကွန်ရက်စာမျက်နှာတို့တွင် ၁-၇-၂၀၂၀ ရက်၌ ကြေညာသွားမည်ဖြစ်ပါသည်။

၃။ ဖြေဆိုခွင့်ရရှိသူများ၏ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများနှင့် ဖြေဆိုရမည့်နေရာများအား သက်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ၁၀-၇-၂၀၂၀ ရက်မှစ၍ ဆက်သွယ်မေးမြန်းထုတ်ယူနိုင်ပါကြောင်းနှင့် အခက်အခဲတစ်စုံတစ်ရာရှိပါက ဦးစီးရုံးချုပ်၊ နေပြည်တော်တယ်လီဖုန်း ၀၆၇-၃၄၃၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့
လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့မှ ဝယ်ယူထားသော ၂၀၁၉- ၂၀၂၀ ခုနှစ်ထွက် မိုးစပါးမှကြိတ်ခွဲထားသည့် ဧည့်မထ ၂၅%ဆန် (Well milled, Polished) နှင့် ငစိန် ၂၅% ဆန် (Well milled, Polished) ဆန်များကို မျက်မြင်အခြေအနေအတိုင်း ပြည်တွင်းလုပ်ငန်းရှင်များသို့ တင်ဒါစနစ်ဖြင့် ပြန်လည်ရောင်းချမည်ဖြစ်ပါ၍ ဆန်ဝယ်ယူလိုသည့် လုပ်ငန်းရှင်များအား တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဧည့်မထ ၂၅% ဆန် (Well milled, Polished) - ၂၉၉၂၉ အိတ်
(ခ) ငစိန် ၂၅% ဆန် (Well milled, Polished) - ၁၆၁၈၇ အိတ်

၂။	**အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များရောင်းချမည့်ရက်၊ အချိန်**	-	၂၇-၆-၂၀၂၀ရက်မှ၂၇-၇-၂၀၂၀ရက် အထိနေ့စဉ်၉:၃၀နာရီမှ ၁၆:၃၀နာရီ အထိ
၃။	**အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ ရောင်းချမည့်နေရာ**	-	စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများ
၄။	**အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် ရက်၊ အချိန်**	-	၂၇-၇-၂၀၂၀ရက် ၁၃:၀၀နာရီ
၅။	**အိတ်ဖွင့်တင်ဒါ ပေးသွင်းရမည့်နေရာ**	-	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ရုံးအမှတ်(၃)၊ နေပြည်တော်

၆။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)တွင် လူကိုယ်တိုင်သွားရောက်၍သော်လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၀၂၀၄ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံစိစစ်ရေးအဖွဲ့

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
သတင်းအချက်အလက်နည်းပညာနှင့်
ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ်စဉ် (ITCSD-၂၆/၂၀၂၀)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ဂြိုဟ်တုဆက်သွယ်ရေးဌာနအတွက် အောက်ဖော်ပြပါ ဂြိုဟ်တုဆက်သွယ်ရေးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

Lot 1	9 Meter C-Band Antenna System	1	Set
Lot(2)	(1) TV Modulator (Digital)	2	Sets
	(2) 4.5 Meter Antenna (with RF Equipment Complete Set)	2	Sets
	(3) Digital HD Receivers	5	Sets
	(4) Circular Feed for DSGN Antenna	10	Nos
	(5) Remote TVRO	5	Nos

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၂၉-၆-၂၀၂၀ ရက် (တနင်္လာနေ့)
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်	-	၆-၇-၂၀၂၀ ရက် (တနင်္လာနေ့)
တင်ဒါပုံစံတင်သွင်းရမည့်ရက်	-	၂၄-၇-၂၀၂၀ ရက် (သောကြာနေ့) (မွန်းလွဲ ၂:၀၀ နာရီထိ)
တင်ဒါပုံစံရောင်းချမည့်နေရာ	-	ထောက်ပံ့ဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန (ITCSD), ရုံးအမှတ်(၂)၊ နေပြည်တော်
တင်ဒါတင်သွင်းရမည့်နေရာ	-	ထောက်ပံ့ဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန (ITCSD), ရုံးအမှတ်(၂)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ထောက်ပံ့ဌာန၊ ဖုန်း-၀၆၇-၃၄၀၇၇၅၃နှင့် ဂြိုဟ်တုဆက်သွယ်ရေးဌာန၊ ဖုန်း-၀၆၇-၃၄၀၇၇၁၃ များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ(ဆက်သွယ်ရေး)
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၁

၁။ ဦးဝင်းထိန် နှင့် ဦးစောလှ
၂။ ဒေါ်နွဲ့မြင့်ကြည်
တရားလိုများ **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဖိုးရာဇာ(၃)လမ်း၊ အမှတ်(၁၆၀၅)နေ ဦးစောလှ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၆ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ဝဏ္ဏ)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
လမ်း၊ တံတားဌာန
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီလမ်း၊ တံတားဌာနမှ လမ်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော Pre-heated Bulk Bitumen (60/70) (အသင့်ကျိုကတ္တရာအရည်ပြည့်) (၆၀/၇၀)အား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူ၍ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်ပါသည်-

(က)	**ဝယ်ယူမည့်ပစ္စည်း**	-	အသင့်ကျိုကတ္တရာအရည်ပြည့် (၆၀/၇၀)Pre-heated Bulk Bitumen (60/70)
(ခ)	**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်**	-	၂၀၂၀ ပြည့်နှစ် ဇွန် ၂၉ရက်
(ဂ)	**တင်ဒါပိတ်မည့်ရက်နှင့်အချိန်**	-	၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၈ရက် မွန်းတည့် ၁၂:၀၀ နာရီ
(ဃ)	**တင်ဒါရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ**	-	လမ်း၊ တံတားဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ
(င)	**တင်ဒါတစ်စုံရောင်းဈေးနှုန်း**	-	တစ်စုံလျှင် ကျပ် (၅၀၀၀၀/-)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်း၊ တံတားဌာန ဖုန်း-၀၂-၄၀၃၆၁၇၁၊ လိုင်းခွဲ-၁၅၇)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အိမ်အမှတ်(၂၈၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၂၈၃)၊ လူနေရပ်ကွက် အမှတ်(ဗမာအေး)၊ ဧရိယာ ၀ဒသမ၀၂၈ဧကေ၊ ၁၂၅၀စတုရန်းပေ၊ (အလျား ၂၅ပေXအနံ ၅၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတို့တွင် ဒေါ်သီတာမြင့် ၁၂/မရက(နိုင်)၀၁၆၈၉၄ အမည်ဖြင့်တည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ ၎င်းအမည်ပေါက် လက်ဝယ်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဦးနှစ်ဖက်ညှိနှိုင်းသဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေး
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၄၉)
အမှတ်(၃-ဘီ)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၁၁၈၇၅

အမှတ် ၈၂၊ ၃လွှာ(ယာ)၊ စကားဝါလမ်း၊
(က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီးတိုက်ခန်းနှင့်ပတ်သက်၍
အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးစံဖေလမ်း၊ အမှတ် ၄၂ နေ ဒေါ်မာလာဝင်း ၁၂/လမတ(နိုင်)၀၂၉၈၉၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အမှတ် ၄၂၊ ဦးစံဖေလမ်း၊ ဦးစံဖေရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေ ဒေါ်မာလာဝင်း ၁၂/လမတ(နိုင်)၀၂၉၈၉၃ က ကန်ထရိုက်တာ ဦးရှိန်းနောင်နောင်ဦးထံမှ ကြိုပွိုင့်စနစ်ဖြင့် ၁၃-၃-၂၀၁၄ ရက်တွင် ကာလပေါက်ဈေး သိန်း ၁၄၀ကျပ်ဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ဝယ်ယူစဉ်က နှစ်ဦးသဘောတူ တိုက်ခန်းစရန်ပေးစာချုပ် ချုပ်ဆိုခဲ့ကြပြီး စာချုပ်ချုပ်ဆိုသည့်နေ့၌ ငွေကျပ်သိန်း ၆၀ ကို စရန်ငွေအဖြစ်လည်းကောင်း၊ မြေတူးသည့်နေ့တွင် (၁၀) သိန်းကျပ်၊ ပထမဆလပ်လောင်းသည့်နေ့တွင် ငွေကျပ်သိန်း(၂၀)၊ ဒုတိယဆလပ်လောင်းသည့်နေ့တွင် ငွေကျပ်သိန်း (၂၀)၊ စုစုပေါင်းငွေကျပ်သိန်း (၁၁၀)ကို တိုက်ခန်းဖိုးစရန်ငွေအဖြစ် ဒေါ်မာလာဝင်းက ပေးအပ်ခဲ့ရာ ဦးရှိန်းနောင်နောင်ဦးလည်း လက်မှတ်ရေးထိုးရယူသွားပြီးဖြစ်ပါသည်။ ကန်ထရိုက်တာ ဦးရှိန်းနောင်နောင်ဦးဘက်မှ တိုက်ခန်းအား ပြီးစီးအောင်ဆောက်လုပ်ပြီး ဒေါ်မာလာဝင်းမှ တိုက်ခန်းဖိုးကျန်ငွေကျပ်သိန်း(၃၀)ကို ပေးသောနေ့တွင် အရောင်းအဝယ်ပြုလုပ်ထားသော တိုက်ခန်းအား အလွတ်လက်ရောက် အပ်နှံပေးအပ်ရန်အတွက် နှစ်ဦးသဘောတူထားခဲ့ပြီးလည်းဖြစ်ပါသည်။

ထိုသို့သဘောတူညီပြီးသည့်အလျောက် ဒေါ်မာလာဝင်းဘက်မှ စာချုပ်သတ်မှတ်ချက်အတိုင်း ကျန်ငွေများပေးချေခဲ့ပါသော်လည်း ကန်ထရိုက်တာ ဦးရှိန်းနောင်နောင်ဦးဘက်မှ တိုက်ခန်းအား ဆက်လက်ဆောက်လုပ်ရန် ပျက်ကွက်နေခြင်း၊ ဒေါ်မာလာဝင်းထံသို့ တိုက်ခန်းအပ်နှံရန် ပျက်ကွက်နေမှုတို့ကြောင့် ဒေါ်မာလာဝင်းမှာ အမှတ် ၈၂ (၃လွှာ)(ယာ)၊ စကားဝါလမ်း၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန်ထရိုက်တာ ဦးရှိန်းနောင်နောင်ဦးအား သဃ်န်းကျွန်း မြို့နယ်တရားရုံးတော်၌ ပြစ်မှုကြီးမှုအမှတ် (၈၃၅/၁၈) ရာဇဝတ်ဥပဒေပုဒ်မ-၄၁၇ အရ လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ တရားမကြီးမှုအမှတ် (၄၄၀/၁၉) အရလည်းကောင်း တရားစွဲဆိုထားရာ လက်ရှိအချိန်ထိ လက်ရောက်အပ်နှံနိုင်ခြင်းမရှိသလို စရန်ငွေများကိုလည်း ပြန်လည်ပေးအပ်ခြင်းမရှိသေးပါသောကြောင့် အဆိုပါတိုက်ခန်းသည် ဒေါ်မာလာဝင်းစရန်ငွေပေးချေ၍ ဝယ်ယူထားသော တိုက်ခန်းဖြစ်ပါကြောင်းကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်မာလာဝင်း	**ဒေါ်ချိုချိုလွင် LL.B, D.I.L**
၁၂/လမတ(နိုင်)၀၂၉၈၉၃	**တရားလွှတ်တော်ရှေ့နေ**
	ဖုန်း-၀၉-၄၂၅၃၀၂၁၅၄
	ဒေါ်အေးသူဇာအောင် LL.B
	အထက်တန်းရှေ့နေ
	ဖုန်း-၀၉-၄၂၄၅၉၆၈၃၀

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/81225 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းထိုက် ၇/အတန(နိုင်)၀၉၂၇၃၁က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/5244၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)**

ကန့်ကွက်နိုင်ကြောင်း
အများသိစေရန်
အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂-ခ)၊ဦးပိုင်အမှတ်၆၇၊ မြေဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိ မြေကွက်ကို ဦးအောင်သန်း အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်ထိ နှစ် ၃၀ ဂရန်သက်တမ်းရရှိခဲ့ပြီး ၁၀-၉-၁၉၉၅ရက်တွင် ဦးအောင်သန်းထံမှ ဒေါ်အင်ရိန်းလုကလည်းကောင်း၊ ဦးပိုင်(၆၇/ခ)၊ ဧရိယာ ၀ ဒသမ ၀၉၂ ဧကရှိ မြေကွက်အပိုင်းကို ၇-၁၁-၂၀၁၉ရက်တွင် ဒေါ်အင်ရိန်းလုထံမှ ဦးခင်မောင်ဝင်းက လည်းကောင်း နှစ်ဦးသဘောတူ နေအိမ်ခြံမြေ အရောင်းအဝယ် ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး ဦးခင်မောင်ဝင်း ၁/မကတ(နိုင်)၀၀၈၃၉၉ အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်းရရှိရေးအတွက် ၆-၃-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၇၂/၂၀၂၀)ကို ၁၁-၃-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၁၆/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်း
အများသိစေရန်
အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်၁၅/၂-၆၊ ဦးပိုင်အမှတ်၆၆၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက်ကို ဦးရီစိန်အမည်ဖြင့် ၁၄-၁၁-၂၀၁၃ရက်အထိ(၁၅)နှစ်ဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဦးရီစိန် ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်ရင်လှမှ ၆-၁၀-၂၀၀၃ ရက်ပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်မှတ်ပုံတင်အမှတ် ၂၃၈/၂၀၁၃ အရ ပိုင်ဆိုင်ခဲ့ပြီး၊ ၇-၉-၂၀၁၃ ရက်တွင် ဒေါ်လှရင်ထံမှ ဒေါ်ရွှယ်ကလည်းကောင်း၊ ၁၁-၄-၂၀၁၄ရက်တွင် ဒေါ်ရွှယ်ထံမှ ဒေါ်ဆိုင်းပန်က လည်းကောင်း၊ ၁၅-၅-၂၀၁၅ ရက်တွင် ဒေါ်ဆိုင်းပန်ထံမှ ဒေါ်ထုခေါင်ကလည်းကောင်း၊ ၂၅-၂-၂၀၂၀ရက်တွင် ဒေါ်ထုခေါင်ထံမှ ဦးမျိုးခင်ကလည်းကောင်း နှစ်ဦးသဘောတူ နေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးမျိုးခင် ၅/ပလဘ(နိုင်)၀၄၈၃၄၃ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းအသစ်ရရှိရေးအတွက် ၄-၃-၂၀၂၀ရက်စွဲပါကျမ်းကျိန်လွှာအမှတ် ၁၆၁/၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၀၂/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းအသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

အနူးအညွတ် ဝန်ချတောင်းပန်ခြင်း

၁။ ဦးမောင်မောင်ကျော် ၁၂/ဗဟန(နိုင်)၁၁၀၇၅၉ (ဘ)ဦးအောင်ခင်၊ ၂။ မောင်ဗိုလ်မင်းအောင် မှတ်ပုံတင်မရှိ (ဘ) ဦးမောင်မောင်ကျော်၊ ၃။ မမေစီတာဗိုလ် မှတ်ပုံတင်မရှိ (ဘ)ဦးမောင်မောင်ကျော်၊ အမှတ်-၁၂၆ (၅-လွှာ)၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေသူများက အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်တော် ဦးမောင်မောင်ကျော်သည် (၂၉-၅-၂၀၂၀) နေ့စွဲဖြင့် မြန်မာ့အရှေ့တိုင်းဘဏ်နှင့် စပ်လျဉ်း၍ မမှန်ကန်သော စွပ်စွဲချက်များရေးသားလျက် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ တိုင်ကြားစာပေးပို့ခဲ့ပါသည်။

ကျွန်တော် မောင်ဗိုလ်မင်းအောင်နှင့် ကျွန်မ မမေစီတာဗိုလ်တို့သည် လူမှုကွန်ရက် Facebook တွင် David Aung Benjamin (1), David Aung Benjamin (2), Thet Su Aung နှင့် Alinn Thit Media account များဖြင့် မြန်မာ့အရှေ့တိုင်းဘဏ်နှင့် ဘဏ်ဝန်ထမ်းများအား အသရေပျက်စေရန် မမှန်မကန်စွပ်စွဲရေးသားဖော်ပြခဲ့ပါသည်။ အဆိုပါ ရေးသားဖော်ပြချက်များကို Online Media Page များတွင် ဖြန့်ဝေခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။

ကျွန်တော် ဦးမောင်မောင်ကျော်၏ ငွေစုစာရင်းမှ ငွေကျပ် သိန်း ၁၁၀၀ ထုတ်ယူခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့အရှေ့တိုင်းဘဏ်အပေါ် အထင်အမြင်လွဲမှားမှုကြောင့် မမှန်မကန်တိုင်ကြားခြင်း၊ စွပ်စွဲရေးသားခြင်းများ ပြုလုပ်ခဲ့မိခြင်း ဖြစ်ပါသည်။ မြန်မာ့အရှေ့တိုင်းဘဏ်နှင့် ဘဏ်ဝန်ထမ်းများအား အသရေပျက်စေရန် မမှန်မကန်တိုင်ကြားခြင်း၊ လူမှုကွန်ရက် Facebook တွင် မမှန်မကန်စွပ်စွဲရေးသားဖော်ပြခဲ့ခြင်းအတွက် မြန်မာ့အရှေ့တိုင်းဘဏ်နှင့် ဘဏ်ဝန်ထမ်းများက ကျွန်တော်/ကျွန်မတို့အား ခွင့်လွှတ်ပါရန် အနူးအညွတ်ဝန်ချတောင်းပန်ပါသည်။ နောင်တွင်လည်း မြန်မာ့အရှေ့တိုင်းဘဏ်နှင့် ဘဏ်ဝန်ထမ်းများ၏ အသရေပျက်စေရန် မမှန်မကန်တိုင်ကြားခြင်း၊ လူမှုကွန်ရက် Facebook တွင် မမှန်မကန်စွပ်စွဲရေးသား ဖော်ပြခြင်းများ ပြုလုပ်မည်မဟုတ်ကြောင်း ဝန်ခံကတိပြုပါသည်။

၁။ ဦးမောင်မောင်ကျော် ၂။ မောင်ဗိုလ်မင်းအောင် ၃။ မမေစီတာဗိုလ်

ဖြန့်ဖြူးသူပြောင်းလဲခြင်း အသိပေးကြေညာခြင်း

အောက်ပါပြည်ပထုတ်လုပ်သူ ကုမ္ပဏီများမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော စာရင်းပါပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် အောက်ဖော်ပြပါ ကုမ္ပဏီများမှ Bentz Jaz Myanmar Co.,Ltd ကုမ္ပဏီသို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

No	Trade name	Active ingredient	Manufacturer	Former Distributor	Registration Type	Registration Number
1	Detrans 1209 5 ME	Dimefluthrin 5% w/w	Sumitomo Chemical Enviro-Agro Asia Pacific Sdn.Bhd	Sumitomo Chemical Co.,Ltd	Full	F2019-2103
2	Gokilaht TG	Cyphenothrin 93% TG	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-068
3	Gokilaht-S TG	Cyphenothrin 93%TG	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-441
4	Pesguard FG 161 EC	D-tetramethrin 4%+ Cyphenothrin 12%EC	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-208
5	Premethrin 93% TG	Premethrin 93% TG	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-777
6	Sumilarv 0.5G	Pyriproxyfen 0.5%GR	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-368
7	Sumithrin TG	Phenothrin 92% TG	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-367
8	Etoc TG	Prallethrin 90% TG	Sumitomo Cheimcal Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-365
9	Sumilarv TG	Pyriproxyfen 95% TG	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-369
10	Neo-pynamin Forte TG	Tetramethrin 92% TG (min)	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-066
11	Neo-pynamin TG	Tetramethrin 92% TG (min)	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-072
12	Olyset Net (Bed Net)	Permethrin 2% w/w Net	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2009-687
13	Pesguard Alpha 5FL	Esfenvalerate 5.0%FL	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-444
14	Sumithion L-40-S	Fenitrothion 40%+ Tetramethrin 1%L	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-040
15	Wazary 10 FL	Fenvalerate 10% FL	Sumitomo Chemical Co.,Ltd	Sumitomo Chemical Co.,Ltd	Full	F2012-443
16	Sumione TG	Metofluthrin TG 93% TG	Sumitomo Chemical Co.,Ltd Japan	Sumitomo Corporation Ltd	Full	F2011-685
17	Sumione 5EC	Metofluthrin 5%EC	Sumitomo Chemical Co.,Ltd Japan	Sumitomo Corporation Ltd	Full	F2011-686
18	Gokilaht-S 5EC	d-d-T cyphenothrin 5%EC	Sumitomo Chemical Asia Pte Ltd(SCA)	Sumitomo Corporation Ltd	Full	F2018-1415
19	Sumithion 20 CS	Fenithrothion 20% w/w CS	Sumitomo Chemical Asia Pte Ltd (SCA)	Sumitomo Corporation Ltd	Full	F2018-1416
20	Detrans 1209 TG	Dimefluthrin 95% w/w(min)TG	Sumitomo Chemical Asia Pte Ltd(SCA)	Sumitomo Corporation Ltd	Full	F2018-1418
21	Piperonyl Butoxide TG	Piperonyl butoxide 90.0%w/w(min)	Sumitomo Chemical Asia Pte Ltd (SCA)	Sumitomo Chemical Co.,Ltd	Full	F2018-776
22	Pralle 50% MUP	Imiprothrin 50% MUP	Sumitomo Chemical Asia Pte Ltd (SCA)	Sumitomo Chemical Co.,Ltd	Full	F2018-938
23	Xterm Termite Bait	Bistrifluron 1%w/w	Sumitomo Chemical (Asia Pacific)Pte.Ltd	Sumitomo Chemical Singapore Pte.Ltd	Provisional	2015-1417

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူ ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Bentz Jaz Myanmar Co.,Ltd အမှတ် ၄၆/အေ၊ ဦးလွန်းမောင်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

အနူးအညွတ်တောင်းပန်ခြင်း

AIIY FOR SUSTAINABLE LEAGUE CO.,LTD နှင့် Managing Director ဖြစ်သူ ဒေါ်စိန်ရွှေဦး ၉/ခမစ(နိုင်) ၀၁၈၃၇၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

AIIY FOR SUSTAINABLE LEAGUE CO.,LTD ၏ ဝန်ထမ်းဟောင်းဖြစ်သူ မောင်စိုင်းခန်းငုတ်သည် ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်စဉ်က သဘာဝပတ်ဝန်းကျင် အစီရင်ခံစာရေးဆွဲရာတွင် မိမိတို့ ကုမ္ပဏီနှင့် ရေရှည်ပူးပေါင်း ဆောင်ရွက်လျက်ရှိသော HUMAN RESOURCE DEVELOPMENT ENVIRONMENTAL TRAINING AND SERVICES CO.,LTD နှင့် ချိတ်ဆက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လုပ်ကိုင်သွားရန် တာဝန်ပေးအပ်ခဲ့သော်လည်း ကုမ္ပဏီ၏ တာဝန်ပေးချက်များအတိုင်း HRD CO.,LTD နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းမပြုဘဲ ၎င်းကိုယ်ကျိုးအတွက် အလွဲသုံးစားပြုကာ HRD CO.,LTD ၏ အမည်အား ခွင့်ပြုချက်မရှိဘဲ ဌာနဆိုင်ရာသို့ တင်ပြသော စာရွက်စာတမ်းများတွင် ထည့်သွင်းအသုံးပြုခဲ့သည်ဟု ယခုအချိန်မှ သိရှိခဲ့ရပါသည်။

အဆိုပါ ဖြစ်ရပ်နှင့် စပ်လျဉ်း၍ မောင်စိုင်းခန်းငုတ်အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပြီး မိမိတို့ဝန်ထမ်းဟောင်းဖြစ်သူက HUMAN RESOURCE DEVELOPMENT ENVIRONMENTAL TRAINING AND SERVICES CO.,LTD ၏ အမည်အား ခွင့်ပြုချက်မရှိဘဲ ထည့်သွင်းအသုံးပြုခဲ့ကြောင်း သိရှိရသည့်အတွက် AIIY FOR SUSTAINABLE LEAGUE CO.,LTD နှင့် Managing Director ဖြစ်သူတို့က HRD CO.,LTD အပေါ် အနူးအညွတ်တောင်းပန်အပ်ပါသည်။ ထို့အပြင် အထက်ပါဖြစ်ရပ်များနှင့်ပတ်သက်၍ HRD CO.,LTD ၏ နာမည်အား တစ်စုံတစ်ရာ ထိခိုက်နစ်နာမှု မဖြစ်စေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ပြင်ဆင်တည့်မတ်သွားမည်ဖြစ်ကြောင်း အသိပေးတောင်းပန်အပ်ပါ သည်။

လွှဲအပ်ညွှန်ကြားသူ-
၁။ AIIY FOR SUSTAINABLE LEAGUE CO.,LTD
၂။ ဒေါ်စိန်ရွှေဦး(Managing Director)

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်ဖြိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၉၅၃)

အမှတ်-(B-6)၊ အခန်း(၄၀၁)၊ မင်းဓမ္မလမ်း၊(၃)ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၁၀၀၈၆၉၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဦးချိုလမ်း၊ (၈)ရပ်ကွက်၊ အမှတ်(၁၂၉)(ဒီ)၊ ဒေါ်ညိုတုတ် အမည်ပေါက်မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၃)ထပ်ခွဲတိုက်၊ (၄)ထပ် အဆောက်အဦ၏ ပထမအလွှာ၊ ခေါင်းရင်းခန်း တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်ခင်သီတာဦး (၁၂/ဗတထ(နိုင်)၀၀၄၄၂၂) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်မင်းထူး (၁၂/လသယ(နိုင်)၀၂၆၉၁၆) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်ဖြိုး(LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၈၉၅၃)
အမှတ်-(B-6)၊ အခန်း(၄၀၁)၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၁၀၀၈၆၉၅

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/4546 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညနခရိုင်ရုံး(မိတ္ထီလာ)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၇)၊ အကွက်အမှတ်(၂၅/လုံလော့ရပ်)၊ ဦးပိုင်(၃၂)၊ ဧရိယာ(၀ဒသမ ၀၈၂)ဧကရှိ အမှုတွဲအမှတ် ၆၃-၅/၂၀၀၀-၂၀၀၁(အေ)ဖြင့် ဦးရန်လောက်ချီ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား စာချုပ်အမှတ်(၆၅၊/၂၀၀၆) ဖြင့် အပြီးအပိုင် ဝယ်ယူပြီးဖြစ်သဖြင့် ဒေါ်ရင်ကော် ၁၃/လရန(နိုင်)၀၇၁၉၆၆ အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်လျှောက် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ အကွက်အမှတ်(၁၂/၇တိုးချဲ့)၊ ဦးပိုင်(၈၂)၊ ဧရိယာ (၀ဒသမ၀၉၆)ဧက အမှုတွဲအမှတ် ၁၁၃-၅/၂၀၁၃-၂၀၁၄(အေ)၊ ဦးစိုင်းအောင်ပွင့် ၁၃/သနန(နိုင်)၀၀၂၄၇၉ အမည်ပေါက် မြေကွက်အား ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းမြစိန် ၁၃/လရန(နိုင်)၁၄၁၁၅၇ မှ ဦးမျိုးသက်ခိုင် ၈/ပခက(နိုင်)၁၉၆၁၉၈သို့ စာချုပ်အမှတ်(၁၃၇၊/၂၀၂၀)ဖြင့် ရောင်းချပြီးဖြစ်၍ ဦးမျိုးသက်ခိုင် အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ် မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း(၂၀)အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၇၊ တအဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)

RE GD.
ဖာလှပ်လှပ်နဲ့ဒါပါမကုသအောင်ဆိုးနေဝါနေချင်း ကွမ်းရွက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့်
ဖော်စပ်ထားသောကြောင့် အုံ ဩ လောက် အောင်အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

မျိုးနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် ငန်းနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လုပ်စေပါသည်။

ကမ္ဘောဇဘဏ်တွင် COVID-19 Credit Assistance Program for SMEs အစီအစဉ် လျှောက်ထားနိုင်ခြင်း

လုကြီးမင်း၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) များတွင် COVID-19 ကပ်ရောဂါကြောင့် ငွေကြေးလည်ပတ်မှု အခက်အခဲ တွေ့ကြုံနေရပါသလား။ မြန်မာနိုင်ငံတော်အစိုးရ၏ စီးပွားရေးရည်မှန်းချက် ပန်းတိုင်များ၊ Covid-19 Economic Relief Plan ၏ ပန်းတိုင်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံ၏ ဦးဆောင်ဘဏ် တစ်ခုဖြစ်သော ကမ္ဘောဇဘဏ်သည် COVID-19 Credit Assistance Program for SMEs ကို မိတ်ဆက်လိုက်ပါသည်။ ယခုအစီအစဉ်ကို ကမ္ဘောဇဘဏ် SME Banking ၏ လက်ရှိ မိတ်ဖက်လုပ်ငန်းရှင်ကြီးများအပြင် စိတ်ဝင်စားသော လုပ်ငန်းရှင်အသစ်များအားလုံး လျှောက်ထားနိုင်ပါရန် ဖိတ်ခေါ်လိုက်ပါသည်။

COVID-19 ကပ်ရောဂါကြောင့် အကျပ်အတည်းဖြစ်နေသည့် ကာလအတွင်း စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည့် SME လုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းများ ပြန်လည်လည်ပတ်၍ ရှင်သန်ရပ်တည်နိုင်ရန်နှင့် ပြန်လည် ကုစားနိုင်ရန်အတွက် ယခုအစီအစဉ်၏ အောက်ပါ ငွေကြေးထောက်ပံ့မှု ပုံစံအမျိုးမျိုးကို ရွေးချယ်လျှောက်ထားနိုင်မည်ဖြစ်ပါသည်-

၁။ လက်ရှိစာရင်းပိုချေးငွေ(Overdraft Loan) နှင့် ကာလသတ်မှတ်ချေးငွေ(Term Loan)များကို (၆) လအထိ သက်တမ်းထပ်တိုးနိုင်မည့် ပုံစံ

၂။ လစဉ်ပေးဆပ်ရမည့် အတိုးနှင့် အရင်းများကို (၆) လအထိ ဆိုင်းငံ့ပေးမည့်ပုံစံ

၃။ လစဉ်ပေးဆပ်ရမည့် အတိုးနှင့် အရင်းများကို (၆) လအထိ ဆိုင်းငံ့ပြီး အတိုးအရင်းပေါင်း အချိုးကျပြန်လည် ပေးဆပ်နိုင်မည့်ပုံစံ

အဆိုပါငွေကြေးထောက်ပံ့မှုပုံစံ အမျိုးမျိုးကို ကမ္ဘောဇဘဏ်၏ SME Banking ဌာနတွင် ပုံမှန် ကာလသတ်မှတ်ချေးငွေ၊ စာရင်းပိုချေးငွေ သို့မဟုတ် JICA SME နှစ်ဆင့်ချေးငွေ ရယူထားသူများ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရာတွင်လိုအပ်သောအခြေခံအချက်များ-

လက်ရှိ Customer များ - KBZ SME ချေးငွေဝန်ဆောင်မှု အနည်းဆုံး (၂) နှစ်ရယူထားပြီးသူများ၊ ကမ္ဘောဇဘဏ်ကို မိမိလုပ်ငန်းအတွက် အဓိက အသုံးပြုနေပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအထိမပျက်မကွက် ငွေပြန်လည်ပေးသွင်းခဲ့သည့် customer များ ဖြစ်ရပါမည်။

Customer အသစ်များ - လျှောက်ထားသူသည် နိုင်ငံတော်၏ COVID-19 ကပ်ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ တားဆီးရေးလုပ်ငန်းစဉ်များကို အထောက်အပံ့ဖြစ်စေမည့် ဝန်ဆောင်မှု၊ ထုတ်ကုန်လုပ်ငန်းများကို ဆောင်ရွက်နေသော SME လုပ်ငန်းများနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာမြောက်အခန်းကဏ္ဍမှ ပါဝင်နေသော SME လုပ်ငန်းများကို အထူးဦးစားပေးခွင့်ပြုသွားမည် ဖြစ်ပါသည်။

လျှောက်ထားလိုသူများအားလုံးသည် လိုအပ်သည့်ကုမ္ပဏီစာရွက်စာတမ်းများနှင့် အရေးပေါ် စီးပွားရေးကုစားမှုအစီအစဉ်တစ်ခုကို တင်ပြရန် လိုအပ်ပါသည်။

SME လုပ်ငန်းများအနေဖြင့် ယခုမိတ်ဆက်လိုက်သည့် အစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်မေးမြန်း၊ ဆွေးနွေးလိုပါက သို့မဟုတ် လျှောက်ထားလိုပါက နီးစပ်ရာဘဏ်ခွဲများနှင့် ကမ္ဘောဇဘဏ်၏ SME Banking ဌာနမှသက်ဆိုင်ရာ Relationship Manager များထံ တိုက်ရိုက်ဆက်သွယ်၍ဖြစ်စေ၊ ကမ္ဘောဇဘဏ် SME Banking ၏ Hotline များဖြစ်သော 01373785 / 01372979 / 01372977 / 01377716 သို့ရုံးချိန်အတွင်း ဖုန်းဆက်မေးမြန်း၍ ဖြစ်စေ၊ ကမ္ဘောဇဘဏ် SME Banking ဌာန smart.smebanking@kbzbank.com အီးမေးလ်လိပ်စာမှ တစ်ဆင့်ဖြစ်စေဆက်သွယ်နိုင်ပါသည်။

www.kbzbank.com

KBZ BANK
STRENGTH OF MYANMAR

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နှယ်သာကီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ မြေကွက်အမှတ် (၁၂၀)၊ ဧရိယာ (၄၂'x၆၀') (၀.၅၈) ဧက၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်မြေ)၊ အမှတ်(၁၂၀)၊ နှယ်သာကီလမ်း၊ (၂၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဟု ခေါ်တွင်သောမြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်နီနီဝင်း (၁၂/အလန(နိုင်) ၀၃၅၁၇၄) အမည်ဖြင့် မှတ်သားထားပြီးနှစ်(၆၀) မြေငှားစာချုပ်(ဂရန်) အမည်ပေါက်အဆိုပြုသူ ဒေါ်နီနီဝင်းထံမှ ဧရိယာ (၄၂'x၆၀') (၀.၀၅၈)အနက်မှ ခြေရင်းဘက် ခြမ်းဧရိယာ (၂၀'x ၆၀') (၁၂၀၀) စတုရန်းပေရှိမြေအား ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းအေးအေးစမ်း (၃/ကဆက(နိုင်) ၀၁၂၈၆၂)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးလှိုင်ထွက်း (တရားလွှတ်တော်ရှေ့နေ)(စဉ် - ၂၀၃၁)
အမှတ် ၂၄(B)၊ဥယျာဉ်လမ်း၊ ငါးထပ်ကြီးတောင်ပိုင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉-၄၂၁၀၀၀၇၀၇၊ ၀၉-၄၄၈၀၄၆၀၃၆၊ ၀၉-၈၅၅၀၃၂၂

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၄၈ နှင့် ဆက်နွှယ်သည့်
၂၀၂၀ ပြည့်နှစ်၊ တရားမဇာရီမှုအမှတ်-၁၅၄

ဦးကျော်လွင် (ဒီကရီအနိုင်ရသူ) နှင့် ဦးအောင်မြင့် (တရားရှုံး)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ ၁၀ လမ်း၊ အမှတ် ၁၅ တရားရှုံး ဦးအောင်မြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၇၄၈ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းသန်းတင့်)
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ်(၁၁၈၃)နေ ဦးကျော်ရွှေ (ဘ) ဦးထွန်းငွေ (၁၂/တမန(နိုင်)၀၅၉၉၆၆)နှင့် ဦးကျော်ငွေ (ဘ) ဦးထွန်းငွေ (၁၂/တမန(နိုင်)၀၆၀၇၆၄)တို့မှ တော်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၂၁၀)နေ ဒေါက်တာစိုးလင်းဟန် (ဘ) ဦးဟန်သိန်း (၇/ဖမန(နိုင်)၀၉၅၉၅၄)အား(၁၃. ၃. ၂၀၁၄)ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ GP (၇၅၉၉/၂၀၁၄)ကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ၎င်း GP အား ဤကြေညာပါသည့်နေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ရွှေ(၁၂/တမန(နိုင်)၀၅၉၉၆၆)၊ ဦးကျော်ငွေ(၁၂/တမန(နိုင်)၀၆၀၇၆၄)

ဖာ် SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
7စံ (ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၂၉/A၊ မြေကွက်အမှတ် ၃၇/ခ၊ ဧရိယာ ၀ဒသမ ၁၁၂ ဧက ၊ မြေကွက်တည်နေရာ အမှတ် ၃၇/ခ၊ ယုဇန ၂လမ်း၊ ပျဉ်းမပင်၊ မင်္ဂလာဒုံမြို့နယ်၊ (မောင်ချစ်စု၊ မလုံး)အမည်ပေါက်၊ မြေအမျိုးအစား-က 'G' ၃(က)ရပြီး မြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၇၈/၂၀၁၇(၁၈-၁၀-၁၇) စီရင်ချက်နှင့် ဒီကရီအရ ဦးပေါလ်ချန်ဒါ(ခ)ဦးထွန်းမြင့် (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ဥမ္မာသန်း)မှ တရားလိုပြုလုပ်၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိခဲ့ပြီး တရားမဇာရီမှုအမှတ် ၅၀/၂၀၁၇(၃၀-၁၂-၁၉) နေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအမိန့်တို့ကို တင်ပြ၍ တရားပြိုင် ဦးထွန်းရီ ကိုယ်စား တရားရုံး ဘီလစ်ဒေါ်မေမိုးသီရိ ၁၂/ အစန(နိုင်)၂၃၉၁၈၄ မှ ဘီလစ်ခန့်စာ ၊ တရားရုံးအမိန့်၊ ၃(က)ဝန်ခံချက် လက်မှတ်တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သာစုအိမ်ရာ၊ ဇ/တောင်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အိမ်အမှတ်(၃၀၁/၁)နေ ဒေါ်လဲ့ရည်သင်း ၁၂/သဃက(နိုင်)၀၃၇၄၀၃ နှင့် ဒေါက်တာကြူကြူသင်း ၁၂/သဃက(နိုင်)၁၅၁၄၆၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ညောင်အုပ်ကြီးအရှေ့ကွင်း၊ ကွင်းအမှတ်(၅၁၉-က)၊ ဦးပိုင်အမှတ်(၃၉-က)ဟုခေါ်တွင်သည့် မြေဧရိယာအကျယ် ၉ဒသမ၈၄ဧကရှိ လယ်မြေများနှင့် ကွင်းအမှတ်(၅၁၉-က) ဦးပိုင်အမှတ်(၃၈-က)ဟုခေါ်တွင်သည့် မြေဧရိယာအကျယ် ၁၇ဒသမ၈ဧကရှိ မြေများမှာ ညောင်နှစ်ပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဒေါ်အိအိသင်းနှင့် ဒေါ်လဲ့ရည်သင်းတို့အမည်များဖြင့် သီးစားလုပ်ကိုင်ခွင့်ထုတ်ပေးထားခဲ့သော လယ်မြေများဖြစ်ပြီး လက်ရှိမြေခွန်ပြေစာများလည်း ထမ်းဆောင်ထားပြီးဖြစ်ပါသည်။

ဒေါ်လဲ့ရည်သင်း၏ညီမ ဒေါ်အိအိသင်းကွယ်လွန်သွားသည့်အတွက် ညီမဖြစ်သူ ဒေါက်တာကြူကြူသင်းမှာ ဒေါ်အိအိသင်းပိုင်ဆိုင်ခဲ့သော အဆိုပါလယ်ယာမြေများကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံခဲ့ပါသည်။ သို့ပါ၍ ဒေါ်လဲ့ရည်သင်းနှင့် ဒေါက်တာကြူကြူသင်းတို့မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ညောင်အုပ်ကြီးအရှေ့ကွင်း၊ ကွင်းအမှတ်(၅၁၉-က)၊ ဦးပိုင်အမှတ်(၃၈-က)ဟုခေါ်တွင်သည့် မြေဧရိယာအကျယ် ၁၇ဒသမ၈ဧကနှင့် ဦးပိုင်အမှတ်(၃၉-က)ဟုခေါ်တွင်သည့် မြေဧရိယာအကျယ် ၉ဒသမ၈၄ဧကအားလုံးနှင့်ပတ်သက်၍ ကျူးကျော်ဝင်ရောက်နေသူများအပေါ် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ-၂၂အရ မူလမြေယာမှုခင်း ဖွင့်လှစ်ထားပြီးလည်းဖြစ်ပါသဖြင့် ၎င်းမြေနှင့်ပတ်သက်၍ ဒေါ်လဲ့ရည်သင်းနှင့်ဒေါက်တာကြူကြူသင်းတို့၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲမည်သူတစ်ဦးတစ်ယောက်မျှ အခြားတစ်နည်းနည်းဖြင့် တစ်ဦးတစ်ယောက်ထံသို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အမည်ပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ နေထိုင်ခြင်း စသည့်ကိစ္စရပ်များအား မပြုလုပ်ကြရန်နှင့် ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ
လဲ့ရည်သင်း
၁၂/သဃက(နိုင်)၀၃၇၄၀၃
ဒေါက်တာကြူကြူသင်း
၁၂/သဃက(နိုင်)၁၅၁၄၆၅

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှမျိုးမြင့် (တရားလွှတ်တော်ရှေ့နေ)
(စဉ်-၅၄၈၃) (၃၀-၁၁-၁၉၉၀)
B.A,RL,M.Dev.s(Thesis) (D.I.L,D.I.R)
အမှတ်(၁၄၃)၊ (၃)လွှာ(A)၊ အောင်မင်္ဂလာလမ်း၊
ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊
တာမွေမြို့နယ်
ဖုန်း-၀၉-၂၅၄၉၀၃၂၁၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1R/4678, SOJEN F304 SCG Dump Truck (4x2)L ယာဉ် လက်ဝယ်ရှိသူ ဦးဆန်းဝင်းအောင် ၁၂/တတန(နိုင်)၁၁၇၀၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၆၉၁၄၂, yinxing 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွဋ်ဝင်း ၉/ခအဇ(နိုင်)၀၃၈၀၉၁ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ ပါရမီလမ်း-ပါရမီအိမ်ရာ၊ တိုက်(၂)၊ အခန်း ၃၀၅ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးမြင့် ၁၂/ရကန(နိုင်)၀၅၃၉၇၈ ထံမှ ဝယ်ယူရန် ဒေါ်လှမြင့်မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကြော်ငြာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသောရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အပြီးသတ်ဆက်လက်လုပ်ဆောင်ပါမည်။

ဒေါ်လှမြင့်
၂၈၂/၁၂၊ ဆိပ်ကမ်းသာလမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၆၆၄၇၊ ၀၉-၄၄၈၄၂၀၂၃၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပေါက်စေတီဘုရားလမ်း၊ (၆)ရပ်ကွက်၊ အမှတ် (၃၀၆/စ) A-5 (ဒုတိယထပ်) တိုက်ခန်းကို ဦးအောင်ခိုင် LDA- 009078 က တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်မ ဒေါ်ခင်ကျော်သူ ၁၂/ဥကမ(နိုင်)၀၀၅၀၈၉ မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ကျော်သူ
၁၂/ဥကမ(နိုင်)၀၀၅၀၈၉
ဖုန်း-၀၉-၅၄၁၄၅၂၉

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/2555 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့

အလိမ္မာ စာမှာရှိ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်တင်ဧ(Margaret Than E)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ် ၁၃၅/ J.5နေ (ဦးသန်း၏၊ ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဦးတင်ဦး၊ ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန) ၏ ဇနီး၊ ဦးအောင်ကျော်စိုး၊ ဒေါ်ဇင်မာအုန်း၊ ဒေါ်ခင်သန်းတင်၊ ဦးကျော်ရဲထွန်းတို့၏ ချစ်လှစွာသောမိခင်၊ မရဲမွန်သီ(ခ) မမြတ်မွန်သူ Kazuhito Yamamoto (Japan)၊ မရဲနန္ဒီ-Perica Bozinoski(USA)၊ မောင်ရဲသွေးနီ(UK)တို့၏ အဘွား၊ မြစ် နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၇-၆-၂၀၂၀ရက် (စနေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၈-၆-၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတင်ဝင်း

အသက်(၅၉)နှစ်

(ဝင်းမေတ္တာအထူးကုဆေးခန်း၊ အင်းစိန်)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ သီရိလမ်းနေ ဦးမြင့်-ဒေါ်စန်းတင်တို့၏သား၊ ထားဝယ်မြို့နေ (ဦးမောင်တင်)-ဒေါ်ခင်ပိုတို့၏သားသမက်၊ ဦးကျော်ဝင်း AE (ငြိမ်း) ဆောက်လုပ်ရေး - ဒေါ်ခင်ဝင်းကြည်၊ (ဦးသန်းဝင်း-ဒေါ်ခင်ဝင်းရီ)၊ ဦးဇော်ဝင်း (ဒု ညွှန်ချုပ်၊ ငြိမ်း) (ထွေ/အုပ်)-ဒေါ်ခင်ဝင်းမြင့် တို့၏ညီ/မောင်၊ ဗိုလ်မှူးကြီး ထွန်းထွန်း(ငြိမ်း)အထွေထွေမန်နေဂျာ AIPT(I)- ဒေါ်တင်သီတာဝင်းတို့၏အစ်ကို၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ အာဇာနည် မြို့ပတ်လမ်းနေ ဒေါ်မူမူအေး(ခရိုင်ထွေအုပ်ရုံး၊ မြောက်ပိုင်းခရိုင်)၏ ချစ်လှစွာသော ခင်ပွန်း၊ မဆုစန္ဒီဝင်း SHRM Business, DU(His-Dis)၏ချစ်လှစွာသောဖခင်သည် ၂၈-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၁၁:၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၀ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်သာမြို့၊ ကျူးချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)

ဦးမောင်မောင်စု

လဝကဦးစီးမှူး(ငြိမ်း)

သက်ကြီးကန်တော့ခံ

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ထိပ်တင်မှတ်(၃)လမ်း၊ အမှတ် (၅၃/ခ)နေ ဦးမောင်မောင်စုသည် ၂၇-၆-၂၀၂၀ရက် တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

အနိစ္စ

ဒေါ်တင်အေး

အသက်(၈၂)နှစ်

ဒုရဲမှူးတင်ဟန်ဝင်း(ငြိမ်း) ၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးကြီး တင်ထွန်းဦး(ငြိမ်း)-ဒေါ်မိုးမိုးသန့်၊ ဦးအောင်ထွန်းဝင်း-ဒေါ်တင်တင်နွယ်၊ (ဦးအောင်ထွန်းလင်း)-ဒေါ်တင်တင်နု၊ အမေရိကန်နိုင်ငံ၊ လော့အိန်ဂျလိစ်မြို့နေ ဦးဝင်းမေတန်-ဒေါ်ဇင်မာဝင်း၊ ဦးတင်ဇော်-Mr. Tang Thien Thuong ၊ ဦးအောင်မျိုးမင်း-ဒေါ်လွင်လွင်မိုး(မိကြီး)၊ဦးနောင်နီ-ဒေါ်လွင်လွင်စိုး(မိငယ်) တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၆ယောက်တို့၏ အဘွားသည် ၂၇-၆-၂၀၂၀ရက် (စနေနေ့)ည ၁၀:၃၀ နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊ လမ်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးတင်မြင့်(တင်မြင့် ပရိဘောဂ)ကမာမတ်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၁နေ (ဦးအုန်းမောင်-ဒေါ်အုံးရှင်)တို့၏သား၊ (ဒေါ်စန်းမြင့်) ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းသန်းဆွေ၊ ဦးခင်မောင်ဆွေ-ဒေါ်ဝင်းဝင်းငွေ၊ ဦးဝင်းမြင့်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးသိန်းငွေတို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၂၀ရက်(အင်္ဂါနေ့) တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဖေဖေနဲ့မေမေတို့အတွက် (၁)နှစ်မြောက်နှင့် (၃၅)နှစ်မြောက် အမျှဝေခြင်း

သားသမီး (၁၀)ဦးစလုံးအပေါ်တွင် မေတ္တာကရုဏာကြီးမားပြီး မိဘဝတ္တရားကျေပွန်လွန်းလှသော သံသရာခရီး ဆက်လက်ထွက်ခွာခဲ့ကြပြီဖြစ်တဲ့ ကျေးဇူးရှင် ဖေဖေဦးရဲမြင့် [ရဲမြင့် (သစ်တော)] သည် ၂၉-၆-၂၀၂၀ ရက်တွင် (၁)နှစ် ပြည့်မြောက်ခဲ့ပြီး ကျေးဇူးရှင် မေမေဒေါ်ခင်လှမြင့်(ညိုညို)သည် ၇-၇-၂၀၂၀ ရက်တွင် (၃၅)နှစ် ပြည့်မြောက်မည်ဖြစ်ပါသည်။ သားသမီးများအားလုံးရဲ့ နှလုံးသားထဲမှာ ဖေဖေနဲ့ မေမေတို့ရဲ့ ကျေးဇူးတရားနဲ့ မေတ္တာတရားများကို အချိန်နဲ့အမျှ သတိရတမ်းတ လွမ်းဆွတ်လျက်ပါ။ သားသမီးများနဲ့ မိသားစုဝင်များ၊ မြေးမြစ်များက ကျေးဇူးရှင်မိဘနှစ်ပါးအတွက် ပြုပြုခဲ့သမျှ ကောင်းမှုကုသိုလ် အစုစုတို့ကို အမျှပေးဝေပါတယ်။ ရောက်ရှိရာဘုံဘဝမှ ဖေဖေ မေမေတို့ သာဓုခေါ်ဆိုနိုင်ကြပါစေ၊ ဖေဖေနဲ့ မေမေရေ အမျှ အမျှ အမျှ ယူတော်မူကြပါ သာဓု သာဓု သာဓုပါ။

ဖေဖေနဲ့ မေမေတို့လည်း သံသရာခရီးမှာ ကောင်းသောတွေ့ဆုံခြင်းများနဲ့ တွေ့ဆုံနိုင်ကြပြီး ဒီသားသမီးတွေရဲ့ မိဘနှစ်ပါးအဖြစ်နဲ့လည်း ပြန်ဆုံတွေ့ခွင့်ရဖို့ ဆုတောင်းကြပါတယ် ဖေဖေနဲ့ မေမေရေ။

သားသမီး (၁၀)ဦးနှင့် မိသားစုဝင်များ၊ မြေးမြစ်များ

သင့်သွေးဖြင့် အသက် ကယ်ပါ

(၅)လပြည့် လွမ်းဆွတ်သတိရခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ ရပ်ကွက်(၆)၊ စက်ပန်းရပ်၊ စိတ္တသုခလမ်းနေ (ကျောင်းဆရာကြီး ဟာဂျီ ဦးရီစွတ်-ဒေါ်မမလေး)တို့၏သမီး၊ ဒေါ်တင်ညွန့် အသက်(၈၂)နှစ်(ကသာမြို့၊ မြန်မာ့စီးပွားရေးဘဏ်)(ငြိမ်း) သည် ၂၉-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားသည်မှာ (၅)လ ပြည့်မြောက်သော်လည်း ယနေ့တိုင် မမေ့နိုင် သတိရ လွမ်းဆွတ်လျက်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှမေ

အသက်(၁၀၀)

ပါမောက္ခ ဦးဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန)-ဒေါက်တာ မွန်မွန်အောင် တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်လှမေ သည် ၂၅-၆-၂၀၂၀ရက်တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခနှင့် ကလေးနှလုံးဆေးကုသဆောင် မိသားစု

ရန်ကင်းကလေးဆေးရုံကြီး

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှမေ

အသက်(၁၀၀)

ပါမောက္ခ ဦးဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး - ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန) - ဒေါက်တာ မွန်မွန်အောင် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှမေ သည် ၂၅-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကလေးကျန်းမာပညာဌာန၊

ဆေးတက္ကသိုလ်(မကွေး)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်မျိုးဝင်း

Assistant General Manager

Asia Power Quality Electric Co.,Ltd

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၇၇/၇၉)(၅) လွှာ၊ အထက်ပုဇွန်တောင်လမ်းမကြီးနေ ဒေါ်အေးအေးချစ်၏ ချစ်လှစွာသောခင်ပွန်း၊ မခင်မြတ်နိုးချစ်၊ မောင်ကောင်းဇာနည်ချစ်တို့၏ ချစ်လှစွာသောဖခင်သည် ၂၇-၆-၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၂:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Asia Power Quality Electric Co.,Ltd မိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၁)၊ စွယ်တော်လမ်းရှိ ပေ(၄၀x၆၀)မြေကွက် အမှတ် ၃၄၂ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန တွင် ဦးလှမြင့် (EH-၀၀၄၀၈၇) အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပါသည်။ ဦးလှမြင့်မှာ ကွယ်လွန်သွား၍ ကျန်ရစ်သူ ၎င်း၏ တရားဝင်ဇနီး ဒေါ်အုန်းမြင့် (EF-၀၀၈၆၀၃) ထံမှ မြေချပါမစ်မူရင်းများနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရောင်းအဝယ်စာချုပ် အဆက်အစပ်တို့ဖြင့် ယခုဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းဦး ၁၂/ဥကတ(နိုင်) ၀၀၆၄၇၄က ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းဝင်း ၉/ပဘန(နိုင်) ၁၈၃၈၈၆ထံသို့ အပြီးအပိုင်ဝယ်ယူရန် ကမ်းလှမ်းရာသဘောတူအတည်ဖြစ်ကြသဖြင့် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ယင်းကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစောနှင်းBA.HGP-RL

အထက်တန်းရှေ့နေ(စဉ်-၁၆၁၇၅)

အမှတ်-၁၁၉၊ ပန်းဝါ-၃လမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊

ဖုန်း-၀၉-၂၅၀၆၅၈၃၉၇

ဦးတင်အောင် (သုံးဆယ်မြို့)

အကောက်ခွန်ဦးစီးဌာန

အသက်(၉၃)နှစ်

သုံးဆယ်မြို့နေ (ဦးထွန်းလင်း)၏မြေး၊ (ဦးအုန်းမောင်-ဒေါ်မြနု)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ အနန္တ သုခလမ်း၊ အမှတ် ၁၈၈ နေ ဒေါ်အေးအေးသန်း(အကောက်ခွန်/ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ Captain လှဝင်းမောင်-ဒေါ်ဆွေဆွေတင် ၊ဦးအောင်ခိုင်မြင့်-ဒေါ်ဆွေဆွေသန်း၊ (ဦးသန်းထွဋ်)-ဒေါ်ခင်မိုးခိုင် တို့၏ဖခင်၊ ဒေါ်လှဲ့လှဲ့ဦး [လ/ထ ကထိက ၊ ငြိမ်း)နည်းပညာ တက္ကသိုလ်၊ မှော်ဘီ] ၊ ဦးခင်မောင်စိုး၊ ဦးညီညီစိုး(တရားသူကြီး၊ မွန်ပြည်နယ် တရားလွှတ်တော်)-ဒေါ်ကူးမာသွင်တို့၏ဘကြီးသည် ၂၈-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၁)သို့ လှူဒါန်းပြီး ဖြစ်ပါသည်။)

ကျန်ရစ်သူမိသားစု

ဦးတင်အောင် (သုံးဆယ်မြို့)

အကောက်ခွန်ဦးစီးဌာန

အသက်(၉၃)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ အနန္တ သုခလမ်း၊ အမှတ် ၁၈၈နေ ဒေါ်အေးအေးသန်း(အကောက်ခွန်/ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ မဇာဖြူဝင်း(CSI) ကိုဖြိုးထက်အောင်-မရည်လှဲ့ဝင်း၊ ကိုသီဟဝင်းမောင်(JTI)၊ မသူသူအောင်(Lotte Hotel)၊ အိမ့်ကြေးမုံထွဋ်တို့၏ အဘိုး၊ ဇေယျနေ၊ ဆုလာဘ်နေ ၊ သက်တန့်အိမ်၊ ဣန္ဒြေမေ၊ ဘုန်းခန့်တည်၊ စွမ်းရည်ထွေး၊ ဘုန်းမြတ်ထည်တို့၏ ဘိုးဘိုးကြီးသည် ၂၈-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၁) သို့ လှူဒါန်းပြီးဖြစ်ပါသည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းမြင့်မောင်(စာရေးဆရာ နှမ်ဂျာသိုင်း)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ် (၁၆၆)၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏနေ ဦးဝင်းမြင့်မောင်(စာရေးဆရာ နှမ်ဂျာသိုင်း)သည် ၂၇-၆-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁၂:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တာချီလိတ်မြို့နယ်စာရေးဆရာအသင်း

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၄)လမ်း၊ အပိုင်း(၃)၊ အမှတ်(၅၈၆) ရှိ မြေညီ+မှန်ခန်း(၂)ခန်းတွဲ(A+B)၊ အကျယ်အဝန်း (အလျား ၂၅xအနံ ၅၀)ပေရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှမြင့် ၁၂/သဃက(နိုင်) ၀၉၃၄၈၇ထံမှ ကျွန်ုပ်ဦးမြင့်သိန်း ၁၄/ငပတ(နိုင်) ၀၀၉၄၂၂က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန် ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့် ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးမြင့်သိန်း ၁၄/ငပတ(နိုင်) ၀၀၉၄၂၂

ဖုန်း-၀၉-၇၉၉၂၅၂၁၁၄၊ ၀၉-၅၀၈၈၂၂၇

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၃၀၁၁၇, JLM 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်သောင်း ၁၄/ဟသတ(နိုင်)၀၃၁၇၄၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟသ်ာတ)

သစ်တောသစ်ပင် ဒို့ချစ်ခင်

နှစ်စဉ် စိုက်ပျိုး အလှတိုး

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပြင်းထန်သည့် အီရန်၌ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန် စည်းကမ်းချမှတ်မည်

စာ » ၁၂

တောင်ကိုရီးယား၌ အားကစားပြိုင်ပွဲများတွင် လူဦးရေကန့်သတ်ချက်ဖြင့် ကျင်းပသွားမည်

စာ » ၁၃

နိုင်ငံတကာပုံမှန်ခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာ ပုံမှန်ခရီးသည်တင်လေကြောင်းခရီးစဉ် (International Commercial Passenger Flight) များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel) ၏ သက်ရောက်မှုကာလကို COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၆-၂၀၂၀) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်ရေးနှင့် နိုင်ငံတော်နှင့် ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ အမှန်တကယ် လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ လာရောက်ရေးကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ညှိနှိုင်းမှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါ Temporary Measures ဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၁-၇-၂၀၂၀) ရက်နေ့မှ (၃၁-၇-၂၀၂၀) ရက်နေ့အထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇွန် ၂၈

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့်ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ စင်ကာပူနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၄ ဦးတို့အား စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စာမျက်နှာ ၁၀ ကော်လံ ၅ ❋

ထန်တလန်မြို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးပညာပေး

ထန်တလန် ဇွန် ၂၈

ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် စတုတ္ထတန်းသင်ရိုးသစ်သင်တန်း တက်ရောက်နေကြသည့် မူလတန်းပြ ဆရာ၊ ဆရာမများအား ကျောင်းဖွင့်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ ပိုမိုသိရှိနိုင်ရေး ရည်ရွယ်၍ ကျန်းမာရေး အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်း၌ ကျင်းပသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းပွားနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းဖွင့်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်မည့် နည်းလမ်းများ၊ ရောဂါကူးစက်နိုင်သည့်အခြေအနေ၊ နှာခေါင်းစည်းများ၊ မျက်နှာကာများ စနစ်တကျ တပ်ဆင်အသုံးပြုနည်း၊ ကျောင်းသား ကျောင်းသူများအား ကိုယ်အပူချိန် စာမျက်နှာ ၁၀ ကော်လံ ၅ ❍

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ » ၁၆

အင်္ဂလန်အက်ဖ်အေဖလား ကွာတားဖိုင်နယ် အာဆင်နယ်နှင့် မန်ယူအနိုင်ရ

အင်္ဂလန်အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ဇွန် ၂၈ ရက် ညနေ ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် ရှက်ဖီးလ်ယူနိုက်တက်နှင့် အာဆင်နယ်ပွဲစဉ်တွင် အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုး ဖြင့် အာဆင်နယ်အသင်း အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းပွဲစဉ်တွင် အိမ်ရှင် ရှက်ဖီးလ်အသင်းသည် ၃-၅-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည်အာဆင်နယ်အသင်းသည် ၃-၄-၃ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းပွဲချိန် ၂၅ မိနစ်တွင် အာဆင်နယ်အသင်း ပယ်နယ်တီကန်ခွင့်ရကာ တိုက်စစ်မှူး နီကိုလက်စ်ပီပီက အမှားအယွင်းမရှိ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ရှက်ဖီးလ်အသင်း တိုက်စစ်မြှင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၈၇ မိနစ်တွင် မက်ဂိုဒရစ်က ချေပဂိုးသွင်းယူကာ ပွဲပြီးခါနီး ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာခဲ့သည်။ ပွဲချိန် မိနစ် ၉၀ တွင် လူစားဝင်ကစားသမား ဆီဘဲလ်လို့စ်က အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးသွင်းယူကာ နောက်တစ်ဆင့် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။ ယင်းပွဲတွင် နှစ်သင်းစလုံး တန်ပြန်တိုက်စစ်များ ယှဉ်ပြိုင်ခဲ့ကြပြီး အာဆင်နယ်သည် ဘောလုံးပိုင်ဆိုင်မှုအနည်းငယ် အသာစီးရရှိခဲ့၍ ဂိုးကန်သွင်းခွင့် ၁၀ ကြိမ် ရရှိကာ သုံးကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင်ရှက်ဖီးလ်သည် ဂိုးကန်သွင်းခွင့် ၁၂ ကြိမ်အထိရရှိခဲ့ပြီး ငါးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ◆